


www.burmeseclassic.com
အလွမ်းနဲ့ မဆုံးချင်ဘူး
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

သျှင်မ

# အလွမ်းနဲ့မဆုံးချင်ဘူး

(အချစ်မေတ္တာဘွဲ့လုံးချင်းသန့်သန့်)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၂၀၃၂၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၃၇၀၁၀၉

**ထုတ်ဝေခြင်း**

၂၀၀၉-ခုနှစ်၊ မေလ ၊ ပထမအကြိမ်

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၁၀၀)ကျပ်

**ထုတ်ဝေသူ**

ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)(၀၉၁၀)

အမှတ် (၁၁၁) ၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဒေါ်အိမွန်သက်လွင် (သစ္စာမွန်ပုံနှိပ်တိုက်)

အမှတ် (၁၀၆) ၊ တာမွေကြီး (က+ဂ)ရပ်ကွက်

**မျက်နှာဖုံးပန်းချီ- ဦးအောင်လွင်**

ကွန်ပျူတာ - ပန်းအိစံ

ဖြန့်ချိရေး - မြတ်မာမာမင်း၊ မင်းလေး၊ အေးအေးအောင်

အတွင်းဖလင် - ကိုအောင်ကျော်

စာအုပ်ချုပ် - သစ္စာမွန်

သစ္စာမွန် (T.S.M) Publishing Center မှ

တာဝန်ယူစီစဉ်ပါသည်။

## အခန်း ⏩ ၁ ⏪

"ကကာ လာပြီဟ"

"မဟုတ်ဘူး၊ ငါ့မှာ ကားပါတယ်"

"ခစ်… ခစ်"

ရောင်စုံမီးလုံးလုလုလေးတွေကြားက ကွေ့ပတ်လျှောက်လာစဉ် စားပွဲတစ်လုံးက အသံလေးတွေ ထွက်လာသည်။

'ကကာ'က ဘောင်းဘီထဲ လက်နှိုက်လျှောက်ရင်း လှည့်မကြည့်ဘဲ ပြုံးလိုက်သည်။

"တွေ့လား၊ ကကာဆိုပေမယ့် အတွေးမမှားနဲ့နော်၊ တကယ့် High Star"

သူ့နောက်ပါးမှ မစဲသော ရယ်သံတွေ ကပ်ပါလာ၏။

'ကကာ' ဆက်လျှောက်လာခဲ့သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com



"ဟော… သားလေးလာပြီ၊ အပါရေ… ကက လာပြီ သားရဲ့"

မွေးနေ့ရှင်နေရာမှာ အပါမရှိတော့ ကက,က နှုတ်ခမ်းမဲ့၍ ပြုံးသည်။ မွေးနေ့ကိတ်ကြီးနဲ့ လှပစွာ ပြင်ဆင်ထားသည့် စားပွဲ ရှည်ကြီးရဲ့တစ်ဖက်မှာ 'အပါ'မှလွဲ၍ နှစ်ဖက်မိဘ အစုံရောက်ကြပြီးပြီ။

သူ့စားပွဲနဲ့ ဝါးတစ်ရိုက်လောက်အကွာကျမှ မိုးပေါ်က ကျလာသလို ဘွားခနဲ ပေါ်လာသည့်အပါက သူ့ကိုလှမ်းကြည့်၍ ပြုံးပြ၏။

"ငါက ဘယ်တော့မှ သူများကိုမစောင့်ဘူး၊ ငါ့ကိုပဲ သူတို့စောင့်ရမယ်"

အပါ့နှုတ်ခမ်းများကိုကြည့်၍ မပြောသော်လည်း ပြောခဲ့ဖူးသည့်စကားများကို ကက သတိရသည်။

စားပွဲရဲ့တစ်ဖက်စီမှာ အကွာအဝေးအတူတူဆီမှ လျှောက်လှမ်းလာကြသော အပါနဲ့ ကကကိုကြည့်၍ လူကြီးတွေက ပြုံးနေကြ၏။

တစ်ယောက်က အဖြူရောင်အနောက်တိုင်းဝတ်စုံနှင့်၊ တစ်ယောက်က အနက်ရောင်ဝတ်စုံ…

တစ်ယောက်က ဆံပင်ရှည်ဂုတ်ထောက်၊ နီရွှေသော အရောင်နှင့်။ တစ်ယောက်က နက်နေသော ဆံပင်တိုတိုကို





နဖူးလှန်ဖြီးလျက်….

ကကနဲ့ အပါတို့ရဲ့ ထူးခြားချက်က မိခင်တစ်ဦးစီမှ ပေါက်ဖွားထားသည်ဖြစ်ပါလျက်နှင့် ရုပ်၊ အသံ အရုပ်အမောင်း ကအစ အတော်ကြီးဆင်တူနေတာ ဖြစ်လေသည်။

သို့သော်… နှစ်ယောက်က မျက်နှာချင်းဆိုင်လို့မရ။

"ကဲ… လာကြပါ သားတို့ရယ်၊ တစ်ရက်တည်း၊ တစ်ချိန်တည်းမှာမွေးပြီး နှစ်တိုင်းမွေးနေ့အတူလုပ်လာခဲ့တာ၊ လုပ်တိုင်း 'ဘယ်တော့မှစိတ်အေးရတယ်မရှိဘူး၊ နောက်ကျလည်း အတူတူ၊ စောလည်းအတူတူ၊ လူကြီးတွေ ရင်မောတာပေါ့"

"လာလေ သားရဲ့၊ ဒီဘက်ကို"

မွေးနေ့ကိတ်က နှစ်ခု…

ဖယောင်းတိုင် ဘာညာ အားလုံးပြင်ပြီးနေပြီဖြစ်ကာ ပရိသတ်ကလည်း အဆင်သင့်ဖြစ်ပြီ။

စားပွဲရဲ့တစ်ဖက်တစ်ချက် မျက်နှာချင်းဆိုင်ရပ်လိုက်ပြီးမှ 'ကက' က စားပွဲကို ကွေ့လျှောက်ကာ အပါ့ဘေးမှာ ဝင်ရပ်သည်။

"ကဲ ကဲ… ဆုတောင်းကြရအောင်ကွယ်"

ဖယောင်းတိုင်တွေ သူတို့ထွန်းကြတော့ စားပွဲတစ်ချို့မှ ကောင်လေးတွေက လာကာ ကူညီပေးသည်။

www.burmeseclassic.com



နှစ်ယောက် လက်အုပ်ချီ၍ ဆုတောင်းကြတော့ အားငုံး တီးတိုးဆုတောင်းပေးကြသည်။

ပြီးတော့ ဖယောင်းတိုင်တွေကို မှုတ်ဖို့အရေး တစ်ယောက်ကိုတစ်ယောက် ငဲ့ကြည့်ကြသေး၏။

မီးတောက်လေးတွေ ပျောက်ကွယ်ကြကုန်သော်...

"ဟေး"

လက်ခုပ်သံတွေ ဆူညံသွား၏။

"ပါမောက္ခကွ"

"ကထိကကြီးအသက်ရာကျော်ရှည်ပါစေ"

"ပါမောက္ခ မိန်းမချောချောလေးနဲ့ရပါစေ"

လက်ခုပ်သံတွေနှင့်ရောကာ ဆုတောင်းသံတွေ ဝေစီသွားသည်။ မွေးနေ့ဧည့်ခံပွဲတစ်ခုလုံးက လူငယ်တွေ ထလာကာ အပေါနဲ့ 'ကက' ကို မွေးနေ့လက်ဆောင် အနမ်းတွေ ပေးကြ၏။

"ကက" မျက်နှာကိုကြည့်ကာ အပေါ ရှုံ့မဲ့၍ သူ့ပါးသူပြန်စမ်းရင်း လက်နဲ့ပွတ်သုတ်ပစ်၏။

"ကက"ကတော့ နှုတ်ခမ်းအရာပေါင်း များစွာစွန်းထင်း ကျန်ခဲ့သော ပါးပြင်နီနီကို တစ်ချက်စမ်း၍အပြုံးမပျက် ရှိလေသည်။

ရွဲ့တတ်သည့်အပေါ့လက်ထဲကို အစ်မဖြစ်သူ မေရီစိုးက





လက်ကိုင်ပဝါလေးလာထည့်ပေး၏။

စေးကပ်ကပ် နှုတ်ခမ်းနီတွေကို အပေါက လက်ကိုင်ပဝါနဲ့ပွတ်ချ၏။ နောက်ထပ်ကျရောက်ထိကပ်လာနိုင်သည့် နှုတ်ခမ်းတွေကို ရှောင်ရှားကာ အပေါ စားပွဲနဲ့ခပ်လှမ်းလှမ်းကို ဆုတ်ရပ်လိုက်သည်။

မိန်းကလေး အတော်များများဟာ မင်းသားအကယ်ဒမီယူနေသလို ကဲကဲသည်းသည်းဖြစ်နေကြ၏။

ကက အပေါ့ကိုလိုက်ရှာပြီး...

အပေါက နောက်ဘက်မှာအရှောင်ကောင်းကောင်းနဲ့ နေတာမြင်တော့ သူ့ဒေါသဖြစ်သွားသည်။

"ကဲ ကဲ.... သားတို့မွေးနေ့လက်ဆောင်တွေ လဲကြလေ"

"သားကဘာဝယ်လာလဲ၊ အမေ မဝယ်လာပါနဲ့၊ ကိုယ်ကြိုက်တာ ကိုယ်ဝယ်ချင်လို့ပါဆိုပြီး ဘာပေးမှာလဲ"

မအေနှစ်ယောက်က သားတွေကိုကိုယ်စီမေးကြသည်။

အပေါက ရှေ့ပြန်လျှောက်လာ၍ အင်္ကျီအိတ်ထဲကို သက်နိုက်သည်။

"မင်းထုတ်လေ"

"မင်းထုတ်ပါ"

"ကဲ... ပြိုင်တူထုတ်လိုက်ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်နားမှာ နှစ်ဘက်မိသားစုတွေနဲ့ ညှော်သည်တွေ ဝိုင်းဝိုင်းလည်နေသည်။

အပါက ကကကိုကြည့်၍ ပြုံး၏။

ကက က မျက်ခုံးတွန့်၍ ပြန်ကြည့်နေသည်။

ပါမောက္ခက သွေးအေးသည်။

ဘယ်လိုကိစ္စပဲဖြစ်ဖြစ် လူစိတ်ဝင်စားအောင် ညှိပြီးမှ နိုင်းခနဲ လုပ်ပြတတ်တဲ့သူ…

ကက ကစိတ်မြန်လက်မြန်သမား၊ ဖွဲ့နွဲ့သိုင်းဝိုင်းတာလည်း ဝါသနာမပါ။

အပါနဲ့ဆို တတ်နိုင်သမျှ မပြောဆိုချင်တာ အဲဒါကြောင့်ပဲဖြစ်သည်။ နှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကက ကနှုတ်ခမ်းတွန့်ရုံလေးပြုံးလိုက်ပြီး

"ဒီနှစ်မွေးနေ့တည်ရာကျတာက မင်းအိမ်မှာဆိုတော့ ငါက လာရတဲ့အနေနဲ့ ငါက အရင်ထုတ်ပါ့မယ်၊ ဒီမှာ ရော့"

သူ့ရဲ့အနက်ရောင်ကုတ်အင်္ကျီမှ အနီရောင်ဘူးလေး တစ်ဘူးထုတ်ယူသည်။

ဘူးလေးက အဖုံးမှာ အပေါက်ဝိုင်းလေး သုံးပေါက်ပါသည်။

အပါက ကကပေးသည့် ဘူးလေးကို လက်ဝါးပေါ်





တင်၍ စူးစိုက်ကြည့်သည်။ ပြီးတော့ လွတ်ခနဲပြုံး၍ ပခုံးတွန့်ရယ်သည်။

"ငါသိတယ်၊ ဒါပေမယ့် အားလုံးမြင်အောင် ဖွင့်ပြလိုက်ပါ့မယ်"

အပါက အေးဆေးစွာပြုံး၍ ဘူးအဖုံးကို အသာဖွင့်လိုက်၏။ အားလုံး ဝိုင်းကြည့်ကြသည်။ ရှေ့ဆုံးကလူတွေက အရင်မြင်၏။

ခစ်ခနဲ ရယ်သံတွေ ထွက်လာသည်။

"ဟယ်"ဆိုသောအာမေဋိတ်စကားတွေကြားရ၏။

နောက်ကလူတွေ ခြေဖျားထောက်ကြည့်ကြသော်…

ဘူးထဲမှာ ဖားပြုတ်လေးတစ်ကောင်က မျက်လုံးဝေးပြူး ဆောင့်ကြောင့်ထိုင်လျက်…

"ဟား ဟား ဟား ဟား"

"ခစ် ခစ် ခစ်"

"သားကတော့ကွယ်"

ကကရဲ့မေမေ ဒေါ်သူရာက ပြုံးမဲ့မဲ့ကြီးဝင်ပြောသည်။ အားလုံးရယ်လို့မဆုံး ရှိကြပေသည်။ အပါနဲ့ ကက၊က နှုတ်ခမ်းစေ့ပြုံး၍ တစ်ယောက်ကိုတစ်ယောက်ကြည့်နေလျက်။

"မင်းက ရင်ခွဲရမယ့်ကောင်ပဲ လိုအပ်တယ်ဖဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက်ကွက်လပ်မရှိပါဘူး၊ ရှိခဲ့ရင်လည်း ဒါကို သူများ ဖြည့်ပေးစရာမလိုဘူး"

အပါက အပြုံးမပျက်ပြော၍ ကုတ်အင်္ကျီအဖြူအိတ်ထဲကို လက်နှိုက်လိုက်သည်။ သူ့လက်ထဲမှာ ဖြူစွတ်စွတ် ဖိုင်ဘာဘူးလေးတစ်ဘူးပါလာ၏။

ကက,ကလှမ်းယူကာ လက်ဝါးဖြန့်၍ဘူးကို တစ်ချက်ကြည့်ပြီးမှ တစ်ဖက်ကဘူးအဖုံးကို ဖွင့်လိုက်သည်။

"အဲတော့"

"ချစ်စရာလေး"

အားလုံး အံ့လည်းအံ့သြ၊ ရယ်လည်း ရယ်ကြ။

ဘူးထဲမှာ စတီးရောင် ဖိတ်ဖိတ်သက်နေသော အလွန်သေးငယ်သည့် ပလာယာလေးတစ်ခု။

ကကကိုယ်တိုင် သဘောတကျ ဟက်ခနဲရယ်လေသည်။

"ချောင်နေတာတွေ ကျပ်ထားလိုက်ပေါ့၊ ဒါ မင်းသုံးသွားရမယ့်ပစ္စည်းပဲ ဟုတ်တယ်မဟုတ်လား"

ကက ကရယ်၍

"သိပ်ကျပ်နေတာကိုလည်း ဖြုတ်ပစ်နိုင်တယ်၊ ငါလိုလားစွာ လက်ခံပါတယ်"

ပါမောက္ခ ခေါ် အပါ...





ဆံပင်ရှည်ရှည် နီရွှေအဆင်းနှင့် သူ့လက်ထဲမှာဖားကလေး။

ကထိက ခေါ် ကက...

ရှင်းသန့်ခန့်တည်နေသည့် သူ့လက်ထဲမှာ ပလာယာလေးတစ်လက်။

တစ်ယောက်က ဆေးကျောင်းသားမို့ ရင်ခွဲဖို့ ဖားကိုပေးသည်။

တစ်ယောက်က အင်ဂျင်နီယာလောင်းမို့ စက်ပြင်ဖို့ ပလာယာကိုပေး၏။

"အမလေး... ထူးဆန်းလိုက်တဲ့ လက်ဆောင်တွေ"

"သူတို့ အဲသလို ထင်သလိုလုပ်ချင်ကြလို့ ကျွန်မတို့ကို လက်ဆောင်ဝယ်မလာနိုင်းတာ မသူရဲ့"

"ဟုတ်တယ် ဟုတ်တယ်"

"အပါ... အပါပေးတဲ့လက်ဆောင်လေးက ချစ်စရာလေး"

ထက်မြတ်နွယ်က အပါ့လက်မောင်းကိုလှမ်းကိုင်၍ ချစ်စဖွယ်စကားပြောသည်။

"အမယ်... ကိုကပေးတဲ့ဖားလေးက ပိုစိတ်ဝင်စားစရာကောင်းတာ၊ အရမ်းရယ်ရတာပဲ"

"သိပ်ရှုပ်တဲ့ကလေးတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲလေ"

"ဟား ဟား"

"အပါကြီး…ငါတို့ကို ဘာလက်ဆောင်ပေးမှာလဲ"

"အပါရေ… ငါတို့တွေ မင်းတို့လက်ဆောင်ကို ထကြည့်နေရတာ ဗိုက်တွေချောင်ကုန်ပြီ၊ နောက်တစ်ပွဲဟော့"

ညှော်ခံပွဲက စည်ကားစိုပြေနေသည်။

ယောကျ်ားလေး သူငယ်ချင်းတွေရော၊ မိန်းကလေး တွေပါ ဝိုင်းဝိုင်းလည်နေသည်။ အများကြားမှာ ပါမောက္ခနဲ့ ကထိက,က မင်းသားနှစ်ပါးလို ထင်းလင်းနေသည်။

ဣန္ဒြေလေးနဲ့ နေသူတွေရော၊ ဣန္ဒြေမဆယ်နိုင်အောင် သဘောကျနေကြတဲ့သူတွေရော။

မိန်းကလေးတွေ ဝိုင်းဝိုင်းလည်… ပါမောက္ခနဲ့ ကထိကရဲ့ မျက်ဝန်းများက ဘယ်မိန်းကလေးမျက်နှာပေါ်မှာမှ မရှိ။

* * *



## အခန်း » ၂ «

ဆိုင်ကယ်သံဝေါခဲ့ကြားတော့ ကထိက ခေါင်းထောင် ကြည့်သည်။ ပြီးတော့ မျက်လုံးတွေပြန်မှိတ်၍ ဒရင်းဘက် ပေါ်မှာ ခေါင်းပြန်တင်၏။

"ကက"

"ဘာတုန်း"

မျက်လုံးမဖွင့်ဘဲပြန်ထူးသည့် ကကကို အပါက ဆိုင်ကယ်ပေါ်ကမဆင်းဘဲလှမ်းကြည့်၏။

ခြံထဲမှာ လေညှင်းခံနေတာမျိုးလည်းမဟုတ်၊ တိုက်ထဲ မှာလည်း မနေ။

တိုက်ရဲ့ထောင့် အပေါ်အောက် အကာအရံမဲ့လျက်၊ သိပ်အပူမပြင်းသော်လည်း ပူနေသည်ဖြစ်သောညနေ နေခြည် ဖြာကျနေသည့်အောက်မှာ လရေချိုးနေသည့်အတိုင်း။

"ကက"



www.burmeseclassic.com

www.burmeseclassic.com



“ဘာတုန်းကွာ၊ ထူးနေသားနဲ့”

“ကြားတယ်၊ မင်းအသံကြားချင်လို့ ခေါ်တာမှမဟုတ်တာ”

“ဘာလုပ်ဖို့လဲ”

“သွားမယ်”

“ဘယ်လဲ”

“မင်းထလာခဲ့စမ်းပါ”

“ပြောပါဆိုမှ”

“မလာဘူးလား”

“စဉ်းစားဦးမယ်”

“ကောင်းတယ်၊ အချိန်တွေ အများကြီးရှိတာပဲ”

အပါက ကက်နားမှကပ်၍ဆိုင်ကယ်ကို ဝိုက်ကွေ့သည်။ ကက,က နားက နားကျပ်ကိုဖြုတ်၍ ထရပ်လိုက်၏။

အပါက နောက်တစ်ပတ် ပြန်ပတ်လာတော့ ကက်ဆက်လေးကိုပါ ဘောင်းဘီအိတ်ထဲထည့်၍ နောက်က ခွထိုင်လိုက်သည်။

ဆိုင်ကယ်က ဝေါခနဲ ဆောင့်ထွက်သွားပါသည်။

“ဘယ်လဲ”

“ဟိုရောက်တော့ သိမှာပေါ့”

“မင်း တော်တော်သူများစိတ်ဆင်းရဲအောင် လုပ်





တဲ့ကောင်”

“မင်းသိပါတယ်”

“နိုက်ကလပ်ကို ဒီအချိန်ကြီး ဘာသွားလုပ်မှာလဲ”

အပါက ပခုံးတစ်ချက်တွန့်၍ တဟားဟားရယ်သည်။

“လေးစားတယ်ကွာ၊ မင်းတော်တယ် ကက၊ ပြောချလိုက်တာ တန်းနေပဲ”

ဆိုင်ကယ်ကမီးပွိုင့်မှာ အရှိန်လျှော့ ရပ်တန့်သွား၏။

“ငါတော်တာ မဟုတ်ပါဘူး၊ မနက်က အန်တီဖုန်းဆက်တယ်၊ မမစိုးရဲ့ မင်္ဂလာညှော်ခံပွဲမှာ မြန်မာ့ဂီတဝိုင်းနဲ့ညှော်ခံဖို့ကိစ္စလေ၊ အခု မင်းထွက်လာတယ်၊ အန်တီခိုင်းတဲ့ကိစ္စတွေ ဘာတွေကျမှ မင်းကငါ့ကိုသတိရတဲ့ ကောင်ပဲ၊ ငါဆွဲစေ့ကြည့်တာပေါ့”

“ဒါလည်းတော်သေးတာပဲ”

“ဒါထက်တော်တာပေါ့၊ မင်းခုနေသွားရင် ကိန္နရာမလေးနဲ့ တွေ့မယ်၊ ဒါပေမယ့် မင်းမေဓာဝီနဲ့ပဲအဆင်ပြေမှာပါ”

“ဆက်စမ်းပါဦး”

“ကိန္နရာက အသက်နည်းနည်းကြီးတယ်၊ မေဓာဝီက ငယ်တယ်၊ ချောတယ်၊ စောင်းတီးသိပ်တော်တယ်၊ မင်းလည်း သဘောကျတယ်”

“နိုး..အဲဒါလုံးဝ ပြုတ်ကျသွားပြီ၊ မင်းညံ့တယ်”



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်က မီးပွိုင့်စိမ်းသွားသည်နှင့် ငြိမ်ငြိမ်လေး ထွက်သည်။

''မိတ်ကပ် နှုတ်ခမ်းနီ မျက်နှာပေါ်တင်တဲ့ မိန်းမဆို ငါ ဘယ်သူ့မှစိတ်မဝင်စားဘူး''

''ခုခေတ်မှာဘယ်မိန်းမမှ မိတ်ကပ်မလိမ်းတာ မရှိဘူး''

''ဘယ်မိန်းမမှမကြိုက်ဘူး''

''မင်းကပုံတုံးကြီးကိုသဘောကျသလား''

''ထပ်ညွှန့်သွားပြန်ပြီ၊ အဲဒါကြောင့် မင်းကို ငါ ပလာယာပေးတာ၊ ချောင်နေတာတွေ ဘာဖြစ်လို့မကျပ်သေးတာလဲ''

ကက ငြိမ်သွားသည်။

တအောင့်ကြာအောင် တိတ်သွားပြီးမှ···

''မိန်းမဆိုတာလုဖို့လိုတယ်ကွ''

''ဒီအတိုင်းလှတဲ့မိန်းမ မရှိတော့ဘူးဆိုရင် လူပျိုကြီး လုပ်မယ်''

''ကျိန်းသေတာပေါ့''

''ဟား ဟား ဟား''

* * *



# အခန်း ›› ၃ ‹‹

''အပါ····အပါ····''

''ဘာအပါလဲ တစ်အပါလား နှစ်အပါလား round လိုက်ရင် ဆယ့်ကိုးကွက်ရှိတယ်၊ ဘယ်လောက်ဖိုးအောမလဲ''

''အရေးထဲ ဒီနှစ်လုံးရှုးက တစ်မျိုး''

ခင်မောင်မောင်က ကျော်ထင်ပခုံးကို တွန်းဖယ်ပစ်၍ အပါကိုလက်တို့ ရှေ့တည့်တည့်ကို မေးငေါ့ပြကာ····

''ဟိုမှာ ရွှေစင်ကျော့မှုံးကွ၊ မင်းဆီကိုလာတာ၊ ငါတို့ ဖယ်ပေးရမလား''

အပါက ပီကေကို ပါးစပ်ပိတ်ဝါးရင်း ရှေ့ကိုလှမ်းကြည့်သည်။ ကီမိုနိုထမီအနီပွင့်၊ ရှန်နီရဲရဲ ရင်စေ့လက်ရှည်ကို ဝတ်ထားလျက်၊ တင်ပါးထိရှည်သော ဆံနွယ်ညိုကြီးများကို ဖြန့်ချထားကာ နီရဲနေသော ဖေါက်မြင့်ဖိနပ်အမြင့်ကြီးနှင့် လမ်းလျှောက်ပုံက ခါးမတ်၍နွဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖျားခတ်ဝဲခါနေသည့် ဆံပင်အဖျားလေးတွေက လှ၏။ ဘယ်လိုပဲကြည့်ကြည့်၊ ဘာမှပြောစရာမရှိအောင် လှသည်။ ရွှေစင်ကျော့မှူး ပါးမို့လေးတွေရဲနေတာ၊ နှုတ်ခမ်းပါးလေးအစုံ စိုလက်နေတာကအစ၊ မျက်ခုံးတန်းလေးတွေနက်နေတဲ့အဆုံး… ပြင်ဆင်ခြယ်သထားမှန်းမသိလောက်အောင် မွတ်ညက်ကာ ပြေပြေလေးနဲ့ ကြည့်ကောင်းနေသည်။

စာအုပ်ကလေးပိုက်၍ ရောက်လာတော့ ကျော်ထင်တို့က ဘေးဖယ်ပေးကြသည်။

ရွှေစင်ကျော့မှူးခေါ် ကျော့မှူးဆိုသည့် ကျောင်းသူတစ်ယောက်ဟာ အရာရာပြည့်စုံ၍ မာန်ဝင့်နေတတ်သမျှ အပ့်ါအပေါ်မှာ သိသာထင်ရှားသော လိုက်လျောခင်မင်မှုများ ပေးနေတတ်တာ နီးစပ်သမျှ အားလုံးသိပြီးသား။

"အပါ… တို့ ခဏထိုင်လို့ရမလား"

"ထိုင်လေ"

အပါ့နားမှာ ကျော့မှူး ဝင်ထိုင်လိုက်သည်နှင့် ကျော်ထင်တို့ အလှို့ အလှို့ ထထွက်သွားကြလေသည်။

"အပါကို ကျော့မှူး မေးစရာရှိလို့"

"ဘာလဲ"

"မေရီစိုးက အပါ့အစ်မဆို"

"အင်း"





"သူနဲ့လက်ထပ်မယ့် သူရဇင်ဆိုတာ ကျော့မှူးရဲ့ အစ်ကိုဝမ်းကွဲလေ"

"ဟုတ်လား"

"အင်း… အပါလည်း သိမှာမဟုတ်ဘူးနော်၊ ကျော့မှူးတောင် ညကမှသိတာ အရမ်းအံ့သြသွားတာပဲ သိလား၊ တိုက်ဆိုင်လိုက်တာနော်"

အပါက ပီကေကို ဖူးခနဲမှုတ်ထုတ်ပစ်လိုက်ပြီး

"ဒါဆို ကျော့မှူးကို တို့က ဖိတ်ဖို့မလိုတော့ဘူးပေါ့"

"ဖိတ်ဖို့ရောအစက စိတ်ကူးရှိလို့လား"

"စိတ်ကူးမရှိပေမယ့် ခုလိုဆုံရင် ပြောဖြစ်မှာပါ၊ ပြောဖြစ်သွားတဲ့အခါ ဖိတ်စာရောက်မှာပေါ့"

"ကိုဇင်က ကျော့မှူးကို အကူအညီတောင်းထားတယ် သတို့သမီးအရံ လုပ်ပေးဖို့လေ"

"ဟုတ်လား"

အပါက အင်းပဲလိုက်နေသည်မှလွဲ၍ စိတ်ဝင်စားပုံမပေါ်။

"အပါရော သတို့သားအရံလုပ်ဖို့ စိတ်မကူးဘူးလား"

"လုံးဝမကူးဘူး"

အပါ မျက်နှာတင်းခနဲဖြစ်သွားတာကို ကျော့မှူးက



www.burmeseclassic.com

www.burmeseclassic.com



နားလည်သလိုလေး စိုက်ကြည့်သည်။

"မစိုးမင်္ဂလာဆောင်ကို တို့က စိတ်ကိုမဝင်စားဘူး၊ ကျော့မှူးက သတို့သမီးအရံ လုပ်ပေးမယ်ဆိုတာကိုတော့ ကျေးဇူးတင်ပါတယ်"

ကျော့မှူးက အပါ့ကို ငေးကြည့်နေဆဲ…

"အပါ… အပါက တစ်မျိုးပဲနော်၊ အပါ့စိတ်ကို တို့ ခန့်မှန်းလို့ကိုမရဘူး"

"ပင်ပန်းပါတယ်၊ တို့ကတော့ သူများကို နားလည်ဖို့ မကြိုးစားဘူး"

"အမြဲတမ်း အဲဒီလိုဖြစ်ပါ့မလား အပါ၊ တကယ်လို့ အပါ ချစ်သူတွေလာတဲ့အခါ သူ့အပေါ်… အဲ… အနည်းဆုံး ငါ့ကိုချစ်ပါ့မလား၊ ဘာညာလောက်တော့ နားလည်ဖို့လိုမှာ ပေါ့"

အပါက ပြုံး၍ လှည့်ကြည့်သည်။

"အဲဒီအထိကို မလိုသေးဘူး၊ တို့က အချစ်ကိုပဲယူမှာ သူ့အချစ်ကိုယူဖို့အတွက် ကိုယ့်မှာ အချစ်ရှိဖို့ပဲလိုတယ်၊ ခုချိန်ထိ တို့မှာ အချစ်မရှိဘူး"

ကျော့မှူး ယဲ့ယဲ့လေးပြုံး၍ မျက်လွှာချသည်။

အချစ်က ဘယ်မှာ အိပ်ပျော်နေခဲ့သလဲ။

* * *

သစ္စာမွန်စာပေ

## အခန်း ⏩ ၄ ⏪

"ဇာတ်လမ်းဟောင်းကြီးပါမေမေရာ…စိတ်ဝင်စား စရာလုံးဝမရှိဘူး"

"ဒီနေ့ထိ ဇာတ်လမ်းသစ် ကတဲ့သူ ဘယ်သူရှိလို့လဲ သား၊ သားသမီး အချိန်တန်အရွယ်ရောက်လာရင် မိဘက ထုံးစံအတိုင်း ထိမ်းမြားပေးရတာပဲ"

"မေမေတို့ ပေးစားတာကြီးကို ဘာလုပ်ရမှာလဲ မေမေ၊ ကျွန်တော် ရင်မခုန်တတ်သေးဘူး"

"သားရယ် စိတ်ကူးယဉ်မနေစမ်းပါနဲ့၊ မေမေက ကြည်း ခုချက်ချင်း လက်ထပ်ရမယ်လို့ပြောတာမှ မဟုတ်ဘဲ၊ သား ကျောင်းပြီးမှပါ"

"ကျောင်းပြီးဖို့က လပိုင်းပဲလိုတော့တာလေ"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ… ရှစ်လကြီးတောင် လိုသေးတဲ့ဥစ္စာ၊ သားတို့ချင်း ချစ်ခင်ရင်းနှီးအောင် ကြိုးစားဖို့ အများကြီး အချိန်ရပါတယ်"

"ကိုယ်ယူရမယ့် မိန်းမနှမ်းသိနေလို့ ကြိုးစားယူရမှာက ဝေိရည်ပန်းကန်ရှေ့ချပြီး ကြက်သားကြော်ကြီးဟာ၊ ငါးသလောက်ပေါင်းကြီးဟာနဲ့ စားချင်စိတ်ဖြစ်အောင် ကီးထည့်ကြည့်နေရတာနဲ့ မတူဘူးလား မေမေ"

'ကက' ကပေါင်မုန့်မီးကင်ကို ကော်ဖီထဲနှစ်၍ နှုတ်ခမ်းကို ပန်းကန်နားကပ်ပြီးမှ ပါးစပ်ထဲထည့်သည်။

ပေါင်မုန့်နှစ်ချပ်ကို ခဏလေးနဲ့ပါးစပ်ထဲရောက်အောင် ထည့်၍ ကော်ဖီကို မော့သောက်လိုက်၏။

သားဖြစ်သူကိုကြည့်၍ ဦးဟံရှင် မျက်မှောင်ကုတ်သွားသည်။

"သား…မင်း…ကလေးမဟုတ်တော့ဘူးနော် သားစားတာ ဣန္ဒြေမရဘူး"

"ကျွန်တော် ပေအောင်ကျံအောင် မစားပါဘူးဖေဖေ"

"ဟုတ်သားပဲ အစ်ကိုရယ်၊ သားက ပါးစပ်ထဲ မုန့်ထည့်ပြီးမှ ကော်ဖီမော့သောက်တာ ငယ်ငယ်ကတည်းက အကျင့်ကို"

"သား… ငယ်ငယ်က ချစ်စရာလေး၊ ကြီးတော့





ချစ်စရာမကောင်းတော့ဘူး၊ ငါဆုံးမရင် မင်းက ရှေ့က ဝင်ဝင်ပေါပါနဲ့"

ဒေါ်သူရာ ပါးစပ်ပိတ်သွားသည်။ ကက ကော်ဖီပန်းကန်ကိုချ၊ ခါးပြန်မတ်၍ မျက်နှာကို ကြည့်သလိုလုပ်နေ၏။

"စောစောက စကားကို ငါပြန်ဆက်မယ်၊ မင်းက ဆောင်းရွှေကို ဘာသဘောမကျတာ ရှိလို့လဲ"

"ကျွန်တော်သဘော မကျတာပြောရင် ငြင်းပယ်ခွင့်ပြုမှာလား"

"စဉ်းစားသင့်ရင် စဉ်းစားမှာပေါ့ကွ၊ မိန်းမယူဖို့အရေးအပြစ်ကို သန်းကြီးမရှာသလို ပြုူးပြဲရှာတာမျိုးကတော့ လက်ခံစရာလား"

ကက,က နှာခေါင်းတစ်ချက်တွန့်၍ ကော်ဖီပေါင်မုန့်တစ်ချပ်ထပ်ယူကာ ဒီအတိုင်းဝါးနေသည်။

"ပြောလေကွာ"

"မပြောတော့ပါဘူး"

"စေ့စပ်တာလက်ခံမယ်ပေါ့"

"ပါဝါ အာဏာတွေသုံးမယ်ဆိုရင် လက်ခံပါတယ်"

"ဟိတ်ကောင်… ငါ မင်းအဖေက ပါဝါ အာဏာသုံးချင်လို့ မင်းကိုမေးနေတာပေါ့"

www.burmeseclassic.com



ဒေါ်သကြီးတတ်သည့် ဦးဟံရှင် မျက်လုံးကြီးပြူးလာသည်။ ကက,က မျက်နှာငယ်လေးနှင့် ခပ်တည်တည် ပြန်ကြည့်ကာ····

''ဒေါက်ကြီးက အရမ်းမြင့်တယ်၊ ယောကျ်ားနဲ့ ပခုံးချင်းယှဉ်နေရင် ဘာလုပ်မှာလဲ၊ ရက်ရက်စက်စက် လှ အောင် ပြင်တယ်၊ ညားသွားရင် သူ့လက်သည်း ခြေသည်းတွေ ပါ ကိုယ်က ပြုစုပေးနေရဦးမယ်၊ အလုပ်က ဒု-ညွှန်မှူး ကျွန်တော်ကိုလည်း သူကချည်းညွှန်မှာ သေချာတယ်၊ အသက် သုံးဆယ်စွန်းတာနဲ့ ဆံပင်တွေ တစ်ချောင်းမှရှိမှာမဟုတ်တော ဘူး၊ မေမေ စဉ်းစားကြည့်လေ၊ အထက်ပါ အောက်ပါ အရည် အချင်းများစွာနဲ့ ဒီလောက်ပြည့်စုံနေတဲ့မိန်းမ၊ အဆိုးဆုံးက ကျွန်တော်ထက် အသက်ကြီးနေတာပဲ၊ သူ့ကိုယ်သူတော ဒီအသက် ဒီလောက်ပြောတာပဲ၊ ယူပြီးခါမှ သေခါနီးကြ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ မေမေတို့က ဒု-ညွှန်မှူးဆိုတ ဂုဏ်နဲ့ အပြင်ပန်းကြည့်ရင် နုနုငယ်ငယ်ပုံပေါက်နေတာ အိုကွေးရှင်းချပစ်လိုက်တာ၊ ကျွန်တော်က တစ်သက်လုံး ဒါကြ ရှိခွဲနေတာကို ထိုင်ကြည့်နေရမှာ''

သူ တောက်လျှောက်ပြောနေသမျှ ဦးဟံရှင် ကော်မီး နေသည်ကို ဒေါ်သူရာမြင်နေရကာ သားအဖနှစ်ယောက်ကြ မှာ စိတ်ညစ်နေမိသည်။





''ဟိုတစ်ခါ တွေ့ကြတုန်းက ကြည့်လေ၊ 'မင်း အနာဂတ်ကို ဘယ်လိုဖန်တီးမယ် စိတ်ကူးသလဲ' တဲ့၊ သူ့ နှလုံးသားဟာ တဒိတ်ဒိတ်ခုန်နေတာ မဟုတ်ဘူး၊ တချပ်ချပ် မြည်နေတာ နှလုံးသွေးမရှိဘူး၊ သချာတွေပဲရှိတာ၊ လုံးဝ မဖြစ်နိုင်ဘူး၊ လုံးဝစိတ်မလာဘူး၊ အမှန်အကန်ငြင်းဖို့ စိတ်ကူး ထားတာ အဲဒီကတည်းက''

''ကထိက''

''ဗျာ''

''မင်းစကားတွေက ကောင်းတာတွေချည်း ပယ်ချနေ တာဆိုတော့ ခပ်ညံ့ညံ့၊ ခပ်ချာချာ၊ ဘာမဟုတ်တဲ့ မိန်းမအရိုပ် ကို လိုချင်တာပဲ''

''ပညာသည်ကိုပဲ လိုချင်တာပါဖေဖေ၊ ပညာရှင်ကို ကျွန်တော် မလိုချင်ဘူး''

''မိဘက ပါးစပ်ထဲ အဆင်သင့်ထည့်ပေးတာ''

''လူကြီးတွေလည်း တစ်ခါတလေ အရိုးစူးတတ်ကာ ပဲ၊ မရည်ရွယ်ဘဲ ဒုက္ခများသွားကြတာတွေ အများကြီးပါ ဖေဖေရာ၊ မမှားဖူးတဲ့သူရှိတာမှ မဟုတ်ဘဲ၊ မိဘမို့ မမှားတော့ ဘူးဆိုတာ မရှိနိုင်ပါဘူး''

''ကထိက မင်းစကားတတ်တိုင်းလျှောက်မပြောနဲ့''

''မပြောပါဘူး၊ ဖေဖေက ဘာသဘောမကျတာရှိလဲ



www.burmeseclassic.com

www.burmeseclassic.com



မေးလို့ ကျွန်တော်ကပြောတာ၊ ကျွန်တော်ဆန္ဒက အဲဒါပဲ၊ ဖေဖေတို့က စေ့စပ်ထားမယ် ဘာညာ လုပ်ကြရင် လုပ်ပါ၊ ရွတ်ပေးစားလည်း မလွဲသာတော့ရင် ယူရမှာပဲ၊ ဒါပေမယ့် ကျွန်တော်ကလည်း ကျွန်တော်စိတ်ချမ်းသာသလိုနေမှာပဲ၊ ကိုယ်မလိုချင်တဲ့ သတို့သမီးကို သွားဖြီးပြဖို့ ထပ်နိုင်းရင်တော့ စိတ်မကောင်းစရာတွေ ဖြစ်ကုန်မှာပဲ''

ဦးဟံရှင် တစ်ခုခုပြောဖို့ ပါးစပ်အဟ၊ ဒေါ်သူရာက ကြားကဝင်၍

''ကဲပါ သားရယ်၊ မင်းတို့ချင်း ရင်းနှီးအောင်ပဲ ကြိုးစားပါဦး၊ ရင်းနှီးသွားကြရင် အမြင်တွေပြောင်းကုန်မှာပါ၊ ကျောင်းပြီးခါမှပဲ စေ့စပ်လက်ထပ် တစ်ခါတည်းလုပ်မယ်''

ကက,က မျက်ခုံးပင့်ရင်း ပြုံးလိုက်သည်။

''စေ့စပ်လက်ထပ် ကွာရှင်းပြီးစီးခြင်းပေါ့''

''ဘာ… ဘာပြောလိုက်တယ်သား''

ဒေါ်သူရာဆတ်ဆတ်ခါသွား၏။

''ရုပ်ရှင်နာမည်လေ မေမေ ဟိုတုန်းက ခင်သန်းနုရယ်၊ ကျော်ဟိန်းရယ်''

ပြော၍ ကက,က တစ်ဖက်လှည့်ရယ်လေသည်။

ဦးဟံရှင် မျက်ထောက်နီနီနှင့်စိုက်ကြည့်လျက်…

* * *



## အခန်း » ၅ «

''ဟုတ်တယ် မသူရယ်၊ သားနဲ့ သမီး မွေးထားကြရင်လည်း ခွဲပေးစားလိုက်တယ်ပြီးရော၊ ဘယ်သူနဲ့ညားမှာ၊ ဘာနဲ့ငြိမှာ မပူရတော့ဘူး၊ ခုတော့ မသူနဲ့ ကျွန်မ မွေးထားလိုက်တာ အချိန်ကိုက် နာရီကိုက် သားချည်းနှစ်ယောက်''

''စန္ဒာရယ် အဲဒီလိုလုပ်ပေးလည်း သူငယ်ချင်းလိုပဲခင်တယ်၊ ချစ်လို့မရဘူး၊ ဘာညာလုပ်ကြဦးမှာပါ၊ အလွယ်တကူ ယူကြမယ်ထင်လို့လား''

''ဒါလည်း ဟုတ်တယ်၊ ကျွန်မဖြင့် ပါမောက္ခလို့ ဒီကလေးကို နာမည်ပေးမိတာလည်း နောင်တရမိတော့တယ်၊ ဆရာလုပ်လို့ကိုမရဘူး''

''အဲဒါ စန္ဒာ့အပြစ်ပဲ၊ တို့က စန္ဒာသားကို ပါမောက္ခလို့ပေးလို့ ကိုယ့်သားကို 'ကထိက' လို့ပေးတာ၊ ဘာထူးလဲ၊ ဒီမှာလည်း ပြောလိုက်ရင် သူပဲဆရာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… အဲဒါဆို မသူက အားကျမခံလိုက်မည့်တာ ကိုယ့်အပြစ်နဲ့ ကိုယ်ပဲ"

"မှည့်မှာပေါ့၊ စန္ဒာက နာမည်အမြင့်စားပေးတော့ ကိုယ်လည်း မြင့်ချင်တယ်လေ"

"ကောင်းတာပေါ့၊ ခုတော့ တစ်ကောင်မှပြောလို့မရ တော့ဘူး"

"ပြောမရတာတော့ လွန်ပါတယ် မေမေရယ်၊ မေမေ့ သားက အခုတင်ပဲ ဘာပြောတယ်မှတ်လဲ"

မေရီစိုးက ဆေးဆိုးထားသည့် လက်သည်း လေးတွေကို မှုတ်နေရင်း အနားရောက်လာ၏။

ဒေါ်စန္ဒာအနားမှ ဝင်ထိုင်ကာ…

"သူတို့သူငယ်ချင်းတွေ လာမယ့်ဆန်းဒေးမှာ သံလျင် ကျောက်တန်းကို သွားကြမလို့တဲ့"

"ဟင်… ဆန်းဒေးမှာ သမီးမင်္ဂလာဆောင်မှာလေ"

"အဲဒီမှာ လူတွေအများကြီးကို မြင်ခံပြီး တစ်ညလုံး ပြုံးပြ ရယ်ပြနေရမှာ စိတ်ညစ်လို့တဲ့"

"အို… ဖြစ်မလား၊ ဒီသားနဲ့ သမီး နှစ်ယောက်ပဲ ရှိတာ၊ ပြီးတော့ သမီးမင်္ဂလာဆောင်မှာ သူနဲ့ ရဲသဥ္ဇာကို စေ့စပ်ပေးမလို့ စီစဉ်ထားတာလေ"





"အဲဒါမေမေ့သားကို မေမေ ပြောမထားဘူးလား"

"ဟဲ့ မပြောဘဲနေမလား၊ ဒါ သက်သက် ဒီကလေး ချွန်တာ ခုပဲ ပြောမရ ဆိုမရလို့ ပြောနေကြသေးတယ်၊ အဲဒါသာကြည့်တော့ မသူရယ်၊ ပြောတုန်းကလည်း ရဲသဥ္ဇာလို အချောအလှလေးကို အိုးပုတ် ချိုးရုပ်ဖြစ်အောင် လှောင်ရယ် ရယ်တယ်၊ ခုကြည့် မအေပြောထားတဲ့ဟာကို ဂရုမစိုက်တာ"

"သူ့အဖေကိုရော မကြောက်ဘူးလား"

"ကြောက်တယ်လေ၊ ပြန်မပြော နားမထောင်ဟာ ကို"

ဒေါ်သူရာက ရယ်၍

"အတူတူပါပဲ စန္ဒာရယ် ဟင်း ဟင်း"

ဒေါ်သူရာ ရယ်ပေမယ့် ဒေါ်စန္ဒာ မရယ်နိုင်ပေ။

ဒီကိစ္စဟာ ပေါ့သေးသေး စီစဉ်ထားတာ မဟုတ်ပေ။

သမီးမင်္ဂလာဆောင်မှာ သားနဲ့ ရဲသဥ္ဇာတို့ကို စေ့စပ် လက်စွပ်ချင်း လဲစွပ်ပေးကြဖို့ထိ လူကြီးချင်း စီစဉ်ထားကြတာ ဖြစ်သည်။

ဒါကိုလည်း သူ့ကို သေချာပြောပြထားပြီးသား၊ ဒီကလေး ဘယ်လိုလုပ်တာလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၆ ⏪

"မေမေပြောကတည်းက ကျွန်တော်ခေါင်းညိတ်ခဲ့လို့လား မေမေ၊ ရဲသန္တာကို ကျွန်တော် စေ့စပ်ပါမယ်လို့ ခေါင်းညိတ်ထားမိခဲ့သလား"

"ခေါင်းညိတ်ပြီးသားလို့ မေမေက မှတ်ထားလိုက်ဘာ့ပဲ၊ ရဲလေးရဲ့မိဘတွေနဲ့လည်း အားလုံး ပြောထား ဆိုထား ပြီးပြီ"

အပါက ရေခဲသေတ္တာကိုဆွဲဖွင့်၍အအေးတစ်ဘူး ထုတ်ယူလိုက်သည်။ ပြီးတော့ တံခါးပြန်ပိတ်ကာ ဒေါ်စန္ဒာ ရှေ့မှာ ထိုင်ချလိုက်ပြီး…

"ကျွန်တော်တို့မောင်နှမကို မေမေတို့က ဘာဖြစ်လို့ အိမ်ထောင်ချပေးဖို့ချည်း ဇွတ်လုပ်နေကြတာလဲ၊ ကျွန်တော်က ခုမှ ကျောင်းက ခါးတစ်ဆစ်ကျိုးပဲ ရှိသေးတယ်၊ ကျောင်း ပြီးတော့မယ့် ကကကိုတောင် အန်တီသူ ဇွတ်မစီစဉ်ဘူး"





"ဇွတ်စီစဉ်စရာမှ မလိုတာသားရယ်၊ ကက,က သူ့အမေပေးစားမယ်ဆို ခေါင်းညိတ်တယ်လို့ ပြောပြီးသားတဲ့"

"ဟား… ဟား… ဟား"

အပါက ပါးစပ်ထဲမော့သွင်းသွားသည့် အအေးကို ကပျာကယာမျိုချ၍ ဟက်ဟက်ပက်ပက် ရယ်သည်။

"ကြည့်စမ်း၊ လူကြီးနဲ့စကားပြောတာ ဒီလိုရယ်စရာလား"

"ကကလိုကောင်လား မေမေ၊ သူ့အမေစီစဉ်ပေးတာကို ခေါင်းညိတ်မှာ"

"ဘာပဲဖြစ်ဖြစ် ကက,က သားထက် ပြောလို့ ဆိုလို့ကောင်းတယ်၊ မိဘကို အတိအလင်းဆန့်ကျင်တာ မရှိဘူး၊ သားကသာ မေမေတို့ကို ဘာမဆို…"

"တော်ပါတော့ မေမေရာ၊ လိမ္မာတာချင်း လာပြိုင်နိုင်းမနေပါနဲ့၊ ကကစေ့စပ်တဲ့နေ့ ကျွန်တော် စေ့စပ်မယ်"

"ဟဲ့…."

"ဖေဖေနဲ့ လှည့်မပြောနဲ့နော်၊ မေမေ၊ အကျယ်အကျယ် မငြိမ်းဖွယ်ရာတွေ ဖြစ်ကုန်လိမ့်မယ်"

"လက်ထပ်ရမှာမှ မဟုတ်သေးတာ သားရယ်… စေ့စပ်ထားမှာလေ၊ သားကျောင်းပြီးဖို့က အများကြီးလိုသေးတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"စေ့စပ်ထားတာရော ဘာထူးလဲမေမေ၊ ထောင်ကြီးနဲ့ ထောင်လေး၊ ဒါပဲကွာတာ၊ စေ့စပ်ထားတဲ့ကာလ တောက်လျှောက် အဲဒီမိန်းမရဲ့ ဝီစိကိစ္စတွေ ဟိုပို့ခိုင်း၊ ဒီလိုက်ခိုင်း၊ ဟိုဟာမလုပ်ပါနဲ့၊ ဒီလိုနေပါလား၊ ဒီကြားထဲ သူတို့သွားလေရာ တကောက်ကောက်လိုက်ပြီး တိုလီ မိုလီ အိတ်ဆွဲပေးနေရတဲ့ ခပ်ပေါပေါကောင် ဖြစ်ရဦးမယ်"

"ရဲက ခေတ်မီတဲ့ မိန်းကလေးပါ၊ ခုဆို မဟာသိပ္ပံနဲ့ ကျောင်းပြီးနေပြီ"

"ဘယ်လိုမိန်းကလေးဖြစ်ဖြစ် မိန်းမက မိန်းမပါပဲ၊ မိန်းမတွေ ဓိဇာကြောင်တာ သည်းမခံချင်လို့ ကျွန်တော်တို့ ရည်းစားတောင်ထားခဲ့ကြတာ မဟုတ်ဘူး"

"အေးပါ၊ ဘယ်သူထားမလဲ စောင့်ကြည့်နေကြတာ မဟုတ်လား၊ ကကထားရင် သားနေမလား"

"အဲဒါကျတော့ မေမေမှားပြီ၊ ကကနဲ့ ကျွန်တော် အဲဒီကိစ္စမှာ အတိုက်အခံမရှိဘူး၊ ရည်းစားမလိုချင်တာ အတူတူပဲ"

"ကောင်းတာပေါ့၊ သားတို့မှာ ချစ်သူမှမရှိတာပဲကွယ်၊ မိဘပေးစားတာလည်း ချောချောလှလှလေးတွေပါ၊ မေမေတို့က လူငယ်ကြိုက်ကို မြင်တတ်ပါတယ်၊ လက်ထပ်ပြီးမှချစ်သွားကြတာတွေ အများကြီးပဲ"

သစ္စာမွန်စာပေ



အပါက ကုန်သွားသည့်အအေးဘူးကို အမှိုက်ခြင်းထဲ ဘွမ်းပစ်လိုက်ပြီး…

"မေမေက ဘာဖြစ်လို့ ကျွန်တော့်အတွက် ဒီလောက် စဉ်ချင်နေတာလဲ"

"ယောက်ျားလေးမို့ ပိုဂရုစိုက်ရတာပေါ့ သားရယ်၊ မိန်းကလေးဆိုတာ အထူးမှာစရာ၊ ပူစရာ မလိုဘူး၊ သူတို့က မိဘရဲ့အတွင်းလူ၊ ယောက်ျားလေးကျတော့ အပြင်လူ၊ ခုနေတော့ ဘာလေး ညာလေးနဲ့၊ မိန်းမလည်း ရသွားရော၊ မိန်းမနောက် ကောက်ကောက်ပါကုန်ကြတာလေ၊ ကောင်းတဲ့မိန်းမနောက်ပါသွားတော့ စိတ်အေးရတာပေါ့၊ မဟုတ်တဲ့ မိန်းမတွေနဲ့ ချစ်ကြိုက်သွားရင် ဘယ်လိုလုပ်မလဲ"

"မဟုတ်တဲ့ မိန်းမကို ချစ်ကြိုက်မယ့်ရုပ်လား မေမေ၊ သေချာကြည့်ပါဦး"

အပါက ဟက်ခနဲရယ်လျက်…

"တစ်ခုပဲရှိတယ်"

"ဘာလဲ"

"ကျွန်တော်မချစ်ဘဲနဲ့ မိဘပေးစားတာကို ခေါင်းညိတ်ဖို့တော့ လုံးဝစိတ်ကူးမရှိဘူး"

❋ ❋ ❋

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၇ ⏪

"ကက မင်းဘယ်လိုလဲ"

"ဘာလဲ"

"မိန်းမ မယူသေးဘူးလား"

"အဲဒါ မင်းအလုပ်လား"

"ကျောင်းပြီးတာနဲ့ စေ့စပ်မှာဆို"

"မင်းကိစ္စလား"

"ငါသိပါတယ်"

"ဘာသိတာလဲ"

"အပါ မယူသေးလို့မဟုတ်လား"

"ကိုင်ရီ… မင်း တကယ်စပ်စုပါလား၊ ကျွေးတာမွေးတာလေးကို အေးအေးဆေးဆေး ထိုင်စားစမ်းပါ"

"သိချင်လို့မေးတာပေါ့၊ မင်းတို့နှစ်ယောက် ဘယ်လို မိန်းမမျိုးနဲ့ရမယ်ဆိုတာ သိချင်လို့"





"သိတော့ဘာဖြစ်လဲ"

"သိကိုမသိလို့လေ၊ မှန်းကြည့်လို့ကိုမရဘူး၊ သူများတွေ လှချည်ရဲ့လို့ ဖျပ်ဖျပ်လူးဖြစ်ကြတဲ့ အချောအလှတွေကိုတောင် လှည့်ကြည့်တာမဟုတ်တော့ ငါတို့က စိတ်ဝင်စားနေတာ၊ ဖွားဘက်တော်နှစ်ယောက်လေ ဟဲ…ဟဲ မင်းတို့နှစ်ယောက်လုံးက ရှယ်တွေကိုးကွ"

"ဘာရှယ်တာလဲ၊ စိတ်… ဇရက်သီးဖြစ်ရတဲ့ အထဲ"

ကက,က လက်ဖက်ရည် တစ်ဝက်ကြီးကျန်သေးတာကို ရေနွေးနှင့် ရောနှောသွန်ပစ်လိုက်သည်။

ပြီးမှ ရေနွေးသပ်သပ် ထည့်သောက်၍…

"အပါ ကျောင်းမပြီးခင်က အပါမယူသေးလို့လို့ ပြောဆောင်းသေးတယ်၊ အခု အပါကလည်းကျောင်းပြီးတော့မယ်၊ ငါ စိတ်ညစ်နေတာ အဲဒါပေါ့"

"မင်းကလည်း မင်းကျောင်းပြီးတော့ အပါက တစ်နှစ်ဆက်တက်သေးတယ်၊ မင်းကို တစ်နှစ်ကြီးတောင် ဆပ်စဉ်းစားခိုင်းထားတာ တော်ပြီပေါ့ကွ၊ ကိုယ်မှရည်းစား ထားချင်ဘဲ"

"ရည်းစားကို စိတ်မဝင်စားတဲ့ဥစ္စာ၊ မိန်းမ ဘယ်လို ထုပ်ယူရမလဲ"

"မဆိုင်ဘူးလေ၊ ရည်းစားမရှိတော့ ပိုတောင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ ယူထားတဲ့မိန်းမကိုပဲ ချစ်ဖို့ကြိုးစားပေါ့''

''လာပြန်ပြီ ဒီစကား''

ကကကိုကြည့်၍ ကိုင်ရိုတို့ ရယ်သည်။

''မင်းတို့ ဖွားဘက်တော်နှစ်ယောက်ကကွာ၊ မင်းတို့လို လူမျိုးတွေက မိန်းမရှားနေတာအံ့သြစရာပဲ''

''ရှားနေတာ မဟုတ်ပါဘူးကွာ၊ ရွေးနေတာပါ ဒီကောင်နှစ်ကောင် အရွေးလွန်ပြီး မျက်စိမှိုင်း၊ ခါးကိုင်း နားထိုင်းကုန်မှ တွေ့ရာကောက်ယူမှာ မြင်ယောင်သေးတယ်''

''ထွီ... မင်းက ပါးစပ်ပုပ်ကြီးနဲ့''

ကက အရှည်ကြီး လက်မောင်းကို ထိုးပစ်လိုက်သည်။

''ဟုတ်တယ်လေ၊ ဗာစီတီမှာ အချောအလှတွေ တစ်ပုံကြီး၊ အချောဆုံး အလှဆုံးဆိုတာတွေ ဗာစီတီမှာထက် ဘယ်မှာပိုရှိမှာလဲ''

''ဟိတ်ကောင်... အချောအလှဆိုတာ ဗာစီတီမှာ ရှိတာမဟုတ်ဘူးကွ''

''ဘယ်မှာရှိတာလဲ''

''ရင်ထဲမှာရှိတာ၊ လှလို့ချစ်တာ မဟုတ်ဘူး၊ ချစ်လို့ လှတာ''

''ဒါဆို အသားမည်း သွားခေါ်ကြီး မင်းချစ်မှာလား''

''အဲဒါတွေနဲ့လည်း မဆိုင်ဘူး၊ မင်းရဲ့မေးခွန်းက တိုက်





ဒိုက်တဲ့ စနစ်ပုံပြောင်းသွားပြီ၊ အချစ်ကို နုနုလေး ဆွေးနွေး စမ်းပါ၊ အသားမည်း သွားခေါ်ကြီး မဟုတ်ဘဲနဲ့ ချစ်လို့လှ သွားတာတွေ မင်းလက်မခံဘူးလား''

''တော်ကြတော့ကွာ၊ ဒီမှာလက်ဖက်ရည်မဝင်လို့ ဘာဆက်သွင်းရမလဲစဉ်းစားနေတာ၊ အာရုံပျက်လိုက်တာ''

''ကက''

''ဘာလဲ''

''မင်း အဲဒီတစ်ခုတော့ အာရုံစိုက်တယ်နော်''

''ဘာလဲ''

''မျိုးဖို့ ဆိုဖို့လေ''

''ဘာဖြစ်လဲ''

''ကလေးမဟုတ်တော့ဘူး''

''လူကြီး မမျိုရ မဆိုရဘူးလို့ ဘယ်သူပြောလဲ''

''မင်းကလွန်ပါတယ်''

''လွန်တော့ မင်းကျွေးနေရလို့လား''

''မကျွေးရပေမယ့် စကားပြောကောင်းပြီဆို မျိုမယ် ဆိုမယ်ဆိုတာကြီးက ရှုပ်ရှုပ်လာတယ်ကွာ''

''ရှုပ်တော့ဘာဖြစ်လဲကွ၊ ငါတို့ပါ ကပ်မျိုလို့ရတာပေါ့''

ကိုင်ရိုက ခပ်တည်တည်ဝင်ဟောက်လိုက်ပြီး ကက ပခုံးကိုလှမ်းပုတ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"အခု ပါးစပ်ထဲ ဆက်သွင်းဖို့ စဉ်းစားမရဘူးမဟုတ်လား၊ လာ··· စဉ်းစားပြီးပြီ"

"ဘာလဲ"

"သုံးဆယ့်သုံးလမ်းမှာ ဝက်သားတုတ်ထိုး သွားစားမယ်"

ကက မျက်နှာအားတက်သရောပုံပေါက်သွားပြီးမှ

"မေမေက ဝက်သားတုတ်ထိုးစားတာ မကြိုက်ဘူးကွ၊ စားချင်ရင်အိမ်မှာ လုပ်ကျွေးတာ၊ မေမေမြင်သွားရင် ဘယ်နှယ့်လုပ်မလဲ"

"မမြင်ပါဘူးကွာ၊ ဈေးသည်နောက်မှာ အကာအကွယ်ထဲ ဝင်စားမယ်၊ စားပွဲရှိပါတယ်ကွ လာစမ်းပါ"

"ငါတို့ပါ လိုက်မယ်"

ကက,က ထိုင်ခုံမှထရပ်၍ အင်္ကျီအိတ်ထဲစမ်းကာ

"ဟိတ်ကောင်တွေ··· ပိုက်ဆံ သိပ်မပါဘူးနော်၊ အလကားစားရတိုင်း နင်းကန်မသွင်းကြနဲ့၊ ရှင်းခါနီးမှ မရှင်းနိုင်ဖြစ်ပြီး ပါတာလေးတွေ ထားခဲ့ရလိမ့်မယ်"

"ဘာရယ်···"

"လက်စွပ်တို့ နာရီတို့ပြောတာ"

"ဟင်း···နော်"

* * *



## အခန်း ▸▸ ၈ ◂◂

စိတ်အညစ်ကြီးညစ်နေသည့် ကက မျက်နှာက [illegible]ဆောင်မှုကင်းစွာ အုံ့မှိုင်းမဲညို့နေသည်။

"ဘယ်လိုဖြစ်နေသလဲ သား၊ သားမျက်နှာကို ဒီထက်နည်းနည်းလေးလျှော့ချထားဖို့ မစဉ်းစားတော့ဘူးလား"

"လျှော့ထားတာပဲ မေမေ၊ ကျွန်တော်ပျော်နေတာမှမဟုတ်တာ၊ သွားဖြီးပြဖို့တော့ မလွယ်ဘူး"

ကက ကဆန့်ပြ၍ တစ်ဖက်လှည့်ပစ်သည်။

အားလုံးလွန်အောင် ကျွံအောင်ပြောဆိုပြီးမှ အသိပေး[illegible]လေးသက်သက် ဖွတ်စီစဉ်သည်။ စေ့စပ်ထားမည်။

သီတင်းကျွတ်တာနဲ့ လက်ထပ်ပေးမည်တဲ့။ ညီသာခ[illegible]သည့်မိန်းကလေးကို သူမြင်ပင်မမြင် ဖူးပေ···

ဟိုတစ်နေ့က ထမင်းစားဖိတ်ထားလို့ သွားကြမယ်[illegible]ခါတော့ သူ အကြောင်းပြကောင်းကောင်းနှင့် [illegible]နေခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မေမေ့ဒေါသထွက်ကာ ခုလိုဇွတ် စီစဉ်ခဲ့လိုက်ခြင်းဖြစ်သည်။

ကက အခန်းထဲမှာ ဆန့်ဆန့်ကြီးလှဲရင်း မေမေကိုလည်း မကြည့်။ ဘာမှလည်းပြောချင်စိတ်မရှိ။

''အေး… သွားဖြီးမပြချင်လည်း အလိုက်အထိုက်တော့ နေရမှာပဲ၊ သားကို မေမေ အစွမ်းကုန်လိုက်လျောခဲ့ပြီးပြီ၊ အဆင်းရွှေကိုတုန်းက သားသဘောမကျတာတွေရှိလို့ မေမေ မျက်နှာပျက်ခံပြီး ဖျက်ပစ်ခဲ့တာ၊ အခု ညီလာခက ငယ်ငယ်ရွယ်ရွယ်၊ ချောချောလှလှလေး၊ မိဘကဆိုတာ မေမေ့ထက်တောင် ချမ်းသာသေးတယ်၊ သူ့အမေက ရောဂါသည်''

''ဟင်''

ကက မော့ကြည့်လိုက်မိတော့ ဒေါ်သူရာက ပြုံး၍

''ရောဂါဆိုတာ စိတ်ရောဂါပါ၊ သူတို့မိသားစု အရှုပ်အထွေးတစ်ခုခု ရှိလို့နေမှာပေါ့၊ အစက နှလုံးရောဂါမရှိဘဲ ခုမှဖြစ်လာတာ၊ ဒါကြောင့် သူ ရုတ်တရက်တစ်ခုခုဖြစ်မသွားခင် ညီလာခလေးကို စိတ်ချရမယ့် တစ်ယောက်ယောက်နဲ့ လက်ထပ်ပေးခဲ့ချင်တာ''

''ဖအေရှိတာပဲဟာ''

''ဖအေက မရှိတော့ဘူး သားရဲ့၊ အခုရှိနေတာက ပထွေးလေ၊ ပထွေးဆိုပေမယ့်လည်း စီးပွားရေးနဲ့ နယ်နယ်လုံးပြီး





နိုင်ငံခြားသွားလိုက်ရ၊ ခရီးထွက်လိုက်နဲ့ မိန်းမကိုချစ်လွန်းလို့သာ အျော အိမ်ကပ်နေရှာတာ၊ သိပ်ကိုကြိုးစားတဲ့လူ၊ သမီးကိုရော မိန်းမကိုရော အရမ်းအလိုလိုက်တာ၊ ရှုပ်ခြင်းပွေခြင်းလည်း မရှိဘူး၊ မိန်းမရောဂါသည်ကိုလည်း စိတ်ရှည်တယ်၊ သူတို့ မိသားစုဟာ ရာဇဝင်ကောင်းနဲ့ အစဉ်အဆက်ရှိခဲ့တာ''

''ဘာရာဇဝင်ပဲ ကောင်းကောင်း ကျွန်တော် အဲဒီ ညီလာခကို မြင်တောင်မှ မမြင်ဖူးတာ၊ စေ့စပ်ရမှာက မလွန် လွန်းဘူးလားမေမေ''

''အဲဒါ မင်းဖေဖေစီစဉ်တာ၊ ထမင်းသွားစားတဲ့နေ့က ဘည်းက ဦးရောင်ခြည်နဲ့ တစ်ခါတည်း စီစဉ်ခဲ့တာလေ၊ ဒီတစ်ခါတော့ တစ်ခုခုကြောင့်နဲ့ မိဘမျက်နှာပျက်အောင်လုပ်ဖို့ စဉ်းစားနဲ့နော်၊ မေမေ လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး၊ အခု ရေချိုးပြီးပြီမဟုတ်လား၊ အင်္ကျီသွားလဲလေ''

''အစောကြီးရှိသေးတာပဲ မေမေရာ၊ မေမေဘာသာ လုပ်စရာရှိတာ သွားလုပ်ပါ''

''ကိုးနာရီ စမှာလေ၊ သား မေမေ့ကို ဌမတိုက်နဲ့ နော်''

ပြောဆိုပြီးမှ ဒေါ်သူရာ ထွက်သွားသည်။

ကက အိပ်ရာပေါ်မှ ငုတ်တုတ်ထထိုင်ရင်း အပါကို သတိရမိတယ်။ ဒီကောင်ရော ငါ့လိုပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ခုလောက်ဆို ရေချိုး သီချင်းဆိုနေပြီလား။

ဒါမှမဟုတ် ငါ့လိုပဲ ထိုင်စိတ်ညစ်နေပြီလား။

တစ်ယောက်ကို တစ်ယောက် တွက်ကပ်ရင်း စေ့စပ်ဖြစ်တော့လည်း တစ်ရက်တည်း။ ဒါပေမယ့် အပါက သူ့ထက်သာတာတစ်ခုရှိသည်။ အလုပ်တစ်ခုကို မလုပ်ဘူးဆိုမလုပ်ဘူး။

လုပ်ပြီဆိုလည်း သူ့လို တအုံနွေးနွေး ကြိတ်ခံစားနေတတ်တာ မဟုတ်ပေ။ စေ့စပ်တာကိုတောင် လက်ခံခဲ့ပြီဆိုတော့ ကောင်မ လေးကို သူသဘောကျလို့ပဲ ဖြစ်မှာပေါ့။

ဒါမှမဟုတ်… အဲ… သူ့လိုငြင်းပါများ၍ ငြင်းရခက်ပြီး လက်ခံလိုက်တာလည်း ဖြစ်နိုင်တာ သေချာသည်။

"တီ…တီ…တီ"

စားပွဲပေါ်က ဖုန်းမြည်လာသည်။

သူ လှမ်းယူကိုင်လိုက်၏။

"ဟဲလို…"

"ကကြီး ခကွေး"

"အပါ မင်းကတော့ မြူးလို့ပါလား"

"မမြူးလို့ ငိုနေရမှာလား"

"အိုကေသွားပြီပေါ့"

"မကေပါဘူး… အခုပဲ ငါလစ်တော့မလို့"

"ဟင်… ဘာ… ဘာပြောတယ်"

သစ္စာမွန်စာပေ



သူ့ ဖုန်းကို နားထဲဝင်မတတ် ဖိကပ်ကာ တင်းခနဲဖိဆုပ်ထိုက်မိသည်။

"အပါ မင်းဘာပြောလိုက်တယ်"

"မေမေတို့ စေ့စပ်ပေးတာကို ငါလက်မခံဘူးကွာ၊ အဲဒါ ခုလစ်မလို့"

"ဟာ…မင်း…မင်း…လက်ခံခဲ့တုန်းကတော့"

"လက်မခံပါဘူး၊ သူတို့ပဲ သဘောကျစီစဉ်ကြတာ၊ ဆောင်းရမှာက သူတို့နဲ့မဟုတ်ဘူးကွာ၊ ဒါအောင့်အီးသည်းခံရမယ့် ကိစ္စမဟုတ်ဘူး၊ မင်းက ဘယ်လိုလဲ"

"ငါလည်း ဒီလိုပဲပေါ့၊ စိတ်ညစ်လို့ ထိုင်နေတာ၊ ဒါပေမယ့် မင်းလိုလုပ်ဖို့တော့ မဟုတ်ဘူး"

"ဘယ်နှယ်လဲ၊ လိုက်မလား"

"လိုက်မယ်"

"ထွက်ခဲ့"

"ဘယ်မှာဆုံမလဲ"

"သူငယ်ချင်း ကဖီး"

"အိုကေ"

* * *

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၄ ⏪

ခြံထဲကလွတ်လွတ်ကျွတ်ကျွတ် ထွက်လာနိုင်ပြီးမှ ဖေဖေ့ကားကို မြင်လိုက်သဖြင့် လမ်းထိပ် ကွမ်းယာဆိုင်နားမှာ ရပ်ထားသည့် မာစီတီးနောက်ကို ပြေးဝင်လိုက်ရသည်။

ကားလေးက အဖြူရောင် အသစ်စက်စက်လေး…

သူကိုယ်ကြီးပေါ်နေမှာ စိုး၍ကားဘေးမှာ ထိုင်ချလိုက်သည်။ ဖေဖေ့ကားကလည်း ကွေ့ဝင်လာပြီးမှ တစ်နာရီကိုက်တစ်ရာနှုန်းနှင့်လိမ့်နေသလား မသိ။

တော်တော်နှင့်လွန်မသွားပေ…

"ဒီမှာ"

အသံနဲ့ရိုက်ပစ်လိုက်ခြင်းက တစ်ထပ်တည်း။

ရိုက်ချက်က ခပ်ဆတ်ဆတ် ခပ်ပြင်းပြင်းမို့ ပခုံးပင် အောင့်သွားသည်။





သူဒေါသဖြစ်သွားပေမယ့် ထလည်း မထရဲ အသံလည်း မထွက်ရဲသည်မို့ မျက်ထောက်နီကြီးနှင့်သာ ငေးကြည့်လိုက်မိသည်။

"အမယ်… ရှင့်ပုံစံက အမိစားပဲ၊ အင်း… ကားနားမှာ ခိုးဖို့ကပ်နေတာတော့ မဖြစ်နိုင်ဘူး၊ ကဲ… ထလေ"

အနားလေးတွေ တွန့်ခွေနေသော ပခုံးအောက်ရှိ ဆံပင်ခပ်ပါးပါး ပျော့ပျော့လေးများနှင့် အတော်အဝိုင်းကြီးသော မျက်မှန်နက်ကို တပ်ထားသည့် မိန်းကလေးတစ်ယောက်။

စကားသံက အမိန့်ဆန်လျက် သူ့ကိုမြင်တော့ မျက်မှန်ကို ဟန်ပါပါ ဆွဲချွတ်ပစ်သည်။

ပန်းနုရောင်လွင်နေသည့် မျက်နှာပေါ်မှ အားလုံးအချိုးကျဆေးသားညီလျက် အတော့်ကို ဆွဲဆောင်မှုရှိသော မျက်နှာလေးဖြစ်သည်။

သူ ဒေါသဖြစ်ဖို့တောင် မေ့သွားတဲ့အထိ ချောပါသည်။ ဖေဖေ့ကားလွန်သွားမှ သူထရပ်လိုက်တော့ မိန်းကလေးဟာ သူ့ကို ခပ်ရဲရဲစိုက်ကြည့်သည်။

"ရှင် ဒီမှာ ဘာလုပ်နေတာလဲ"

"ထိုင်နေတာလေ၊ မင်းမမြင်ဘူးလား"

"ထိုင်နေတာမြင်တယ်လေ၊ ဒါ ချောင်ခိုထိုင်ရမယ့်နေရာမှမဟုတ်တာ၊ မနိုင်မနင်းဖြစ်နေရင်လည်း တစ်ခုခုပေး



www.burmeseclassic.com

www.burmeseclassic.com



ရင် လုံလုံခြုံခြုံ သွားလို့ရပါတယ်''

ကက မျက်နှာရဲခနဲ ဖြစ်သွားသည်။

သို့သော် ယောကျ်ားလေးနဲ့ မိန်းကလေး…

သူက ပြောရဲနေမှတော့ ကက မဲ့ပစ်လိုက်သည်။

''မင်းက ဘယ်ဆိုးလို့လဲ၊ ဒါ မင်းကားလား''

''ဟုတ်တယ်''

''တို့ကိုတစ်နေရာလောက်လိုက်ပို့နိုင်မလား''

''ပို့စရာမလိုပါဘူး၊ ဒီတကွေ့နားမှာတင်ရှိတယ်၊ 'ကျား'လို့ရေးထားတဲ့စာကို လမ်းကထွက်တာနဲ့မြင်ရတယ်''

မိန်းကလေး မချိုမချဉ်ပြောသည်။

''လမ်းညွှန်တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တို့က အဲဒီကို မသွားချင်ဘူး၊ မင်းပို့ပေးနိုင်မလား''

''မပို့နိုင်ဘူး၊ ဒီက သွားစရာရှိသေးတယ်၊ ဟောဒီ လမ်းထဲက ဦးဟံရှင် + ဒေါ်သူရာမင်းတို့ခြံကို ရှင်သိလား၊ ထွက်လာပြီးမှ ခြံနံပါတ်မေ့သွားလို့''

''ဟင်… မင်း အဲဒီကို ဘာသွားလုပ်မှာလဲ''

''ရှင်သိရင်ဖြေလေ၊ မသိရင်မဖြေနဲ့၊ ဘာဖြစ်လို့စပ်စု ချင်တာလဲ''

မိန်းကလေးက မျက်မှန် ပြန်တပ်၍ ကားပေါ်တက် တံခါးဆောင့်ပိတ်သည်။





''ဟာ''

သူတစ်ခုခုမေးမည် ကြံလိုက်ပြီးမှ ခြံထဲကထွက်လာသည့်ကားတစ်စီးကို မြင်လိုက်ကာ နေရာမှ အကာအကွယ်ယူ ရင်း ပြေးထွက်လာခဲ့မိသည်။

ထို့နောက် အနီးဆုံးမှာလာသည့်ကား တစ်စီးကိုလှမ်း တားကာ ကားပေါ်ပြေးတက် ကိုယ်ကို ဝပ်ချလိုက်သည်။

မကြီးမငယ်နှင့်အိမ်ပြေးလုပ်ရသည့် ဒုက္ခကမသေး ပါလား။

ရင်ခုန်သလိုလို ပျော်သလိုလို…

ဒီကြားထဲ ကိုယ့်အိမ်လိပ်စာမေးသည့် ကောင်မလေး ကို သတိရလိုက်သေးသည်။

ပြောချိန်တောင်မရလိုက်တဲ့ အဖြစ်…

တော်တော်ချောတဲ့ ကောင်မလေးဟုတွေးဖြစ်ပြန်ကာ အတ ပြုံးမိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▸▸ ၁၀ ◂◂

''ဘယ်လိုလုပ်ကြမလဲ မသူ''

''ဘယ်လိုမှလုပ်လို့မရတော့ဘူးစန္ဒာ၊ စေ့စပ်ပွဲတွေ ပျက်ကုန်ပြီ''

''ဒီမှာလည်း ဒီလိုပဲလေ၊ အားလုံးတော့ မျက်နှာတွေ ပျက်ရပါပြီ မသူရယ်၊ သူ့အဖေဆို ဒေါသထွက်လွန်းလို့ စာကြည့်ခန်းထဲဝင်ပြီး တံခါးပိတ်နေတာ ခုထိလုံးဝမထွက်ဘူး''

''ဒီမှာရောဘာထူးလဲ စန္ဒာ၊ ဒေါသကြီးပြီး ကား တစ်စီးနဲ့ သားကို အရှာထွက်လိုက်တာ တွေ့ရင်အသေပဲလို့ ကြိမ်းပြီး ခုတော့ ကားအက်စီးဒင့်ဖြစ်လာတာ ကံကောင်းလို့ ဘာမှမဖြစ်တာ''

''သူတို့နှစ်ယောက် ဖုန်းနဲ့လှမ်းချိန်းပြီး အတူထွက်ကြ တာဖြစ်မယ် မသူ''





''သချာတာပေါ့၊ ရှစ်နာရီမထိုးခင်ကပဲ တို့နဲ့ သား စကားပြောနေသေးတယ်၊ ဒီမှာက မိန်းကလေးရှင်က နှလုံး ရောဂါသည် စန္ဒာရဲ့၊ စန္ဒာထက် တို့ကအဖြစ်ဆိုးတာပေါ့၊ တစ်ဖက်ကို အရမ်းအားနာဖို့ ကောင်းတာပဲကွယ်၊ ဖအေကဆို ဒီကောင့်ကို တစ်သက်အပြတ်ပဲတဲ့၊ ကြော်ငြာထည့်မယ် လုပ် နေတာ''

''မလုပ်လိုက်ပါနဲ့ဦး မသူရယ်၊ ဒီမှာလည်း မသူတို့ လုပ်ရင် လိုက်လုပ်မှာ သေချာတယ်၊ ကလေးတွေ ခွတ်တရွတ် ဆန်တာကို နားလည်အောင် ပြောပြစမ်းပါ၊ သား အပါက ထကထက်ရွတ်တယ် မသူ၊ ဖအေနဲ့ ပဋိပက္ခဖြစ်သွားရင် သားနဲ့ အအကြားမှာ ကျွန်မ စိတ်ညစ်လို့ သေရလိမ့်မယ်''

''မဖြစ်အောင် ထိန်းရမှာပေါ့ စန္ဒာ၊ သိပ်လည်းစိတ်ပူ နေပါနဲ့၊ တို့တွေ ကလေးနှစ်ယောက် သတင်းအမြန်ရဖို့ပဲ ကြိုးစားကြတာပေါ့၊ အပါ ငွေဘယ်လောက်ပါသွားလဲ စန္ဒာ''

''ချက် တစ်အုပ်တော့ပါသွားတာပဲ မသူရယ်၊ သူ့နာမည်နဲ့ဘဏ်မှာ ထည့်ပေးထားတဲ့ငွေတွေရှိတာကိုး''

''ဒါဆို သူတို့ကြာကြာရှောင်မနေနိုင်ဘူး''

''တွေ့ဖို့ ဘယ်လိုလုပ်မလဲ''

ဖုန်းထဲမှာစကားသံတွေ ခဏတာ တိတ်ကျသွားသည်။ ဘာနဲ့ အပါကိုတွေ့လည်း ဘယ်လိုဘာတွေ ဆက်လုပ်ရမည်



www.burmeseclassic.com

www.burmeseclassic.com



ကို အဖြေက အဆင်သင့်မရှိသေး။

''ဓွတ်''ဆိုတာကိုတော့ စွန့်လွှတ်ရတော့မည် ဖြစ်သည်။ ဒါဆို စိတ်ကြိုက်သာရွေးကြပေတော့ဆိုပြီး လွှတ်ပေးထားရတော့မှာလား။

* * *

## အခန်း » ၁၁ «

''ဟား ဟား ဟား''

''တကယ်ပါကွာ… ဟား ဟား''

နှစ်ယောက်သား လက်ဝါးချင်းရိုက်၍ ရယ်ဖြစ်ကြသည်။ ကက,က နေရာမှထရပ်ရင်း စီးကရက်မီးညှိနေသည်။

အပါက စားသောက်ထားသမျှကို ရှင်းပေးပြီး အချိုရည် တစ်ကဒ်ဝယ်သည်။

ဆိုင်ထဲကထွက်လာကြတော့လည်း ဒီအကြောင်းကိုပဲ ပြန်ဆက်မိတယ်။

''ငါ့မှာ မွေးသဖခင်ကြီးမြင်လို့ အလန့်တကြား ပြေးပုန်းမိပါတယ်၊ စွပ်စွဲလိုက်တာ ပက်ပက်စက်စက်ကြီး''

''ဟား… ဟား''

အပါက ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''မင်းကလည်း ကားဘေးမှာ အသာကပ်ကွယ်နေရင် ရရဲ့သားနဲ့၊ ဘယ်လိုပုံစံ ကုန်းကွနေမှန်းမှမသိတာ''

''ဘယ်လိုပုံစံနေရမှာလဲကွ၊ ကားနောက်မြီးနားမှာ ဆောင့်ဆောင့်ထိုင်···''

ကက စကားတစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

ပါးစပ်က ပြန်မဈေး မျက်လုံးတွေက တစ်နေရာမှာ စူးစိုက်လျက်···

အပါ ဖျတ်ခနဲ လှည့်ကြည့်သည်။

ပြီးမှ ကက မျက်လုံးရောက်နေတဲ့ဆီ သူ့အကြည့် ရောက်လေသည်။

''ဟင်''

သူတို့ကားနောက်မြီးနားမှာ ကျောင်းစိမ်းထမီ အင်္ကျီ အဖြူလက်ရှည်လေးနှင့် ကောင်မလေးတစ်ယောက်။

ငုတ်တုတ်လေးပုထိုင်ကာ ဒူးနှစ်ဖက်ကို လက်နှစ်ဖက် နှင့် ခပ်တင်းတင်း ပွေ့ဖက်ထား၏။

နှစ်ဖက်ခွဲကျစ်ထားသည့် ကျစ်ဆံမြီးရှည်နှစ်ဖက်က ပေါင်နဲ့ ရင်ဘတ်ကြားမှတန်းဆင်းကာ ခါးအောက်ဘက်မှနေ၍ ဘေးကိုကျနေသေးသည်။

တစ်စုံတစ်ခုကို ကြောက်ရွံ့ပုန်းကွယ်နေသည့် ပုံစံမျိုး။ တိုက်တိုက်ဆိုင်ဆိုင် ကိုယ် ဒီလိုပုန်းကွယ်ခဲ့ရတာကို ပြောပြနေ





တုန်း။

''ဟိတ်''

အပါက ရှေ့ဆက် လျှောက်သွားကာ အသံပေးလိုက် ဆော့ ပခုံးလေးဆတ်ခနဲ တွန့်သွားတာမြင်လိုက်ရပြီး သူတို့ကို မော့ကြည့်သည့် မျက်လုံးလေးသည် ဝိုင်းဝိုင်းလည်လျက်···

နှုတ်ခမ်းနှစ်လွှာကလည်း ခပ်ဟဟ ပွင့်သွားရှာသည်။

''မင်းဘာလုပ်နေတာလဲ''

''ဟို···''

ကောင်မလေး အလွန်ဆုံးရှိလှမှ အသက်ဆယ့်ငါး ဆယ့်ခြောက်ပေါ့။ လွယ်အိတ်လေးကိုဖက်လျက် ထရပ်မလို လုပ်ပြီးမှ ဆတ်ခနဲ ပြန်ထိုင်ချသည်။

ပြီးတော့ အပါ့ကိုရော ကကကိုပါ သရဲတစ္ဆေသဖွယ် မော့ကြည့်ကာ···

''မိန်း··· မိန်းလေ···''

''ဟာ··· ဟိုမှာကွ···ကောင်မလေး ဟိုမှာ''

ချက်ချင်းအခြေအနေက ရှုပ်ထွေးသွားသည်။အငှား ကားတစ်စီး လမ်းမဘေးမှာ ထိုးရပ်ကာ···

ယောက်ျားသုံးယောက် ပြောပြောဆိုဆို ဆင်းပြေးလာ ကြတာ လျှပ်တပြက် အတွင်းမှာဖြစ်သည်။

အပါနဲ့ ကကဲ ဖြစ်ပျက်ပုံကို ငေးနေမိဆဲ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက် ထွက်ပြေးသည်။

"မိန်း… မိန်း… ညီမလေး မပြေးနဲ့လေ"

ကောင်မလေးကို လှမ်းခေါ်ရင်း ယောက်ျားသုံးယောက် ပြေးလိုက်သွား၏။

ကိုယ့် မျက်စိရှေ့မှာတင်ဖြစ်နေကြတာကို သူတို့ နှစ်ယောက်ရော၊ ပတ်ဝန်းကျင်မှာ ရှိသမျှလူတွေပါ စိတ်ဝင်တစား လိုက်ကြည့်နေကြရုံမှတစ်ပါး ပါဝင်ပတ်သက် စပ်စုလိုကြပုံ မပေါ်ပေ။

ကောင်မလေး ထွက်ပြေးပုံက လွယ်အိတ်ကို တစ်ဖက်ကဆွဲလျက် ပုံပျက်ပန်းပျက်ဖြစ်က ထမီအနားစပြဲကာ ဘယ်ဖျက်တစ်ချက် ဒူးဆစ်နားထိ ဝဲပျံတက်သွားလာသည်။

ထမီအနားပြဲရလောက်အောင် ဘယ်ဆီဘယ်ကနေ ပြေးနေသည်လဲမသိ။

အပါက ကောင်မလေးနဲ့ လူသိုက်ကို မျက်စိတစ်ဆုံး ကြည့်၍

"မင်းဘယ်လိုထင်လဲ ကက"

"မသိဘူး၊ ကောင်မလေးတစ်ခုခု လုပ်လို့ သူ့အစ်ကို လိုက်တာနေမှာပေါ့"

ကက,က ကားတံခါးဖွင့်သည်။

ပြီးတော့ စဉ်းစားနေသေးပုံရသည့် အပါ့လက်ထဲက





ချိုရည်ကဒ်ကို ယူကာနောက်ခန်းထဲထည့်၍

"တက်ကွာ၊ သူများကိစ္စကို စိတ်ဝင်စားမနေနဲ့၊ ကိုယ့်ကိုယ်ကို အိမ်ပြေးဆိုတာလည်း သတိရဦး"

အပါ ကားပေါ်တက်သည်။ ကက,က မောင်းအလှည့် မောင်းသူနေရာမှာ ဝင်ထိုင်လိုက်သည်။

သူတို့ကားလေးက အရှိန်မှန်မှန် လိမ့်လာသည်။

သို့သော် တစ်မိုင်သာသာ ခန့်မောင်းပြီးလျှင်

"ကက စက်ရပ်ဦးကွ"

"ဘာဖြစ်လို့လဲ"

"ဟိုလမ်းကြားထဲကို မောင်း"

"ဟ… ဘက်ဆုတ်လို့တောင် ရမှာမဟုတ်ဘူး ဘာလုပ်ဖို့လဲ"

"ဟိုမှာ ဖိနပ်ပြတ်ကလေး တစ်ဖက်တွေ့လား"

အဖြူရောင် စလစ်ပါဖိနပ်ကလေးတစ်ဖက်…

ကားကို အရှိန်လျှော့ရပ်လိုက်ရင်း

"မင်း ဘာလုပ်မလို့လဲ အပါ၊ သူများကိစ္စကို"

"ဒါ မရိုးသားလောက်ဘူးကွ၊ ကောင်မလေးဟာ ထွက်ပြေးသူ၊ ဟိုကောင်တွေရပ်ကလည်း ကောင်မလေးနဲ့ ဘာမှမဆိုင်ဘူး၊ ဝင်ကွာ… မောင်းဝင်"

ကားလေးက ဖိနပ်ပြတ်လေးရှိနေသည့် လမ်းကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ထိုးဝင်သွားလေသည်။

လမ်းထဲကို ဝင်လာမိတော့ တစ်ဖက်က အဆောက်အဦ ဌာနကြီးတစ်ခု၏ ဝန်းတံတိုင်းဖြစ်လျက်··· တစ်ဖက်က ဝိန်းပင်နဲ့ ကန်းစွန်းတွေ ပြည့်နှက်နေသော ကန်သင်းကန်ပေါင်လို နေရာမျိုးဖြစ်နေ၏။

လူနေအိမ်ခြေ စတင်ပြီးကျကာ ရှေ့က ပြေးလိုက်သွားကြသည့် ယောကျ်ားသုံးယောက်ကို ဒီဘက်တည့်တည့် ပြန်လျှောက်လာတာတွေ့လိုက်ရ၏။

"တောက်··· ဒီနားတင် ပျောက်သွားတာကွ···"

"ဆရာကလည်း ရှေ့ဆက်ရှာမယ်ဆိုတော့ မရှာဘဲနဲ့"

"ရှေ့နားမှာ ရ·ဝ·တ ရုံးရှိတယ်ကွ၊ အဲဒီထဲဝင်ပြေးပြီး ဟိုဟိုဒီဒီတွေ လျှောက်ပြောထားတော့ ဘယ်လိုလုပ်မလဲ"

"အဲဒါ ဆရာကိုကလိုတာ၊ စာမေးပွဲပြီးမှ၊ ဘာညာလုပ်နေတာနဲ့ ခုလိုဖြစ်တာ၊ ရတုန်းယူထားလိုက်ရင် ပွဲသိမ်းပြီ"

"ကောင်မလေးက အရမ်းငယ်တာကွ၊ ပြီးတော့ အဘွားကြီးကခံနေတော့ လုပ်ချင်တိုင်း လုပ်လို့မရဘူးဒါကြောင့် သေအောင်စောင့်နေရတာ"

ပြောလာကြသည့် စကားသံတွေကို ခပ်လှမ်းလှမ်းကတည်းက ကြားနေရသည်။





လမ်းက ကျဉ်းကျဉ်းလေးပဲ ကျန်တော့တာမို့ သူတို့အားကိုပွတ်ကာပ် ရှောင်ထွက်သွားကြ၏။

အပါနဲ့ ကက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

အပါက···

"ရှေ့ဆက်မောင်းကွာ"

"သူတို့တောင် ရှေ့ဆက်မသွားဘူး"

"သူတို့က မသွားပေမယ့် ငါသွားချင်တယ် မင်းမောင်းဘူးလား"

"မောင်းမယ်"

ကက,က ရှေ့ဆက်၍ ဖြည်းဖြည်းချင်း လိမ့်မောင်းသည်။

"မင်းက ကောင်မလေး ဒီထဲမှာရှိမယ်ထင်လို့လား"

"ထင်တာမဟုတ်ဘူး ရှိကိုရှိတယ်"

"မတွေ့တွေ့အောင် လိုက်ရှာဦးမလို့လား"

"လမ်းဆုံးအောင် သွားကြည့်ပြီး ပြန်လှည့်မယ်လေ"

"ကဲ··· လမ်းဆုံးပြီ"

ကားလမ်းက အဟုတ်ပဲ ဆုံးသွားပြီဖြစ်၏။

ရှေ့တူရူမှာ လယ်ကွင်းမြင်ကျယ်များ တပြန့်တပြောနေလျက်··· ဟိုတစ်ဖက်မှာမှ အိမ်ယာအဆောက်အဦများကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်နေရ၏။

"ဒီလမ်းက ဘယ်မှာဆုံးသွားတာလဲ မသိဘူး၊ ငါ ဆင်းကြည့်ဦးမယ်"

အပါက ကားပေါ်မှဆင်းကာ လမ်းထိပ်လယ်ကွင်းစပ်ထိ ထွက်ကြည့်သည်။

လမ်းက ဘယ်ဖက်ကို ထောင့်မှန်ကွေ့ချိုးနေလျက် ဟိုဘက်ကို ဆက်ကွေ့သွားဖို့ရာ ကားလမ်းမရှိတော့ပေ။

သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။

ကက ကကားပေါ်မှဆင်းလာကာ သူ့ဘေးမှာ လာရပ်၍ လမ်းကိုလှမ်းကြည့်၏။

ပြီးတော့ သူ့လိုပဲ ဘေးဘီကိုဝေ့ဝဲကြည့်ကာ

"ဒီနေရာမှာ ဘယ်မှာမှ ပုန်းစရာမရှိပါဘူးကွာ၊ ကောင်မလေး၊ ရှေ့ဆက်ပြေးနေရင် ဒီနားကနေ လေးဖက်လေးတန်ကို မြင်နေရတာပဲကွ၊ ဟိုကောင်တွေ မတွေ့ဘဲနေမလား၊ ဒီကောင်မလေး ပြန်မိသွားရင် မလွယ်ဘူး"

"ဟုတ်တယ်"

အကာအကွယ်မဲ့နေသောပတ်ဝန်းကျင်ကို နှစ်ယောက်သား မကျေမနပ်လိုက်ကြည့်နေမိကြဆဲ...

သူတို့ရပ်နေသည့် ခြေထောက်နားမှ ဗွမ်းခနဲ မြည်ကာ ယိုးရပ်လာသည့် အရိပ်ကြီးကြောင့် အနီးကပ်မှာ ရပ်နေသည့်





ဘက လွှားခနဲ ခုန်လိုက်လျက်...

"ဟာ"

လန့်ဖျပ်အော်လိုက်မိသည်။

အပါ လှည့်ကြည့်တော့ ရေညှိရေမှော်ဖတ်များ ကပ်တွယ်ကာ တစ်ကိုယ်လုံး ရေတွေစိုရွှဲနေသောကောင်မလေး...

"အဟွတ်...အဟွတ်"

ဆံပင်တွေမှာ မျက်နှာမှာပါ ရေညှိဖတ်များ ပေကျံလျက် နဖူးပြင်နဲ့ထိပ်ကွက်ကွက်လေးသာ အကောင်းတိုင်းကျန်တော့သည်။

"အင်း...မင်းရေထဲ ငုပ်နေတယ်"

"ဟုတ်...အဟွတ် အဟွတ်"

မိန်း ဆိုတဲ့ကောင်မလေး ခေါင်းတစ်ချက် ညိတ်ပြရုံသာပြနိုင်၍ ချောင်းတွေ ဆိုးနေပြန်သည်။

ကန်ထဲမှာ အမှိုက်သရိုက်များပင်ရှိလျက် ညစ်ပတ်နံစော်နေလေသည်။

ဒီထဲကိုတောင် ဝင်စိမ်နေရသည့် ကောင်မလေး။

အဖြစ်ကိုလည်း သဘောပေါက်ပြီးသားမို့ ကကရော အပါပါ ကရုဏာစိတ်များ ကိုယ်စီဖြစ်ထွန်းလျက် ကောင်မလေးကို သနားသွားကြသည်။

ဒီလောက်ထိပဲ...ကြောက်နေရှာတဲ့ ကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ မိဘတွေ မရှိတော့ဘူးလား မိန်း…"

မိန်းက အပေါ့်ကို အံ့ဩသလိုလေးမော့ကြည့်ကာ မေးဖျားနဲ့ လည်တိုင်နားကပ်နေသည့် ရေမှော်တွေကို ပွတ်သပ်ဖယ်ချနေသည်။

"ကိုကိုက မိန်းကိုသိတယ်"

ကိုကို ဆိုပါလား။

မိန်းမလိုချင်လို့ ထွက်ပြေးလာသည့် အပေါ်…

ဇီးပြားတောင်မှ နမ်းမကြည့်ခဲ့ဖူးသည့်သူ…

ကိုကိုအခေါ်ခံလိုက်ရသဖြင့် ဖျန်းခနဲ မျက်နှာပူသွား၏။ ကက,က အပေါ့်မျက်နှာကိုကြည့်၍ လှစ်ခနဲ ပြုံးသည်။

မိန်းမျက်နှာမှာ မရိုးသားမှုတစ်စုံ တစ်ရာမှ ရှာမတွေ့ပါ။

"သူတို့ပြောသွားသံ ကြားလို့ပါ၊ မင်းမှာမိဘမရှိဘူးလား၊ သူတို့က ဘယ်သူတွေလဲ"

"သူတို့လား၊ ဟိုအလယ်က ခပ်ဝဝနှုတ်ခမ်းမွေးနဲ့ လူကြီးက သီဟကျော်တဲ့၊ မိန်းတို့အိမ်ကို အပေါင်ခံထားတဲ့လူ၊ အဖွားမသေခင်ကတည်းက မိန်း"

မိန်းက ရှက်ရွံ့သွားသလို သူတို့ကို တစ်ချက်ကြည့်၍ မျက်လွှာလေးချပစ်ကာ…

"မိန်းကို ရရင် အိမ်အပေါင်စာချုပ် ပြန်ပေးမယ်လို့





ကမ်းလှမ်းထားတာ၊ အဖွားကသဘောမတူလို့ ဘာမှမဖြစ်ခဲ့တာ၊ အခုအဖွားဆုံးသွားပြီး သူတို့က…မိန်းကို …အဲဒီလူကြီးနဲ့ ပေးစားပြီး အိမ်ပြန်ရအောင်လုပ်ကြမလို့"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"ကဲ… အပေါ် မေးမနေနဲ့၊ ကောင်မလေး အအေးပတ်သွားလိမ့်မယ်၊ မင်းကို ဘယ်လိုက်ပို့ပေးရမလဲ"

"ကက"က မိန်းကိုလှည့်မေးသည်။

ဝင်းလက်အိစက်နေသော မိန်းမျက်နှာသွယ် လျလျလေးက ပါးရိုးထက်မှာ မဲနက်ဝင်းစက်နေသော ခပယ်တင်မှည့်လေးကြောင့် ပို၍ချစ်စဖွယ်ဖြစ်ကာ "ကက"မေးသည်ကို မဖြေတတ်ဘဲ မော့ကြည့်နေပုံလေးက နောက်တစ်ခွန်းထပ်မေးဖို့တောင် မမေးရက်နိုင်တော့သည့်အဖြစ်။

"သူတို့ဆိုတဲ့လူတွေက မင်းအိမ်က လူတွေလား"

"ဟုတ်ပါတယ်"

"ဘာတော်လဲ"

"ဘာမှမတော်ပါဘူး"

"အဖွားဆိုတာကရော"

"အဖွားဆိုတာက မိန်းရဲ့အဖွားပါ၊ သူတို့ဆိုတာ အဖွားရဲ့ချွေးမနဲ့သားသမီးတွေလေ၊ ဦးလေးက ဆုံးသွားပြီ"

"ဒါဆို ဦးလေးရှိတယ်ဆို အခေါ်ကော်တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမဝမ်းကွဲ တွေတော်ဦးမှာပေါ့''

မိန်းက ခေါင်းကို ခပ်လေးလေးခါယမ်းလိုက်ပြီး…

''အဖွားက မိန်းကို မွေးစားခဲ့တာပါ''

''ဩော်''

အပါနဲ့ကက တစ်ယောက်ကို တစ်ယောက်ကြည့်မိကြပြန်သည်။

''ဒါဆို မင်းအခုပြန်စရာမရှိဘူးပေါ့''

ခေါင်းငုံ့နေလျက် မိန်းမဖြေပါ။

''ကက''ခေါင်းတစ်ချက်ကုတ်၍ ကားနားလျှောက်သွားသည်။ အပါက''ကက''ရဲ့ကျောပြင်ကို လှမ်းကြည့်ငေးနေပြီး မိန်းဘက်ကို ပြန်လှည့်ကာ…

''မိန်း''

''ရှင်''

''မင်းမှာ ဒီပြင်သွားစရာတစ်ခုခုရှိဦးမလား စဉ်းစားပါဦး''

''မရှိတော့ပါဘူး ကိုကို၊ မိန်း လူမှန်းသိတတ်ကတည်းက ဒီမိသားစုကလွဲပြီး ဘယ်သူနဲ့မှ 'မရင်းနှီးခဲ့ပါဘူး''

''ဒါဆို… လာ၊ သွားမယ်''

''ရှင်''

''မလိုက်ရဲဘူးလား''





မိန်းအသံလေး တိုးတိတ်သွားကာ…

''ကိုကိုတို့နဲ့…''

''ဟုတ်တယ်''

''ဘယ်ကိုလဲဟင်''

''ငါတို့ကိုယ်တိုင်တောင် ဘယ်ကိုသွားရမှန်းမသိသေးဘူး၊ ဘာလဲ… ငါတို့ရုပ်က မင်းကိုလိုက်ဖမ်းနေတဲ့လူတွေလို လူဆိုးရုပ်ပေါက်နေလို့လား''

''ဟင့်အင်း''

''မယုံ့ရဲလို့လား''

''ယုံ… ယုံပါတယ်''

''လာ''

အပါက မိန်းလက်ကောက်ဝတ်လေးကို ဆုပ်ကိုင်၍ ကားဆီပြန်လျှောက်လာသည်။

ဒီလိုဖြစ်လာမယ်ဆိုတာ ကြိုသိထားပုံမျိုးနှင့် 'ကက'က ပြုံးသည်။ စက်နှိုးထားပြီး အသင့်စောင့်နေ၏။

အပါက မိန်းကို နောက်ခန်းထဲပို့ကာ သူက 'ကက'ဘေးမှာ ထိုင်သည်။

ကားလေးက တအိအိ နောက်ပြန်ဆုတ်လျက်…

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း » ၁၂ «

"သူက ကထိကတဲ့၊ ငါက ပါမောက္ခ၊ ရင်းနှီးတဲ့သူတွေကတော့ ငါ့ကို အပါလို့ခေါ်တယ်၊ သူ့ကိုတော့ ကကလို့ခေါ်တယ်၊ မင်းနာမည်အပြည့်အစုံက ဘာတဲ့လဲ"

"မိန်း"

"ဒါပဲလား"

"ဟုတ်"

"မိန်းဆိုတော့ Main မိန်း… အဓိက၊ ပင်မ… အင်း… မဆိုးဘူး"

အပါက မိန်းရဲ့ ဘယ်ဘက်ရင်ဘတ်ပေါ်က အတန်းတံဆိပ်ကို လှမ်းကြည့်ကာ

"ဆယ်တန်းလား"

"ဒီနေ့ စာမေးပွဲဖြေပြီးတာလေ"

"ဖြေနိုင်လား"





"ဟုတ်"

"ကဲ ကဲ… သူ့အတွက် အဝတ်အစားဝယ်မယ်ဆို၊ သွားမယ်ကွာ"

"မင်းပဲလိုက်ပို့လိုက်ကွာ၊ ငါ တောင်ကြီးကို ဖုန်းလှမ်းဆက်ဦးမယ်"

"အန်တီတို့ဆီကို မဟုတ်လား၊ နောက်မှဆက်ကွာ၊ လိုက်ခဲ့"

"မလိုက်တော့ဘူး၊ မင်းပို့လိုက်"

ကက,က အပါ့ကိုတစ်ချက်ကြည့်ကာ ထထွက်သွား၏။

"ချာတိတ်… လိုက်သွား"

မိန်းက နှစ်ယောက်ကို တစ်လှည့်စီကြည့်သည်။

ပြီးမှ ကုန်းထ၏။

သူမ မနေ့က လောလောဆယ် ပြေးဝယ်ပေးထားသည့် အဝတ်တစ်စုံကိုလဲကာ ရေစိုနေသော အဝတ်များကို သေချာလျှော်ဖွပ်ထားလိုက်သည်။

ဒီမနက်ခြောက်နေပြီမို့ ညကဝတ်ထားသည့် စပို့ရှပ်အက်ိုလေးကို ပြန်ချွတ်ပစ်ကာ ကျောင်းစိမ်းအင်္ကျီကိုပဲ ဝတ်ထားခဲ့ခြင်းဖြစ်သည်။

"ကျောင်းစိမ်းဝတ်စုံကြီးနဲ့ ကြည့်မကောင်းဘူးကွ"

"ဟုတ်တယ်၊ လူ သတိထားမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးက ကန့်ကွက်သည်။

သို့သော်…

"မိန်း… ထမီစကတ်တွေ မဝတ်တတ်လို့ပါ ကိုကို၊ စပို့ရှပ်လည်းမဝတ်တတ်ဘူး၊ တကယ် မနေတတ်လို့ပါ"

ပြောလိုက်မိသဖြင့် အဝတ်အစားသွားဝယ်မည်ဟု ချက်ချင်းထဖြစ်ကုန်တာဖြစ်သည်။

"ကိုကို… မိန်း သူတို့နဲ့တွေ့မှာကြောက်တယ်၊ မသွားဘဲနေလို့မရဘူးလားဟင်"

'ကက'က ကားကို အရှိန်လျှော့ချပစ်လိုက်ပြီး…

"မိန်း… မင်း ဘယ်သူ့ကို ကိုကိုလို့ ခေါ်တာလဲ"

"ကိုကို့ကို"

မိန်းက သူ့ကို လက်ညှိုးထိုးပြသည်။

"အပါ့ကိုလည်း မင်း ဒီလိုပဲခေါ်တယ် မဟုတ်လား၊ တို့နှစ်ယောက်လုံးရှိနေရင် ဘယ်လိုခွဲခြားခေါ်မလဲ၊ နှစ်ယောက်လုံးက ထူးမှာပေါ့"

"ဟုတ်တယ်နော်"

မိန်းက နှုတ်ခမ်းလေးကိုက်၍ မျက်တောင်ရှည်တွေကို လိပ်ပြာတောင်ပံခတ်သလို တဖျတ်ဖျတ်ခတ်သည်။

"ကိုကိုက ကိုကို့ထက် အရပ်နည်းနည်းပိုရှည်သလိုပဲ၊ အဲဒီတော့ ကိုကို့ကို မိန်းက ကိုကိုလေးလို့ခေါ်မယ်နော်"





"မခေါ်နဲ့"

"ဘာဖြစ်လို့လဲဟင်"

အစစ အားလုံး ထပ်တူရှိနေကြတာ သူတို့ နှစ်ယောက်အကြောင်း ဘယ်သူ့ကို ဘယ်သူကမှ အသာမခံကြသော ဖွားဖက်တော်နှစ်ယောက်နှင့် ပတ်သက်သမျှ မိန်းကမှ မသိဘဲ။

"ကက"က နှုတ်ခမ်းစေ့ပြုံးသည်။

"ရတယ် ကိုကိုလို့ပဲခေါ်၊ နှစ်ယောက်ရှိနေတဲ့အခါ မျက်နှာကြည့်စကားပြောပေါ့"

မိန်းမျက်နှာလေး ချက်ချင်းပြုံးသွား၏။

"ကောင်းတယ် ကိုကို၊ မိန်းလေ မိန်းကို သိပ်ချစ်တဲ့ ကိုကိုတစ်ယောက်ရှိဖူးတယ်၊ အန်တီမူရဲ့ သားအကြီးဆုံးပေါ့၊ အဘွားရယ်၊ ကိုကိုရယ်ပဲ မိန်းကိုချစ်တာ၊ ဒါပေမယ့် ခုတော့ သူတို့နှစ်ယောက်စလုံး မိန်းအနားမှာ မရှိကြတော့ဘူး၊ မိန်းမှာ ယောကျ်ားလေးသူငယ်ချင်းလည်း မရှိဘူး၊ ဘယ်သူစိမ်း ယောကျ်ားကိုမှလည်း ကိုကိုလို မချစ်ခဲ့ မရင်းနှီးခဲ့ဘူး၊ ကိုကိုဆုံးသွားတော့ ကိုကိုလိုမျိုး မိန်းကို အလိုလိုက်စောင့်ရှောက်တဲ့ အစ်ကိုတစ်ယောက်ထပ်မရနိုင်တော့ဘူးဆိုပြီး ငိုလိုက်ရတာ၊ ခံစားလိုက်ရတာလည်း အလူးအလိမ့်ပါပဲ"

မိန်းက ခံစားချက်လေးတွေကို ရင်ဖွင့်နေလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်လေးတစ်ယောက် ပုံပြင်ပြောပြနေသလို လက်ဟန်ခြေဟန်လေးများနှင့်။

"ကိုကိုတို့ကို ကားနားမှာ တွေ့လိုက်ကတည်းက မိန်းစိတ်ထဲမှာ ဟို…ဘယ်လိုပြောရမလဲမသိဘူး၊ ဟိုလေ… မိန်းယုံကြည်သွားတာ သိလား၊ မိန်းကိုဒုက္ခပေးမယ့် လူမျိုးတွေမဟုတ်ဘူးဆိုတာ ချက်ချင်းယုံတာ၊ အဲဒါကြောင့် မိန်းပြောပြပြီးအကူအညီတောင်းမလို့ဥစ္စာ၊ သူတို့တွေလိုက်လာတာနဲ့ ထွက်ပြေးရတာ၊ တော်သေးတာပေါ့နော်၊ ကိုကိုတို့က ဆက်လိုက်လာလို့၊ မဟုတ်ရင် မိန်းဒုက္ခရောက်မှာပဲ"

"အခု မရောက်တော့ဘူး မဟုတ်လား၊ နောက်ပြန်လှည့်ကြည့်မနေနဲ့၊ ရှေ့ကိုပဲကြည့်၊ ဆင်း…"

လူတွေရှုပ်ယှက်ခတ်နေသော center တစ်ခုရှေ့မှာ ကားလေးရပ်သွားသဖြင့် မိန်းက ရုတ်တရက်မဆင်းဘဲ…

"လူ သိပ်ရှုပ်တဲ့နေရာတွေ မသွားရဲဘူး ကိုကို၊ သူတို့…"

"မင်းကို မှဲ့တစ်ပေါက်မှ မစွန်းစေရဘူး၊ ပူမနေနဲ့၊ ဆင်း…"

"ကက"က ပိုက်ဆံအိတ်ကို လှမ်းယူ၍ ကားတံခါးပိတ်သည်။ မိန်းပါဆင်းလိုက်ပြီးမှ ရီမုနှင့်ကားကိုလော့(စ်)ချပစ်လိုက်သည်။





မိန်းက ကားဆီကို ဝေ့ဝဲလိုက်ကြည့်ကာ…

"ကိုကို မိန်းကိုစောင့်ပါဦး"

မိန်း နောက်မှာကျန်ခဲ့သည့်အဖြစ်ကို ထိတ်လန့်ကာ ကကနောက်ကို အပြေးကလေးလိုက်ရင်း လက်မောင်းကို ဖက်ထားလိုက်သည်။

"ကက" မျက်နှာ ပန်းရောင်သမ်းသွားတာ ဘယ်သူမှ မမြင်လိုက်သည့်အဖြစ်။ မရိုးသားစွာ ရင်ခုန်တာမျိုး မဟုတ်ပါဘဲ မျက်နှာပူသလိုလို၊ ရှက်သလိုလို။

ငုံ့ကြည့်လိုက်တော့ မိန်းက သူ့ကိုလက်က ဖက်ထားသော်လည်း မျက်လုံးလေးတွေက ပတ်ဝန်းကျင်မှာ ကျီးကန်းတောင်းမှောက်။

သူမ ပုံစံက နိုင်ငံခြား သရဲကားတွေထဲမှာ အလွန်ကြောက်မက်ဖွယ် ကောင်းသော လူသူကင်းမဲ့နေသည့် အိမ်ကြီးတစ်ဆောင်ပေါ်မှ ဘွားခနဲပေါ်လာသည့် သူရဲကို တွေ့၍ခြောက်ချားနေပုံမျိုး။

"ဟော… ဟိုမှာ မင်းလိုအပ်တာသွားရွေး၊ ပြီးရင် ငါ လာရှင်းပေးမယ်"

အမျိုးသမီးဝတ် အတွင်းခံအမျိုးမျိုးရောင်းသော ကောင်တာဘက်သို့ မေးဆတ်ပြသည်။

မိန်းက နေရာမှ တစ်ဖဝါးမှမခွာသလို သူ့လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မလွှတ်ပေ။

''ဟိတ်… သွားလေ''

''ကိုကို လိုက်ခဲ့''

တကယ်မသွားဝံ့ဘဲ 'ကက' ဆူမှာကိုလည်းစိုးသော မိန်းမျက်ဝန်းလေးတွေက ရှည်လျားကော့နက်သော မျက်တောင်လေးတွေ ဝန်းရံလျက် ရွှန်းလဲ့ဖြူစင်နေသည်။

သူ့မှာ ဆူရမယ့်စကားတွေလည်း ပျောက်ကုန်…

အလိုလိုက်ဖို့ရာက မဖြစ်နိုင်။

''မိန်း''

''ရှင်''

''မိန်းကလေးပစ္စည်းတွေဝယ်တာ မိန်းမချင်း ပြောဆို ဝယ်ပေါ့၊ ငါက ဘာလိုက်လုပ်ရမှာလဲ''

''မိန်း ကြောက်လို့ပါ ကိုကို၊ တော်ကြာ သူတို့ မိန်းကို ကိုကိုမသိအောင် လာဆွဲခေါ်သွားရင် ဘယ်လိုလုပ်မလဲ''

''မခေါ်ရပါဘူး၊ ဒီကနေ ကြည့်နေမှာဥစ္စာ၊ သွား''

''ကိုကို မိန်းကိုပဲ ကြည့်နေနော်''

''အင်း''

''ဘယ်မှမကြည့်နဲ့နော်''

''အင်းပါဆို''

မိန်းက Center ထဲမှာ သွားလာဝယ်ခြမ်းနေကြသ





တွေကို တစ်ယောက်မကျန် လိုက်ကြည့်ပြီးမှ အနားက ခွာသည်။

မေးမြန်းဝယ်ခြမ်းနေတာကို ဖြောင့်ဖြောင့်မလုပ်ဘဲ သူ့ကိုချည်း လှည့်ကြည့်နေသည်။ ကြည့်လွန်းတော့ စာရေးမလေးတွေကပါ လှမ်းကြည့် လာကြ၏။

'ကက' မျက်နှာကို ဘယ်လွှဲရမှန်းမသိတော့။ ကိုယ်ကို ခပ်စောင်းစောင်းလှည့်ပစ်ကာ ဘေးဘီကို လိုက်ကြည့်နေလိုက်၏။

''ကိုကိုရေ''

အသံက စူးခနဲ…

'ကက' ကပျာကယာ လှည့်ကြည့်လိုက်မိ၏။

''ဟာကွာ''

သူ့မျက်နှာကြီး ရေနွေးနဲ့ အပက်ခံလိုက်ရသလို ရှိန်းခနဲ ပူနွေးသွားသည်။

မိန်းက အတွင်းခံ ဘော်လီတစ်ထည်ကို လက်နှစ်ဖက်နှင့် သေချာဖြန့်၍ထောင်ကာ သူ့ကို လှမ်းခေါ်နေခြင်း ဖြစ်သည်။ ပြီးတော့ သူမကိုပဲကြည့်နေဖို့၊ ဘယ်မှမလှည့်ဖို့ ခြေဟန်လက်ဟန်နဲ့ လုပ်ပြနေတာ…

ဘော်လီကောင်းမကောင်း မေးမြန်းပြနေသလိုကြီးဖြစ်တော့ 'ကက' ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ကယောင်ကတမ်း မျက်နှာလွှဲလိုက်မိတော့သည်။

"ကိုကို"

မရမကကြီး လှမ်းခေါ်နေပြန်ရာ... မျက်နှာလွှဲလို့လည်း မရ။ တော်တော့်ကို ရိုက်သတ်ပစ်ဖို့ကောင်းတဲ့ ကောင်မစုတ်လေး။

သင်းကမသိပေမယ့် စာရေးမလေးတွေ သူဖြစ်နေပုံကို ကြည့်ကာ ခိုးခိုးခစ်ခစ် ရယ်ကြကုန်ပြီ။

ဒီတော့မှ မိန်းက ကြောင်အအပုံစံလေးနှင့် ဇက်လေး ပုသွားသည်။

"ကိုကို ရပြီ"

သူ ရှေ့ကိုတိုးသွားကာ...

"ရော့... ကိုယ့်ဟာကိုယ် သွားရှင်းတော့"

မိန်းကို ပိုက်ဆံအိတ် လှမ်းပေးလိုက်၏။

"ကိုကို့အိတ်ကြီး မိန်း မကိုင်တတ်ပါဘူး၊ ဒီမှာ ဘော်လီသုံးထည်ရယ်၊ စကတ်နှစ်ထည်ရယ်၊ ပြီးတော့..."

"မိန်း"

'ကက' ဒေါသဖြစ်ဖြစ်နှင့် မိန်းလက်မောင်းလေးကို ဆွဲဖျစ်ပစ်လိုက်သည်။

"အား"

မိန်း ရှုံ့မဲ့သွားကာ မျက်ရည်တွေ ချက်ချင်းဝဲလာ





သည်။

"နာသွားတာပဲ ကိုကိုရယ်၊ ဘာဖြစ်လို့လဲဟင်"

ခက်ပြီ။

သူ့ကို ထပ်ရှင်းပြရင် ထပ်အရှက်ကွဲရဦးမည်။

'ကက' ရှက်ရှက်နဲ့ပဲ ငွေသွားရှင်းပေးကာ မိန်းလက်ကို ဆွဲခေါ်လာခဲ့မိသည်။

သူ့နောက်မှာ မျက်လုံးပေါင်းများစွာ ကပ်ငြိရယ်မော ကျန်ခဲ့မှာကို လှည့်မကြည့်ဘဲ သိနေသည်။

"မင်း တော်တော်ကိုမသိတတ်ဆိုးဝါးပါလားဟင် မိန်း"

Center ရဲ့ ထောင့်ချိုးအကွယ်တစ်ခုရောက်တော့ သူ မအောင့်နိုင်တော့ဘဲ မိန်းကို ဆူမိလေသည်။

"ဘာဖြစ်လို့လဲ ကိုကို"

ကြည့်... တကယ့်ကို ဘာမှမသိတဲ့အတိုင်း...။

"မင်းဟာမင်း ဝယ်စရာရှိတာ ဝယ်ပါလား၊ ဘာဖြစ်လို့ ငါ့ကိုချည်းလှမ်းကြည့်လိုက်၊ လှမ်းခေါ်လိုက်လုပ်နေတာလဲ"

"ကိုကိုက မိန်းကိုမှ မကြည့်တာ"

"မင်းအနားမှာရှိနေတာပဲ၊ မကြည့်တော့ ဘာဖြစ်လဲ"

"မင်းအနားမဟုတ်ပါဘူး၊ ကိုကိုနဲ့မိန်း အဝေးကြီးပဲ၊ ပြီးတော့ ကိုကိုက ဟိုကြည့် ဒီလှည့်နဲ့၊ တော်ကြာ မိန်းနားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘွားခနဲပေါ်လာပြီး ပါးစပ်ပိတ်ခေါ်သွားရင် ဘယ်လိုလုပ်မလဲ''

''လူသူပတ်ဝန်းကျင်ဆိုတာ မင်းမေ့နေသလား၊ ဒါ ဥပဒေမဲ့ နိုင်ငံ မဟုတ်ဘူးကွ''

မိန်းက မျက်နှာလေးညှိုးကျသွားကာ

''ကိုကိုရယ်... သူတို့ မိန်းနောက်ကို သဲကြီးမဲကြီး လိုက်နေကြတုန်းက လမ်းမကြီး ပေါ်မှာပါ၊ မိန်း အမောဆို့လဲ မတတ် ပြေးနေလိုက်ရတာ၊ ဘယ်သူမှဝင်မဆွဲကြပါဘူး၊ ညီမလေးလို့ သူတို့ခေါ်လိုက်တာနဲ့ ဘာမှမတော်ပါဘူးလို့ မိန်းဘက်က ငြင်းမရဘဲ တပြေးတည်း ပြေးခဲ့ရတာ၊ ကိုကိုတို့နဲ့သာ မတွေ့ရင် မိန်း ခုလောက်ဆို ဘယ်ဘဝရောက်နေမလဲ မသိဘူး''

ငိုသံလေးပါလျက် မိန်းစကားတွေကို သူ့မှာ ဘယ်လို ချေဖျက်ရမှန်း မသိ။

''ပြန်ရအောင် ကိုကို''

''ပြန်လို့ဖြစ်မလား၊ ဘာမှမှ မဝယ်ရသေးတာ၊ ဘာလဲ... စိတ်ကောက်တာလား''

မိန်း ခေါင်းခါလိုက်ပုံလေးက ပျာပျာသလဲ။

''မကောက်ပါဘူး ကိုကို၊ ဟို... ကိုကို မလိုက်ချင်တဲ့ နေရာတွေ မိန်းတစ်ယောက်တည်း မသွားဝံ့လို့ပါ''

''မသွားဝံ့စရာ ဘာရှိလဲ၊ ဒီ Center ထဲမှာ မင်းကို





ဘယ်သူမှ ဘာမှဝင်လုပ်လို့မရဘူး''

''ဟင့်အင်း... 'မိန်း' မဝယ်ချင်တော့ဘူး''

''ကလေးလည်းမဟုတ်ဘဲနဲ့ မိန်း၊ လာခဲ့''

သူ မိန်းလက်ကလေးကိုဆွဲခေါ်လာကာ မိန်းမဝတ် အင်္ကျီတွေ လိုက်ဝယ်ပေးသည်။

ထမီစကတ်တွေချည်းပဲမို့ ထမီကျတော့ သပ်သပ် သွားဝယ်ရသည်။ စက်ဆိုင်မှာ တစ်ခါတည်း ဝင်အပ်ကာ...

''လာ... တစ်ခုခု သွားစားရအောင်''

''မစားတော့ဘူး ကိုကို''

မိန်း ကြောက်နေတာပဲ သိသည်။

အနားမှာ အပါ ပါမလာတာကို အားငယ်မိသလိုလို ခံစား ရ၏။ သူမနဲ့ စတင်ဆုံစည်းဖို့ ဖြစ်ခဲ့တာလည်း အပါ့ ကြောင့်ပဲဆိုတာ ခံစားမိနေသလို....

အပါနဲ့ကက နှစ်ယောက်စလုံးရှိနေသည့်အဖြစ်ထဲမှ တစ်ယောက်ကျန်ခဲ့တော့ အားကိုးမဲ့သွားသလိုပင်။

''မိန်း''

''ရှင်''

''မင်း ဘာဖြစ်နေသလဲ''

''ဘာမှမဖြစ်ပါဘူး ကိုကို၊ မိန်း... မိန်း ဘယ်မှမသွား သွားချင်တာ''



www.burmeseclassic.com

www.burmeseclassic.com



သူ ပင့်သက်ရှိုက်လျက် မိန်းလက်ကိုဆွဲ၍ပဲ ဖွတ်ခေါ် ခဲ့ရပြန်သည်။

"ထိုင် ဒီမှာ၊ ဘာစားမလဲ"

"ကိုကိုကြိုက်တာ မှာပါ"

"ကြေးအိုးသောက်ရအောင်"

"မိန်း ကုန်မှာမဟုတ်ဘူး ကိုကို"

"မကုန်တော့ ထားခဲ့ပေါ့"

မိန်းက ငုံးဥလေးတွေနဲ့ အသားဖတ်လေးတွေတို့ကနန်း ဆိတ်ကနန်းစားကာ ဟိုလှမ်းကြည့်၊ ဒီမော့ကြည့်…

"ဘာတွေလျှောက်ကြည့်နေတာလဲ မိန်း၊ စားစရာကို စားလေ"

"မိန်း ကြောက်နေတယ် ကိုကိုရယ် ပြန်ရအောင် ပါနော်"

"ဟာကွာ… အဓိပ္ပါယ်မရှိတာကို၊ ဒီမှာ မိန်း၊ မင်းဆီ လာမယ့်ရန်သူ ဘယ်နှစ်ယောက်ရှိသလဲ၊ ဘယ်ကောင်မှ ငါ့ကိုရမစိုက်ဘူး၊ မင်း ဝါသနာပါရင် ပြန်သင်ပေးဦးမယ် ငါ့မှာ ခါးပတ်နက် တွေ၊ လက်မှတ်တွေ အများကြီး"

"ဘာ့လက်မှတ်တွေလဲ ကိုကို"

"ဂျူဒို၊ ကရာတေး၊ ခါးပတ်နက်ရထားတာလေ ကြွားချင်လို့ ပြောနေတာ မဟုတ်ဘူး၊ ခင်ဗျား အကြောက်လွန်





ပြီး သေသွားနိုင်တာမြင်လို့ ပြောပြတာ၊ စားစရာရှိတာ စား၊ သွားစရာရှိတာ သွားရဦးမယ်"

မိန်းမျက်နှာလေး ချက်ချင်းဝင်းပ ပြုံးရွှင်သွားသည်။

"ကိုကို တကယ်တတ်တယ်ပေါ့နော်"

"ကြွားတယ်ထင်လို့လား"

"ဟင့်အင်း… ဝမ်းသာလို့မေးတာ၊ စောစောက ပြော ရောပေါ့ ကိုကိုရယ်၊ ဒါဆို ဟိုကိုကိုလည်း တတ်တာပေါ့နော်"

"အတူတူပေါ့"

"ပျော်စရာကြီး၊ ဒါဆို ကိုကိုတို့ မိန်းနားမှာရှိနေရင် မိန်း ဘာကိုမှမကြောက်တော့ဘူး"

မိန်းက စားစရာကိုပင် မေ့လျော့ကာ ချထားသည့် ကျဲစ်ဆံမြီးရှည်နှစ်ဘက်ကို စုချည်လိုက် ဖြေချလိုက်နှင့် မျက်နှာလေးက ပြုံးနေသည်။

"အကျီတွေ ဝယ်ဦးမလား"

"အကျီကတော့ တော်ပါပြီ"

"ဘာလိုချင်သေးလို့လဲ"

"ကစားကွင်းသွားပြီး ဒန်းစီးချင်တယ်"

"ဒန်းစီးတာများ… ကစားကွင်းသွားစရာ မလိုပါဘူး ကွာ"

"ဒီပြင်ဟာတွေလည်း ဆော့မှာပေါ့ ကိုကို လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ဒါတော့ မဖြစ်ဘူး၊ ဒီနေ့အစီအစဉ်က မင်းအတွက် လိုအပ်တာဝယ်ဖို့၊ လျှောက်လည်ဖို့မပါဘူး၊ ဘာလိုသေးလဲ စဉ်းစား၊ လိုတာထပ်ဝယ်မယ်၊ ပြီးရင် ပြန်မယ်"

မိန်းက ကြေးအိုးကို အမိပွေ့ါယ်မဲ့ မွှေနှောက်နေရင်း 'ကက' ကို မော့ကြည့်သည်။

"သနပ်ခါးဘူးတို့၊ ခေါင်းလျှော်ရည်တို့၊ ခေါင်းစည်း ကြိုး၊ ဘာညာ မဝယ်ဘူးလား"

"ဟုတ်တယ်နော်၊ ကိုကိုပြောမှပဲ သတိရတယ်၊ ဒါပေမယ့် ခေါင်းလျှော်ရည်က တရော်ကင်ပွန်းပဲ ကောင်းပါ ပ႒ယ်၊ အထုပ်ဆိုရင် မိန်းဆံပင်က သုံးထုပ်လောက်တောင် မလောက်ချင်ဘူး၊ သနပ်ခါးကလည်း ရှင်မတောင်သနပ်ခါးပဲ သွေးလိမ်းနေကျ"

"သနပ်ခါးသွေးဖို့က ကျောက်ပျဉ်လိုဦးမယ်၊ ဇယား တွေ ရှုပ်တယ်ကွ၊ နေတာတောင် တည်းခိုခန်းမှာနေရတာ၊ သွားရင်း လာရင်း သနပ်ခါးဘူးပဲ အလွယ်တကူလိမ်းပေါ့၊ မိတ်ကပ်ဆို ဒီထက်တောင် ပိုလွယ်သေးတယ်"

"ဟင့်အင်း... မိန်း မိတ်ကပ်မလိမ်းတတ်ဘူး၊ ကြိုက် လည်း မကြိုက်ဘူး"

"ဒါဆိုလည်း ခေါင်းလျှော်ရည်ဘူးရယ်၊ သနပ်ခါးဘူး





ရယ်၊ တိုကိုထွာထွာလေးတွေ ဝယ်မယ်၊ မစားတော့ဘူးဆိုရင် ထ"

နှစ်ယောက်လုံး ကြေးအိုးနှစ်ပွဲကို တို့တို့ထိထိနဲ့ပဲ ထားပစ်ခဲ့ကြသည်။

အအေးဘူးတွေနဲ့ ဘာနဲ့ အားလုံးရှင်းလိုက်ရတာ နှစ်ထောင်ကျော်...

မိန်း နှမြောနေမိသည်။

ကိုကိုကဖြင့် ပိုက်ဆံတွေသုံးနေတာ မိန်းတို့ငယ်ငယ် တုန်းက စက္ကူကို အစိပ်စိပ်ဖြဲ၍ ပိုက်ဆံလုပ်ကစားသလိုမျိုး...

ကုန်သွားပြီဆို ရှိသမျှ စက္ကူတွေလျှောက်ကောက်၊ ပြီးခနဲ ဖြဲချ။

"ရော့... ရော့... ငါ့ကို အသုပ်စုံ တစ်ဆယ်ဖိုး"

ဆိုပြီး နွံ့ပျော့ပျော့ပေါ် ဖန်းဝတ်မှုံတွေ ဖြူးထားသည့် အသုပ်စုံဆိုသော ကစားစရာကို ဝယ်ကြသလို...

ပိုက်ဆံတွေကို သုံးနေတာ စက္ကူစုတ်တွေ ကိုင်နေတဲ့ အတိုင်း။

* * *



www.burmeseclassic.com

## အခန်း ⏩ ၁၃ ⏪

''မစွံပါဘူးကွာ၊ တစ်လမ်းလုံးလွှတ်လာပြီးမှ ဘူတာကြီးနားက ဖြတ်မှပဲ ဦးသန်းထွန်းနဲ့ ပက်ပင်းတိုးတော့တယ်''

'ကက'က ကားသော့ကို စားပွဲပေါ် ပစ်တင်၍ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။

''ဘယ်လိုဖြစ်လာလို့လဲ''

''ဟင်''

''သူက ကားပေါ်မှာကွာ၊ ငါ့ကိုမြင်တော့ အူယားဖားယားကြီး လှမ်းအော်တာ၊ ငါက မျက်နှာလွှဲပြီး ဆက်လျှောက်တဲ့ဟာ၊ လူမှားခေါ်တယ်၊ ဘာညာထင်သွားအောင်ပေါ့၊ အဲဒါကို ဟိုမယ်မင်းကြီးမလေးက ငါ့လက်ကိုဆွဲလှုပ်ပြီး 'ကိုကို့ကို ခေါ်နေတယ် ကိုကို၊ ဟိုမှာခေါ်နေတယ်' နဲ့မရမကကွာ၊ သေရော''

''ဟား ဟား ဟား''





အပါက ရယ်၍ 'ကက'ရှေ့ကို စီးကရက်ဘူး ပစ်ချပေးသည်။

''အေးပါ၊ မင်းက ရယ်ပါ၊ သူက ကိုကိုလို့ခေါ်၊ ဦးတာမေးတာကို ငါကလည်း ရေရေရာရာမဖြေဘဲ လှည့်ထွက်လာတာ၊ ဘယ်လိုထင်သွားမလဲ မသိဘူး၊ ဖေဖေတို့ကို ဟုတ်တမ်းတရားတွေ သွားသတင်းပို့နေရင် ဒုက္ခ''

''ပူမနေပါနဲ့၊ ငါတို့ ဒီညနေပဲ တောင်ကြီးကို လစ်လို့ရပြီ''

''ကောင်မလေးကရော''

''ခေါ်သွားရမှာပေါ့''

''ဖြစ်ပါ့မလား၊ သူ့မှာ ဓယားတွေနဲ့''

''ဘာဓယားမှမရှိဘူး၊ ကောင်မလေးမှာ သွေးသားမင်းချာတစ်ယောက်မှရှိတာ မဟုတ်ဘူး၊ ကျန်တာ သူ့သဘောပဲ''

''အပါ''

''ဘာလဲ''

''မင်း စေတနာတွေပိုနေပြီထင်တယ်''

''ဟုတ်တယ်''

''ရိုးရဲ့လား''

''လုံးဝရိုးတယ်၊ ပစ်မထားခဲ့နိုင်တာ တစ်ခုပဲရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



'ကတ' ဟက်ခနဲ ရယ်သည်။

"မင်းကျောင်းကိစ္စက ဘယ်လိုလုပ်မလဲ"

"နေပစေ"

"အင်း… ငါတို့လည်း ရယ်ဖို့တော့ကောင်းနေပြ မိန်းမ မလိုချင်လို့ အိမ်ကပြေးလာပါတယ်၊ ယောက်ျားမလိုချ လို့ ပြေးလာတဲ့ မိန်းကလေးနဲ့ လာတိုးနေတယ်"

"မင်း စိတ်ညစ်လို့လား"

"မညစ်ပါဘူး၊ အံ့သြတာ၊ ဒီကြားထဲ အဲဒီဟာမလေး အကြောင်းကြောင်းလုပ်လို့ Center မှာ ငါပြေးပေါက်မှားရသေး တယ်"

'ကက'က ပြောပြ…

အပါက ရယ်…

နှစ်ယောက်သား စီးကရက်သောက်ရင်း ရယ်နေမိြ သည်။

"နေပါဦး၊ မင်းက တောင်ကြီးကိုသွားမယ်ဆိုတော မင်းခြံ မှာ နေမှာပေါ့"

"အင်းလေ"

"မသွားဘူးကွာ၊ ကလောကို သွားမယ်"

"ဘာထူးမှာလဲ၊ ငါ့ခြံထဲမှာ ပိုတောင်အေးဆေးသေး တယ်"





"ငါ့တိုက်က တောင်ကုန်းလေးပေါ်မှာကွ၊ ပိုအေးဆေး တယ်"

"ဒါဆို ငါက စီစဉ်ပြီးသား၊ တောင်ကြီးကို အရင် သွားမယ်၊ ပြီးမှ ကလော"

"ကလောကိုပဲ သွားမယ်ကွာ"

"မင်းက သက်သက်ကျော်တာပဲကွ၊ ဘာဖြစ်လဲ… ဘယ်မှာပဲနေနေ"

"ခေါင်းပန်းလှန်မယ်"

"မလှန်ဘူး၊ ကံကို အလောင်းအစားလုပ်တာ ငါ ပါသနာမပါဘူး၊ ကိုယ်ဆုံးဖြတ်တာ ကိုယ်လုပ်ကြေးပဲ"

"ဒါဆို မင်းသွား၊ ငါက ကလောကိုပဲသွားမယ်"

အပါက မျက်မှောင်ကုတ်၍ စိုက်ကြည့်သည်။

"အတူထွက်လာတာကို ဘာဖြစ်လို့ မင်းက ခွဲထွက် ချင်တာလဲ"

"မင်းလို ငါ မဆုံးဖြတ်လို့ပေါ့၊ ကိုယ်ဆုံးဖြတ်တာ ကိုယ်လုပ်ကြေးလေ"

"အဲဒီအတွက် ဘာအကျိုးရှိမလဲ"

"ထွက်လာကတည်းက အကျိုးအမြတ်ကြည့်ပြီး စီးသွားရာဖို့ ထွက်လာတာမှမဟုတ်တာ"

"ထွက်လာတုန်းက နှစ်ယောက်တည်းလေ၊ အခုက



www.burmeseclassic.com

www.burmeseclassic.com



မိန်း ရှိနေတယ်''

'ကက' ခဏငြိမ်သွားလျက်···

''မင်း တာဝန်ကြီးတယ်ဆိုရင် ငါခေါ်သွားမယ်''

ခပ်ရွဲ့ရွဲ့ ပြောပစ်လိုက်သည်။

အပါက ခပ်ရူးရူးကြည့်၍ ပြုံးနေ၏။

''ဘာလဲ··· ထည့်ပေးလိုက်တော့မလို့လား''

'ကက'က ထပ်ရိသည်။

''ဘယ်သူနဲ့မှ မကောင်းဘူးကွ၊ မိန်းရော ငါတို့ နှစ်ယောက်ပါ မကောင်းဘူး၊ သုံးယောက်ရှိနေမှ သင့်တော်မှာ၊ အဲဒါ မင်း စဉ်းစား''

''ငါကတော့ တောင်ကြီးကို မလိုက်နိုင်ဘူး''

''လိုက်စရာမလိုဘူးလေ၊ မင်းဆီကိုသွားရင်း ဝင်ရ တာပဲ၊ ကျော်သွားရတာမှ မဟုတ်ဘဲ''

'ကက'က စီးကရက်ကို ပြာခွက်ထဲ ထိုးချေပစ်လိုက်ရင်း···

''အေး··· ဒါဆို သွားမယ်၊ တောင်ကြီးခြံမှာ ဘယ်နှစ်ရက်နေမှာလဲ''

''အားလုံးအဆင်ပြေသလောက်ပေါ့၊ နောက်ဆံတင်းစရာ ကိစ္စရှိကြတာမှ မဟုတ်တာ''

''ဒါဆို ငါ ငွေသွားထုတ်ဦးမယ်''





''ငါထုတ်ပြီးပြီ၊ မင်းမထုတ်နဲ့တော့''

'ကက'က မျက်မှောင်ကုတ်ပြန်ကြည့်သည်။

''မင်းငွေမင်းထုတ်တာ ငါနဲ့ဘာဆိုင်လို့လဲ''

''ဘယ်သူ့ငွေဖြစ်ဖြစ် ဒီခရီးအတွက်သုံးဖို့ပဲ၊ ဘာလုပ်ဖို့ ...ဲ၊ ငွေတွေအများကြီး သိမ်းရ၊ ထည့်ရ၊ သယ်ပိုးရနဲ့၊ ...ောင်ကြီးကျလည်း···''

''တော်ပါကွာ၊ မင်းပြောသမျှ မင်းဖို့ချည်းပဲ''

'ကက' က ထထွက်သွားသည်။

အပါ ပြုံးစိစိနဲ့ ကျန်ခဲ့၏။

နှစ်ယောက်ဆုံတိုင်း ကြာကြာ စကားလက်ဆုံကျပြီဆို ...ကြတာပဲဖြစ်သည်။

တစ်ခါတလေ ဘာမှမဟုတ်တာလေးလောက်နှင့် ...သ၊ သုံးလ မျက်နှာချင်းမဆိုင်ဖြစ်တော့တာတွေက မကြာ ...။

စိတ်ကူးတွေတည့် နေကြတဲ့အခါကျတော့လည်း ...င်းတဲ့ သူက တင်း၊ လျှော့တဲ့သူက လျှော့။

အဆင်ကို ပြေနေတော့သည်။

ဖြစ်ကြပြီဆို မဟုတ်တာရော၊ ဟုတ်တာရော ကတ်သီး ...တ်သတ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⁍ ၁၄ ⁌

''ခြံကြီးက အကျယ်ကြီးပဲနော် ကိုကို၊ ဒါ ဘာပင်တွေလဲဟင်''

''သစ်တော်ပင်တွေလေ၊ ဒါတောင် မသိဘူးလား''

''မသိဘူး၊ အသီးကိုကြိုက်တယ်၊ အပင်ကို ခုမှမြင်ဖူးတာ၊ ဘာသီးမှလည်းမရှိဘူးနော် ကိုကို''

''အင်း…ဟိုဘက်ခြမ်းထဲက အပင်တွေပဲ သီးတယ်၊ ဒီဘက်က မသီးသေးဘူး စားပင် သီးပင်ဆိုတာ စနစ်တကျ ဂရုစိုက် ပျိုးထောင်ပေးနေမှ၊ ခြံကို ဖေဖေတို့က ဝယ်ထားပေမယ့် ဘာမှ မလုပ်ဘူး၊ ရန်ကုန်နဲ့က ဝေးတယ်လေ၊ ပြီးတော့ မေမေကလည်း ခြံလုပ်ငန်းကို အားမပေးဘူး၊ ဝယ်သာ ဝယ်လိုက်တာ၊ ဒီအတိုင်းပဲ ထားတာကိုး''

''နမြောစရာကြီး၊ ကိုကိုကရော ဝါသနာမပါဘူးလား''





''မပါဘူး''

''ကိုကိုက ဘာဝါသနာပါတာလဲ''

''ဘာမှမလုပ်ရတာကို ဝါသနာပါတယ်''

''ခစ်… ခစ်…''

''ဘာရယ်တာလဲ''

''ကိုကို့ကိုလေ''

''ရယ်စရာလား''

အပါက ပြုံး၍ တစ်ဖက်လှည့်လျှောက်သွားသည်။ မိန်းက နောက်ကလျှောက်လိုက်နေရင်း…

''ကိုကို''

''ဘာလဲ''

''ဟိုကိုကို ဘယ်သွားတာလဲဟင်''

''သွားတုန်းက မေးထားလိုက်ပါလား''

''မေးတယ်၊ သူ့ဟာသူတောင် မသိဘူးတဲ့''

''အဲဒါ ဘာလို့ထပ်မေးနေလဲ''

''ကိုကို''

''ဘာလဲ''

''ကိုကိုနဲ့ ဟိုကိုကိုနဲ့က ညီအစ်ကိုအရင်းမဟုတ်ဘူးဟုတ်လားဟင်''

''မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ဒါပေမယ့် ချစ်ကြတယ်နော်''

''မျက်လုံးမှားတာ ဖြစ်မယ်''

''မမှားပါဘူး၊ ကိုကိုတို့က ခဏခဏ စကားနိုင်လု တတ်ကြပေမယ့် ချစ်ကြတာ မိန်းသိတယ်''

''ဒါကျတော့ လည်နေပြန်ပြီ''

''အံမယ်... မိန်းက မ'အ'ပါဘူးနော်''

''ကောင်းပြီ၊ ဒီတစ်ခါ အတာတာလုပ်ရင် နားရွက် ဆွဲလိမ်မယ်''

မိန်းက ရယ်နေရင်း အပေါ်နောက်ကို မှီအောင်လျှောက် လိုက်သည်။

''ကိုကို... အသီးရှိတဲ့အပင်တွေ ဘယ်မှာလဲဟင်''

''ရှေ့မှာလေ၊ မင်းစားချင်လို့ မေးနေတာ မဟုတ် လား''

''ဟုတ်တယ်''

အပါက ခပ်နိမ့်နိမ့် သစ်တော်ပင်အောက်မှာ ရပ်လိုက် ပြီး အပင်ပေါ်ကို မော့ကြည့်သည်။

''စားလို့ သိပ်ကောင်းဦးမှာမဟုတ်ဘူးကွ''

''ကိုကိုကလည်း... ဟိုမှာ အလုံးကြီးတွေ နည်းတာ မဟုတ်ဘူး''

''အပင်ပေါ်မှာ ဘယ်လိုလုပ်မလဲ၊ လှေခါးတွေက





တောင်ပိုင်းမှာပဲတွေ့တယ်၊ ဒီမှာမမြင်ဘူး''

''ဟိုမှာ ကိုကို၊ ဟိုအကိုင်းက အသီးလေး ကိုကို့အရပ် ကြီးနဲ့ ဆွဲမှီပါတယ်''

''ဘယ်မှီမှာလဲ မိန်းရာ၊ လူကို ဂေါ်ဇီလာမှတ်နေလား မသိဘူး''

ပြောရင်း အပါက သစ်တော်သီးတွဲကျနေတဲ့ဆီကို လှမ်းခုန်ဆွဲသည်။ လက်ဖျားနဲ့ ထိလုထိခင် အကွာအဝေးက ပိုမလှမ်းနိုင်ပေ။

မိန်းက သစ်တော်သီးကို အာသာငမ်းငမ်းကြည့်လျက် နှုတ်ခမ်းလေးစူသည်။

''ကိုကိုနဲ့မမှီရင် မိန်း အပင်ပေါ်တက်မယ်''

''ဘာ''

''မိန်း သစ်ပင်တက်တတ်တယ်၊ ဒီလောက်အပင်လေး များ၊ အသာလေးပဲ''

''မင်းက''

''အင်းလေ''

''ထမိကြီးနဲ့''

''ဘာဖြစ်လဲ ထမိနဲ့၊ တိုတိုလေးပြင်ဝတ်မှာပေါ့၊ ဟော သလို''

''ဟာ... ဟေ့''



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ထမီကို ဖျတ်ခနဲ ဆွဲဖြန့်လိုက်သဖြင့် အပေါ် အလယ်တကြား နှောက်ဆုတ်သည်။

မဆင်မခြင်လုပ်ပြီးမှ မိန်းက ဟဲခနဲရယ်ကာ လျှာလေး ထုတ်သည်။

''ကန်တော့ ကိုကို၊ အဟဲ… ဟို… ကိုကို အပင်ပေါ် မတက်နိုင်းမှာစိုးလို့''

''မင်း… အဲသလိုကြွပ်ကြွပ်လုပ်၊ ကလေးလိုလို၊ လူကြီးလိုလို ဟိုမရောက်၊ ဒီမရောက်…''

''ကိုကိုကလည်း…''

''ဘာကိုကိုကလည်းလဲ… လာ ပြန်မယ်''

''ဟင်… မိန်း သစ်တော်သီးမစားရတော့ဘူးလား''

''ဝယ်ကျွေးမယ်၊ ကြိုက်သလောက်စား''

''ဘယ်တူမလဲ ကိုကိုရဲ့၊ မိန်း ဒီအပင်ပေါ်က အသီး ကိုပဲ စားချင်တာ၊ ထမီတောင် တိုတိုပြင်ဝတ်ပြီးပြီ၊ တက်မယ် နော်၊ နော်… ကိုကို''

မိန်းက သူ့လက်ကိုလာကိုင်၍ အတင်းပူဆာနေသည်။ အပါက အပင်ကို ပြန်မော့ကြည့်ကာ…

''လာ… မင်းကို ငါ ကိုင်မြှောက်လိုက်မယ်၊ မြန်မြန် ဆန်ဆန် ဆွဲချ''

''အင်း… ကောင်းတယ်''





မိန်းက မြူးကြွသွက်လက်စွာ အပေါ့ရှေ့မှာ ကျောပေး ရပ်သည်။

''ဒီကမြှောက်လိုက်ရင် မင်း ခုန်လိုက်နော်''

''ဟုတ်''

အပါက မိန်းရဲ့ခါးလေးကို လက်နှစ်ဖက်နဲ့ညှပ်ကိုင်၍ အသက်အောင့်လိုက်သည်။

''ဟိတ်''

အပါက အမြှောက်…

မိန်းက ဆောင့်ကန်လိုက်သဖြင့် လေထဲသို့ မြောက်ခနဲ ခုန်ပါသွားကာ သစ်တော်သီးတွဲကို မိမိရရ ဆုပ်မိသွားသည်။

ပြန်ကျသည့်အရှိန်ကြောင့် လက်ထဲမှာလည်း ပါလာ ပါသည်။ သို့သော် အကျမတော်သဖြင့် ပုံလျက်သားလဲကျကုန် သည့်အဖြစ်မှာ မိန်းကို ဖက်ထားလျက်နှင့် အပါက အောက် က…

''အား… အမလေး သေပါပြီ၊ ခါးကျိုးပါပြီ၊ အမလေး… နာလိုက်တာ''

အပေါ့ကိုယ်ပေါ်မှနေ၍ မိန်းက ရှုံ့မဲ့အော်သည်။

ပြီးတော့မှ အပေါ့ကို သတိရကာ…

''ဟင်… ကိုကို၊ ကိုကိုရော နာသွားတယ် မဟုတ် လား ဟင်၊ ဖွ… ဖွ''



www.burmeseclassic.com

www.burmeseclassic.com



မိန်း အပေါ်ကို ချက်ချင်းစိတ်ပူသွားပြန်သည်။

သို့သော် ဖြုန်းခနဲ ထလို့မရ။

''မိန်း… ဖယ်လေကွာ၊ ဒီမှာ နာလှပြီ''

''ဟုတ်… ဟို… ထ… အား… ထလို့မရဘူး ကိုကိုရဲ့''

အပေါ် ရှုံ့မဲ့နေရင်းမှ ခက်ခဲစွာ ထထိုင်ရသည်။

ခါးတွေရော၊ ပေါင်တွေပါ ဘာတွေဖြစ်ကုန်ပြီလဲ မသိ။

''ခါးကျိုးသွားပြီထင်တယ် ကိုကို၊ လှုပ်လို့တောင် မရဘူး၊ အသက်ရှူတာတောင် အောင့်တယ်၊ ခြေထောက်လည်း နာနေတယ်၊ လက်နဲ့ထောက်လိုက်မိလို့ လက်ကောက်ဝတ်လည်း ဘာဖြစ်သွားတယ် မသိဘူး''

''အေး… ညည်း ညည်း၊ လူပေါ်ကနေ ခင်ဗျားပဲ ညည်းတော့''

''လူပေါ်ကနေရပေမယ့် မိန်းက အမြင့်ကြီးကကျတာ ကိုကိုရဲ့၊ နာတာပေါ့''

''မင်းက အစားရပြီး ပြန်ကျရင်ထိန်းဖို့ကို သတိမေ့သွားတာကိုး၊ ပစ်ခတ်ကျလာတော့ ဒီက ဘယ်လိုလုပ်ထိန်းနိုင်တော့မှာလဲ''

''ဘယ်လိုလုပ်မလဲ ကိုကို''





အသာလေးလျှောဆင်းတော့ အပေါ်ပေါင်ပေါ်ကနေ မြေပြင်ပေါ်ရောက်သွားပေမယ့် ဒီထက်ပိုလှုပ်လို့မရတော့ပေ။

အပေါ်လည်း ငုတ်တုတ်ထိုင်နိုင်သည့်တိုင် ထလို့မရ။

''ကိုကို''

''ဘာလဲ''

''မိန်းကို တွတ်ရှာပေး''

''ဪ… ခင်ဗျားကို တွတ်ရှာပေးနိုင်မှတော့ ကျုပ်ဘာသာ ဆွဲခေါ်သွားမှာပေါ့၊ ပါးစပ်ပိတ်ထားစမ်းပါ၊ ဒီမှာ ခေါင်းရှုပ်နေရတဲ့အထဲ''

''နာတယ် ကိုကိုရဲ့''

''ဟုတ်တယ်၊ ဒီက ပျော်နေတာ''

အပေါ်က သစ်ပင်ပင်စည်ကို မမှီတမှီ လက်လှမ်းထောက်ကာ ထရပ်နိုင်အောင် ကြိုးစားသည်။

သူမတ်တတ်ရပ်နိုင်တော့ မိန်းက သူ့လက်ကို လှမ်းဆွဲကာ

''မိန်းကိုခေါ်ပါဦး ကိုကို''

''နေဦးလေ''

သူပြောနေတုန်း မိန်းက သူ့လက်ကိုခိုကာ အတင်းထရပ်၏။

နှစ်ယောက်လုံး ဒယိမ်းဒယိုင်ဖြစ်ကာ မိန်း ပြန်လဲကျ



www.burmeseclassic.com

www.burmeseclassic.com



သွားမှာ စိုးသဖြင့် အပါက ပွေ့ဖက်ထားလိုက်ရာ မိန်းက ပင်စည်မှာ ကျောလေးကပ်လျက်···

အပါက သူမပေါ်မှာ···

မျက်နှာနှစ်ခုက ဖျတ်ခနဲ ကပ်မိသွားပြီးမှ ပြန်ခွာရသည်။ ထူနက်သော မျက်ခုံးတန်းလေးများအောက်မှ ရွှန်းလွှက်နေသည့် မျက်လုံးလေးတွေက သူ့ကိုကြည့်လိုက်တာ အလန့်တကြား။

ဖူးရွှထူပြည့်နေသော ထောင့်ချိုးညီသည့် နှုတ်ခမ်းလေးတွေကို စူးစိုက်ကြည့်ဖြစ်ရင်း အပါ မျက်နှာလွှဲဖို့ သတိမရ။

မိန်းသည် မိန်းကလေးတန်မဲ့ နှုတ်ခမ်းထောင့်လေးတွေမှာ နှုတ်ခမ်းမွေးရာလေးတွေက စိမ်းနေသည်။

ပါးပြင်ပြေပြေလေးမှာလည်း အနည်းငယ် အနက်ရောင်သမ်းနေသော မွေးညှင်းစိမ်းနုနုလေးတွေ ရှိန်းမြစွာ ဖုံးလွှမ်းလျက်။

မေးဖျားလေးက အလယ်ချိုင့်ကာ နှစ်ခွလေးဖြစ်သည်။

မျက်ခုံးနက်၍ထူကာ ညှိုလဲ့သော မျက်ဝန်းများက မျက်တောင်ရှည်ကြီးတွေကြောင့် ကုလားမင်းသမီးလေးလို လှသော်လည်း နှာတံလေးက မြန်မာစစ်စစ်လေးဖြစ်တဲ့သရုပ်ကို ပြနေသည်။





မိန်းမျက်နှာလေးမျိုးက သနပ်ခါး မိတ်ကပ် တစ်ခုခု ခတင်တာတောင် အလှပျက်မှာမဟုတ်ပါ။

ဒီအတိုင်း ဝင်းနေ လှပနေပုံလေးကိုက ကြည့်လို့မဝ

ပြင်ဆင်လှပနေကြတဲ့ အလှဆုံးဆိုသည့်မျက်နှာတွေ မြင်ဖူးခဲ့ပါသည်။ သမင်လည်ပြန်လိုက်ကြည့်၍ စနောက်ခဲ့တာလည်း ရှိဖူးခဲ့သည်။

သို့သော်···

မိန်းလိုရှတဲ့ မျက်နှာရိုင်းမျိုးကိုတော့ မတွေ့ဖူး။

မိန်းက သူ့မျက်လုံးတွေကို အကြာကြီး မော့ကြည့်နေပြီးမှ မျက်ခုံးလေးတွေ အနည်းငယ်တွန့်လာကာ

"ဘာကြည့်နေတာလဲ ကိုကို၊ မိန်းခြေထောက်ကို နင်းထားတာ နာလှပြီ"

အပါ ပစ္စုပ္ပန်ကို သတိရသွားသည်။

"ဆောရီး"

သူ ကိုယ်ကိုမတ်၍ လှူချင်းခွာတော့ ရင်ထဲမှာ ကပ်ငြိခဲ့ပြီမှန်း သိလိုက်၏။ မိန်းမျက်နှာလေးဟာ သူ့မျက်ဝန်းထဲမှ ရင်ထဲ တစ်နေရာအထိ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၁၅ ⏪

''ဟော… မစန္ဒာနဲ့ မသူတို့ လာကြ…''

သူ့စောင့် ကိုယ့်စောင့်နှင့် နောက်ကျသွားသည်မို့ ညှော်ခံပွဲ မှာ ထိုင်စရာ စားပွဲလွတ်ပင် မရှိတော့ပေ။

''လာ… မစန္ဒာတို့၊ ဒီမှာ စားပွဲသပ်သပ်ရှိတယ်''

နေရာကို ထိပ်ဆုံးစားပွဲထောင့်မှာ ချထားပေး၏။

သူမတို့ ထိုင်မိသည်နှင့် သတို့သားနဲ့ သတို့သမီးက ချက်ချင်းရောက်လာသည်။

''အန်တီသူ… ဖွားဘက်တော်နှစ်ယောက် ပြန် မရောက်ကြသေးဘူးလား''

''မရောက်သေးပါဘူး သမီးရယ်၊ သူတို့တွေ ဘယ် ရောက်နေကြမှန်းကို မသိပါဘူး''





သတို့သမီးက ရယ်၍ သတို့သားလက်မောင်းကို ဖက် ိုက်ပြီး

''သတ်မှတ်တုန်းက ကကတို့က အရင်ပဲနော် မောင်၊ တော့ သဇင်တို့က ဆောင်ဖြစ်သွားပြီ''

''အန်တီစန္ဒာတို့က သူတို့အကြောင်းသိရက်သားနဲ့၊ တ် သွားလုပ်တာကိုး''

''ဖွတ်မဟုတ်ပါဘူးကွယ်၊ စီစဉ်နေတုန်းကတော့ ွဲသာလို့ပဲ ခေါင်းညိတ်ခဲ့သလိုလို၊ မိန်းမယူဖို့ပဲ ဆုံးဖြတ်ထား ိုက်သလိုလို၊ သေချာပြီဆိုတော့မှ ကလန်ကဆန် ထလုပ်သွား ြတာ''

''ဒါဆို အခု သူတို့ကိုပြန်တွေ့ရင် အန်တီတို့က ယ်လိုလုပ်မှာလဲ''

''ဘယ်လိုမှလုပ်လို့မရတော့ဘူးလေ၊ ပျက်ခဲ့တာ ွလည်း ပျက်သွားပြီပဲ၊ သူတို့သဘောကျတာ ရှာပစေ၊ င့် မသင့် လူကြီးတွေက ကြည့်ပေးရုံပေါ့''

''အဲဒီအခါ မသင့်တော်တာ လုပ်လာရင်ရော''

''ကဲပါ… သဇင်ရယ်၊ အန်တီတို့စိတ်ညစ်အောင် တွေမေးနေတာလဲ''

''မဟုတ်ပါဘူး မောင်ရယ်၊ သဇင်က အကြံပေးမလို့ ာပါ၊ ဒီလိုခွင့်လွှတ်တော့မယ်ဆိုရင်လည်း သတင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်ပေါ့၊ ခွင့်လွှတ်တယ် ပြန်လာလို့''

''အမလေး… အဲဒီလို ပေါပေါသီသီကြီး ခွင့်လွှတ်လိုက်လို့တော့ မဖြစ်သေးဘူး သမီးရေ၊ ဖအေတွေက ဒေါသပြေသေးတာ မဟုတ်ဘူး''

''ဟုတ်တယ်၊ ဟုတ်တယ်၊ တို့မှာလည်း ခုမှ စည်းရုံးနေရတုန်းရှိသေးတာ၊ သားတွေကို လွမ်းတာတောင် ကွယ်ရာမှာ မျက်ရည်ကျရတာ၊ သတင်းလိုက်စုံစမ်းတာကို မသိအောင် စုံစမ်းရတာ''

''အန်တီရယ်… တစ်ယောက်က ဆရာဝန်လောင်း၊ တစ်ယောက်က အင်ဂျင်နီယာလောင်း၊ အရွယ်ရောက်ပြီးတဲ့ ပညာ တတ် လူငယ်တွေပါ၊ ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ ပြီးတော့ ဇရမ်းဇတာ သွားလာ ပျော်ရမ်းကြတာလည်း မဟုတ်ဘူး၊ မိန်းမသနာ ဖယားရှုပ်တာမျိုးလည်း မရှိဘူး၊ ဘာမှမဖြစ်နိုင်ပါဘူး''

သဇင်က အားပေးသည်။

''ဒါတော့ ဒါပေါ့ကွယ်၊ မိဘရင်ထဲမှာတော့ သားသမီးကို ရင်ခွင်ထဲမှာပဲ ရှိနေစေချင်တာပေါ့၊ ကိုယ့်ရင်ခွင်ထဲမှာ သားသမီးဟာ နို့နံ့တောင်မစင်သေးဘူးလို့ ထင်နေကြတာလေ''

ပြောနေရင်း ဒေါ်စန္ဒာက မျက်ရည်တွေဝေ့လာသဖြင့် အားလုံးစိတ်မကောင်းဖြစ်သွားကြသည်။





''ဟော… ဟိုမှာ… ဟိုမှာ မသူရေ၊ မသူတော့ ချက်နှာကို ရေခဲရေသာ လောင်းထားပေတော့''

''ဟင့်… ဘာဖြစ်လို့လဲ''

''ညီလာခရဲ့အမေ ဒေါ်ရွှေစံပယ်လေ''

''ဟုတ်လား''

သူတို့လည်း လှည့်အကြည့်။

ဒေါ်ရွှေစံပယ်ကလည်း လှမ်းမြင်ရာ သတို့သားရော၊ သတို့သမီးပါ သွားကြိုကြသည်။

''လာ… အန်တီ၊ ဒီမှာပဲ ဝိုင်းလိုက်တော့''

''ကောင်းတယ်၊ ကောင်းတယ်၊ စကားပြောဖော်ရတာပေါ့''

တစ်ယောက်တည်းလာသည့် ဒေါ်ရွှေစံပယ်က ဒေါ်စန္ဒာဘေးမှာ ဝင်ထိုင်လိုက်သည်။

''မမရွှေရယ်… မမရွှေကဲ့ ခုလို ထူထူထောင်ထောင် လေးမြင်ရတာ ကျွန်မ တအားဝမ်းသာတာပဲ၊ ပြီးတော့လေ ကလေးတွေကိစ္စအတွက်လည်း တွေးမိတိုင်း မမရွှေကို ကျွန်မ မျက်နှာမကြည့်ရဲလောက်အောင် အားနာရပါတယ်ရှင်''

ဒေါ်ရွှေစံပယ်က 'နားလည်စွာ ပြုံးသည်။

''ဒါတွေက ပြီးခဲ့ပါပြီ မသူရယ်၊ လူကြီးတွေအကောင်းမယ်ထင်လို့ စီစဉ်ကြတာပဲ၊ သူတို့က သဘောတူအားချင်း

www.burmeseclassic.com



ညှိနိူင်းဖို့ကိုပဲ စိတ်မဝင်စားကြတဲ့ဟာ၊ ဘာတတ်နိုင်မှာလဲ၊ သမီးကတော့ ရှက်ရှာမှာပေါ့လေ၊ ဒါပေမယ့် သမီးက ဒီပြင်နေရာမှာ ဆိုးချင်ဆိုးမယ်၊ မရွှေအပေါ်မှာတော့ အရမ်းငှဲညာတဲ့သမီးပါ၊ စေ့စပ်ပွဲကိစ္စ ယောက်ျားဘက်က ပျက်သွားတော့ သူ တအားရှက်သွားတာ၊ ဒါပေမယ့် မရွှေကိုငှဲပြီး ဘာမှမပြောရှာပါဘူး၊ မအေက နှလုံးရောဂါသည်ဆိုတော့ သူ့ကြောင့် တစ်စုံတစ်ခုဖြစ်သွားမှာ စိုးရှာတယ်၊ အဲဒါကြောင့် မရွှေလည်း သမီးစိတ်ချမ်းသာအောင် ကိုယ့်ကိုယ်ကိုလည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာတဲ့အသွင် နေပြရတာပေါ့၊ ရင်ထဲမှာ တော့ ကောင်းပါ့မလား မသူရယ်၊ မရွှေရင်ထဲက အပူက ဒီ မင်္ဂလာကိစ္စတွေဖြစ်မှ ရှိခဲ့တာမှမဟုတ်ဘဲ''

ဒေါ်ရွှေစံပယ်က ငွေကြေးချမ်းသာကြွယ်ဝတဲ့သူမို့ ဆွေမျိုးသားချင်းတို့၏ ပြုစုစောင့်ရှောက်မှုနှင့် ခြွေရံသင်းပင်းများစွာနဲ့ နေနိုင်ခဲ့ပေမယ့် နှလုံးရောဂါသည်…

မုဆိုးမဖြစ်သည့် သူမမှာ စိတ်အေးချမ်းမြေ့ခဲ့ရသည်ဟူ၍ မရှိပေ။

သူမ အိမ်ထောင်ကွဲတော့ သမီးအငယ်ကို ယောကျ်ားလုပ်သူက ခေါ်သွားခဲ့သည်။

နှစ်ယောက်သား မာနတွေကိုယ်စီနှင့် လမ်းခွဲခဲ့ကြပြီးနောက်မှာ သားအဖနှစ်ယောက်သတင်းကို ဘယ်မှာမှ အစရှာ





မရတော့သလို သေမှန်း ရှင်မှန်း ဘယ်ရောက်နေကြမှန်းလည်း မသိရ။

နောက်ဆုံး ဖအေလုပ်သူ သေဆုံးသွားပြီး သမီးလေး ကျန်ခဲ့သည်ဟု အသံကြား၍ အပြေးအလွှားသွားခဲ့သော်လည်း အလောင်းကိုလည်း မမြင်ခဲ့ရ။ သမီးလေးကိုလည်း မတွေ့ခဲ့ရတော့ပေ။

ကလေးကို ဘယ်သူခေါ်သွားခဲ့မှန်းမသိသလို…

ဘယ်ရောက်သွားပြီဆိုတာလည်း လုံးဝမသိခဲ့ရသဖြင့် ထိုမှစ၍ ဒေါ်ရွှေစံပယ် နှလုံးရောဂါစဖြစ်လာခဲ့တာ ဖြစ်သည်။

ဒါကို သမီးကြီး ညီလာခက နားလည်သည်။

ဒီပြင်ဘယ်နေရာမဆို ပြောဆိုမကောင်းပေမယ့် မအေနဲ့ ပတ်သက်သမျှတော့ အလိုလိုက်ခဲ့သည်သာ ဖြစ်၏။

''မေမေ စိတ်ချမ်းသာသလို လုပ်ပါ''

ဟု ပြောခဲ့သည်ပဲ ဖြစ်လေသည်။

သူမမှာ အနီးက သမီးအတွက် စိတ်ချချင်တာက တစ်မျိုး၊ ပျောက်ဆုံးနေသည့် သမီးလေး ဘေးမသီ၊ ရန်မခ ရှိနေစေချင်တာက တစ်သွယ်။

ရင်ထဲက အပူမီးက ရင်ဘတ်သေးသေးလေးနဲ့ပင် မဆံ့တော့။

''ဟုတ်ပါတယ်၊ မမရွှေမှာ မိသားစုအရေးတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲနေရတဲ့အထဲ အခုတစ်ခါ ကျွန်မက ထပ်နှိပ်စက်သလို ဖြစ်သွားခဲ့ရတယ်''

''ဘယ်ဟုတ်ပါ့မလဲ၊ ဘယ်သူမဆို အကောင်းဆုံးကိုပဲ မျှော်လင့်ကြတာပဲ၊ ဖြစ်လာတာက ကံတရားပါ၊ မရွှေနားလည်တယ်''

''ကျေးဇူးတင်ပါတယ် မမရွှေရယ်၊ ဟောဒီမှာလေ… သူက မစန္ဒာ၊ သူ့သားနဲ့ ကျွန်မသားက တစ်ရက်တည်း၊ တစ်ချိန်တည်းမှာ မွေးကြတာ၊ ဖွားဘက်တော် သူငယ်ချင်းတွေပေါ့၊ အခု စေ့စပ်ဖို့ဖြစ်တော့လည်း တစ်ရက်တည်းပဲ၊ စေ့စပ်ပွဲပျက်အောင် ထွက်သွားကြတာလည်း နှစ်ယောက်အတူပဲလေ၊ ခုထိ ဘယ်ရောက်နေကြမှန်းကို မသိပါဘူး မမရွှေရယ်''

ဒေါ်ရွှေစံပယ်ကိုမြင်တိုင်း မျက်နှာပူရ၊ တောင်းပန်ရ…

ဒီကိစ္စတွေ ဘယ်တော့မှများ အသားတကျ မြေပျောက်တော့မှာလဲ။

* * *



## အခန်း ⏩ ၁၆ ⏪

''ပြောတာ မပြောတာက သူတို့အလုပ်ပါ၊ အဓိကက ကိုယ် ဖြစ်ချင်တာဖြစ်ရဖို့ပဲ၊ ဘာလဲ… မင်းက ပြန်ချင်လို့လား''

''မဟုတ်ဘူး၊ ဖေဖေ နေမကောင်းဘူးဆိုတော့ ငါ့ကို ဒေါသမပြေတာနဲ့များ ဆိုင်နေသလားလို့၊ ငါ ဒီလောက်ထိ ပဋိပက္ခ လုပ်ဖို့တော့ စိတ်ကူးမရှိခဲ့ပါဘူး''

''အေးလေ… အခု မင်းစိတ်ပူနေတယ် မဟုတ်လား''

''ပူတာပေါ့ကွ၊ ဒါပေမယ့် ငါ မပြန်ပါဘူး''

''မပြန်ဘဲနေပြီး သံယောဇဉ်မျက်နှာကြီးနဲ့ နေတယ်ဆိုရင် ကျက်သရေမရှိဘူးနော်၊ ငါက နောက်ပိုင်းလာကတာ မဟုတ်ဘူး''

''သိတယ်၊ မင်း နှစ်ပါးသွားကချင်တာ''



www.burmeseclassic.com

www.burmeseclassic.com



အပါက ခပ်လွန့်လွန့်ပြုံး၍ နေရာမှထရပ်လိုက်သည်။

'ကက'က သူလှုပ်ရှားတဲ့အတိုင်း မမှိတ်မသုန် လိုက်ကြည့်နေလျက်…

''ဘာလဲ… ဝန်ခံနေတာလား''

ထပ်မေး၏။

အပါက ဟက်ခနဲရယ်၍ ချာခနဲ ပြန်ကြည့်ကာ…

''ဟုတ်တယ်၊ မိန်းကို ငါ ချစ်နေပြီ''

'ကက'က မဲ့၍ တစ်ဖက်လှည့်၏။

''မင်းထက် အများကြီး အသက်ငယ်တယ်''

''ငယ်တော့ ဘာဖြစ်လဲ''

''မိန်းက အဖြူထည်လေးရယ်''

''ပိုကောင်းတာပေါ့''

''ငါတို့က သူ့ကို စောင့်ရှောက်ရမှာ''

''ငါတို့မဟုတ်တော့ဘူး ကက၊ မိန်းကို ငါ တစ်သက်လုံး စောင့်ရှောက်ဖို့ ဆုံးဖြတ်ပြီးပြီ၊ မင်း မပါဘူး''

'ကက'က တစ်ဖက်သားရဲ့ဒေါသကို နှိုးဆွစေသော ရယ်ခြင်းမျိုးနှင့် တမင်ညှစ်ရယ်၏။

''ခုမှ တာထွက်တာ၊ ငါနိုင်ပြီလို့မပြောနဲ့လေ၊ မင်းနဲ့ ငါ ဘယ်သူမှ ရှေ့မရောက်သေးတာ၊ ပန်းတိုင်ရောက်ဖို့က လိုပါသေးတယ်''





အပါကလည်း အပြုံးမပျက်ပေ။

''ငါက ပြိုင်ဘက်ကို သိပ်မုန်းတာကွ၊ ဘယ်နေရာမှာမှ ပြိုင်ဘက်မထားဘူး၊ ငါဟာ နံပါတ်တစ်နေရာမှာပဲ အမြဲရှိမယ်''

''လုံးဝထပ်တူပဲ၊ နေရာတော်တော်များများမှာ နံပါတ်တူနေတာတွေရှိတယ်နော်၊ အဲဒါ မင်းမမေ့နဲ့''

''မင်းက မိန်းကိုချစ်နေဟယ်လို့ ပြောချင်တာလား''

''ဒါကို ငါ့ဘက်က စမ်းသပ်ခံဖို့မလိုပါဘူး၊ ခုချိန်မှာ မိန်းရင်ထဲမှာ မင်းရော ငါရော နှစ်ယောက်လုံးရှိတယ်၊ မင်း နံပါတ်တစ် မဟုတ်သေးဘူးဆိုတာ သိဖို့ပြောတာ''

အပါက ခေါင်းတညိတ်ညိတ်နှင့် မဲ့ပြုံးပြုံးသည်။

''မိန်းမတစ်ယောက်အပေါ် အဲဒီလောက် မြန်မြန်ရင်ခုန်သွားမိမယ်လို့ ငါ့ကိုယ်ငါကောင်း မထင်ခဲ့ဘူး၊ ဒါပေမယ့် ရင်ခုန်ခဲ့တာ ဆန်းတော့မဆန်းပါဘူး၊ မိန်းက ဒိုင်လှတာ သူ့ထက်လှတာတောင် သူ့လောက်မလှနိုင်ဘူး၊ မိန်းကို ငါ အမှတ်တမဲ့မြင်လိုက်ရကတည်းက မသိစိတ်က ဘပ်မက်သွားခဲ့တာ ထင်တယ်၊ ပိုပြီးဆန်းတာကမင်းနဲ့ မိန်းကို ငါ တွဲပြီးမတွေးခဲ့တာပဲ၊ ရောယ်လေ… မင်းဟာ မိန်းကို တကယ် စိတ်ဝင်စားတာပဲ ဖြစ်ဖြစ်၊ ငါ့ကို တိုက်ခိုက်ဖို့သက်သက်ပဲ ဖြစ်ဖြစ်ပေါ့၊ ဒါကို ငါ တားဆီးနိုင်တာမှ မဟုတ်တာ''



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်ဆိုသော သဘောနှင့် 'ကက'က ဆတ်ခနဲ ခေါင်းညိတ်၍ ပြုံးနေသည်။

"တစ်ခုတော့ရှိတယ်၊ မင်း မိန်းကို ချစ်ရေးမဆိုပါနဲ့"

"ငါ့သဘောပါ"

"မှန်တယ်၊ ဒါပေမယ့် ဒီအတိုင်းနဲ့ပဲ မိန်းရဲ့အလေးသာမှုကို ကြည့်တာ ပိုကောင်းတယ်"

"မင်းမပြောရင် ငါမပြောဘူး"

"မင်းကြောင့် ငါမပြောဘဲနေရမှာ၊ နောက်တစ်ခုက အခြေအနေကို သဘောပေါက်တာနဲ့ မင်း နောက်ဆုတ်ရမယ်"

"ငါက"

"ဟုတ်တယ်"

"မိန်း ငါ့ကိုပြန်ချစ်မှာမဟုတ်ဘူးလို့ ပြောလိုက်တာလား"

"အစကတည်းက သေချာပြီးသား"

"ဟား ဟား ဟား"

'ကက'က အော်ရယ်သည်။

"အပါရာ၊ မင်းလည်း ပါမောက္ခ၊ ငါလည်း ကထိကပဲ၊ အပြတ်အသတ် ချန်ထားခဲ့လို့ရမယ် ထင်နေလား၊ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းရာ မကျဘူးလား"

"မင်းရင်ထဲမှာ ငါ့ကိုတိုက်ခိုက်ဖို့ ဆန္ဒတွေပဲရှိနေတာ





ငါသိတယ်၊ အဲဒီအတွက် အချစ်နဲ့သိမ်းပိုက်မယ့် ငါ့ကို မင်း ဘယ်တော့မှ ကျော်တက်လို့မရဘူး"

"မှားသွားပြီ၊ အဲဒါ လုံးဝမှားတယ်၊ မိန်း ဒီလောက်လှတာ ငါလည်း ခံစားမိတာပဲ၊ မင်းတစ်ယောက်တည်း မျက်စိပါတာမှ မဟုတ်တာ"

"ထားပါတော့၊ ဒါပေမယ့် ခုကိစ္စက ပြိုင်ပွဲမဟုတ်ဘူးနော်၊ သိပ်ကိုနူးညံ့တဲ့ အချစ်ကိစ္စ၊ မာယာမသုံးရဘူး၊ မဖြားယောင်းရဘူး"

'ကက'က ခေါင်းမညိတ်၊ ခေါင်းမခါ လုပ်နေသည်။

သူ့ကို ခပ်စူးစူးကြည့်၍ အပါက နှုတ်ခမ်းတွန့်ရုံလေး ပြုံးသည်။

မင်းရင်ထဲမှာရှိတာထက် ငါက ပိုတယ် ကက…။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ›› ၁၇ ‹‹

"ဦးလေးကြာ… ခြံသော့ ဘယ်မှာလဲ"

"ထားနေကျနေရာမှာပဲလေ လူလေးရဲ့၊ လူလေး အပြင်ထွက်မလို့လား"

"မထွက်ပါဘူး၊ ဦးလေးလည်း မထွက်နဲ့တော့နော်၊ တံခါးကို သော့သာခတ်ထားလိုက်၊ ကျွန်တော်တို့ထွက်ချင်မှ ဖွင့်ထွက်သွားမယ်၊ ဦးလေးကြာ အလုပ်အားရင် ခြံထဲမှာ နိုင်သလောက်လေး ရှင်းလင်းပေးပါဦး၊ လမ်းလေး ဘာလေး လျှောက်ရင် အမှိုက်တွေများတော့ မြေပါး ကင်းပါးနဲ့၊ လိုအပ်ရင်လည်း အလုပ်သမား ငါးယောက်လောက် ခေါ်လိုက်ပါ"

"ခေါ်မနေပါနဲ့ကွယ်၊ လူလေးတို့လည်း ကြာကြာနေမှာမှ မဟုတ်တာ၊ ဦးလေး နိုင်သလောက်ရှင်းသွားပါ့မယ်၊ ကဲ ကဲ… ဗိုက်ဆာကြပလား၊ အားလုံးကျက်ပြီ"

"မိန်း… မီးဖိုထဲမှာလား ဦးလေးကြာ"





"အေး… ဟုတ်တယ်၊ မလုပ်ပါနဲ့ဆိုလည်း မရဘူး၊ သူပဲ ဝင်ချက်ပြုတ်နေတာ"

"လုပ်ပစေ၊ အလုပ်မရှိတော့ သူပျင်းမှာပေါ့"

အပေါ် မီးဖိုခန်းဘက် လျှောက်လာခဲ့သည်။

"အဲဒါကြောင့်ပြောတာပေါ့ မင်းကို၊ စားကိုင်ထားရင် စကားမများရဘူးလို့"

"ကိုကိုပဲ မေးပြီးတော့"

"မေးတာ ပါးစပ်ကဖြေလေ၊ မျက်လုံးက ကြည့်လို့ပေါ့"

"မိန်းက စကားပြောရင် မျက်နှာကြည့်ပြောရမှ အားရတာ"

"အေးပါ၊ မျက်နှာအကြည့်ကောင်းလို့ ထိတာ၊ ပြောစမ်း၊ ဘယ်လောက်ချောသလဲ ဒီမျက်နှာ"

"ချောတာပေါ့၊ ကိုကိုတို့နှစ်ယောက်လုံး ချောတယ်"

"ဘယ်သူကမှ မပိုဘူးလား"

ရှေ့ဆက်ဝင်သွားတော့မည့် ခြေလှမ်းက မလှမ်းဖြစ်တော့ဘဲ အပေါ် နေရာမှာပဲ အသာရပ်နေလိုက်မိသည်။မိန်းသက်ကို 'ကက'က ပတ်တီးစည်းပေးနေလျက်…

"ပြောလေ မိန်း"

"အင်း… ဘယ်လိုပြောရမယ် မသိဘူး၊ ကိုကိုက

www.burmeseclassic.com



ဆံပင်တိုတို မဟာနဖူးထောင့်နဲ့ဆိုတော့ ရှင်းသန့်ခန့်ကြည်နေတာပဲ၊ အရပ်လည်းမြင့်တော့ ပုဆိုးပဲဝတ်ဝတ်၊ ဘောင်းဘီရှည်နဲ့ပဲနေနေ ကြည့်ကောင်းတယ်၊ နှုတ်ခမ်းက ပြည့်ပြည့်ထူထူ အနီရောင်သမ်းနေတော့ ကိုကိုက မျက်လုံးလည်းလှတယ်လေ၊ မြင်တာနဲ့ သဘောကောင်းတဲ့သူမှန်း သိသာတယ်''

မိန်းက မျက်တောင်ကော့လေးတွေ တစ်ချက်ပင့်လှန်၍ စဉ်းစားသလိုလေးလုပ်ကာ

''ကိုကိုကျတော့ ကိုကို့လိုမဟုတ်ဘူး၊ ဆံပင်ကရွှေရောင်ရောနေတယ်၊ ပြီးတော့ ဂုတ်ထောက်၊ ကိုကို့ထက် အသားနည်းနည်း ပိုဖြူတယ်၊ မျက်လုံးမှေးသလိုထင်ရပေမယ့် မျက်တောင်တွေထူပြီး မည်းတော့ ဂျစ်ကန်ကန် ပေစောင်းစောင်းကြည့်တတ်တဲ့ ကိုကို့မဲ့ပြုံးနဲ့ မျက်လုံးက တအားကြည့်ကောင်းတာ၊ တစ်ခါတလေ မျက်လုံးမှေးပြီး နောက်ကိုသမင်လည်ပြန်ပြုံးကြည့်ရင် မိန်း ငေးနေမိသေးတယ်''

''ဒါဆို ငါ ကျန်ခဲ့ပြီပေါ့''

''မကျန်ခဲ့ဘူး ကိုကို၊ ကိုကို့ကို ကြည့်ရင်လည်း ချောတာပဲ၊ ကိုကိုနဲ့ကိုကို နှစ်ယောက်လုံးချောတာ၊ ပြောစရာတစ်ခုပဲရှိတယ်၊ ကိုကို့ထက် ကိုကိုက မသိမသာလေး အရပ်ပိုရှည်တယ်၊ ဆံပင်ရှည်တာနဲ့ အရပ်မြင့်တာနဲ့၊ သူ့စတိုင်နဲ့က အရမ်းကြည့်ကောင်းသွားတာ၊ ကိုကိုလည်း ကိုကို့ပုံစံနဲ့ ကိုကို





ချောတာပဲ၊ မိန်း ကဲကောင်းတယ်နော်၊ အစ်ကိုတို့ နှစ်ယောက်လုံး ချောကြတယ်၊ အစ်ကိုအရင်းတွေသာဆိုရင် ယောက်မတော်ချင်သူတွေ ဝိုင်းဝိုင်းလည်ပြီး မျက်နှာပွင့်မှာ အရမ်းပဲ''

''အခု… အစ်ကိုအရင်းတွေမဟုတ်ဘူးဆိုတော့ ဒီပြင်မိန်းကလေးတွေနဲ့ငြိသွားရင် မင်း ဘယ်လိုနေမလဲ''

မိန်း ရုတ်တရက် အသံတိတ်သွားသည်။ ပြီးတော့မှ··

''မိန်းနဲ့မှ ဘာမှမဆိုင်တာ ကိုကိုရယ်၊ ဘာတတ်နိုင်မှာလဲ၊ အဲ··· အဲဒီကျရင် မိန်းကို ကိုကိုတို့က လက်မခံတော့ဘူးပေါ့နော်''

အပေါ် သူခိုးကျင့် သူခိုးကြံနှင့် ချောင်းကြည့်လိုက်မိသည်။ မိန်းမျက်နှာလေးမှာ ဘာအညစ်အနွမ်းမှ အရာမထင်။ သူမ အားကိုးရာမဲ့သွားမှာ တစ်ခုတည်းကိုသာ တွေးမိဝမ်းနည်းသွားတာဖြစ်ကာ သနားစဖွယ်လေး ဖြစ်လေသည်။

''အင်း… မိန်းမရသွားရင်တော့ မင်းကိုခေါ်ထားတာ မိန်းမက ကြိုက်ချင်မှကြိုက်မှာပေါ့၊ ဒါပေမယ့် ငါတို့ ပြိုင်တူလက်မထပ်ဖြစ်ရင် လက်မထပ်သေးတဲ့တစ်ယောက်ဆီမှာ လိုက်နေလို့ ရတာပဲ''

မိန်းက ပတ်တီးစည်းထားသည် လက်ညှိုးလေးကို ခပ်ဖွဖွပွတ်ကြည့်နေရင်း··

''အဲဒီကိုကိုလည်း လက်ထပ်မှာပဲ ဥစ္စာ၊ မိန်းကို



www.burmeseclassic.com

www.burmeseclassic.com



နှင်ချမှာပဲ''

''ဒါဆိုလည်း မင်းကိုယ်တိုင် လက်ထပ်လိုက်ပေါ့၊ တစ်ဘဝလုံး အားကိုးလို့ရအောင်''

မိန်းက မျက်မှောင်လေးကုတ်၍ 'ကက'ကို မော့ကြည့်သည်။

''မိန်းက လက်ထပ်ရမယ်''

''အင်းလေ… မိန်းကလေးဆိုတာ အားကိုးရှာရတာပဲ၊ မိဘအသိုင်းအဝိုင်းရှိတဲ့ မိန်းကလေးတွေတောင် အချိန်တန် အရွယ်ရောက်လာရင် လက်ထပ်ကြတာပဲ၊ မင်းအတွက် ပိုပြီး လိုအပ်တာပေါ့''

မိန်းက ခေါင်းလေးခါသည်။

''အားကိုးစရာမရှိလို့ ယောက်ျားယူရတာ မကောင်းပါဘူး ကိုကို၊ ပြီးတော့ မိန်းက သူများမွေးစားလို့ ကြီးပြင်းခဲ့ရတဲ့ မိဘမဲ့ပါ၊ မိန်းဘဝကိုပဲ မိန်း စိတ်ဝင်စားတယ်၊ ကျန်တာ ဘာမှစိတ်မဝင်စားဘူး၊ တစ်ခုပဲ ပူတယ်၊ ကိုကိုတို့လို လူကောင်း သူကောင်းတွေလက်ထဲကနေ ထွက်သွားရတဲ့အခါ ယုတ်မာ တတ်သူတွေနဲ့ ပတ်သက်ဆက်စပ်မိမှာကိုပဲ''

''ဒါလည်း လွယ်တာပဲ''

စကားမဆက်နိုင်အောင် အပါ မီးဖိုခန်းထဲ ခြေတစ်လှမ်းပစ်သွင်းလိုက်ရင်း…

သစ္စာမွန်စာပေ



''ကျက်ရင် စားရအောင်ကွာ၊ ဆာတယ်''

''စားလို့ရပြီ ကိုကို၊ အားလုံးကျက်နေပြီ''

မိန်းက နေရာမှ ချက်ချင်းထရပ်သည်။

''မိန်းနေလေ… ကိုယ့်ဟာကိုယ်ပဲ ခူးစားလိုက်မယ်၊ မင်းမှာ အနှာနဲ့''

'ကက'က မိန်းကို လှမ်းတားသည်။

''ရတယ် ကိုကို၊ ပန်းကန်တွေက ဆေးပြီးသား၊ ဟင်းခတ်ရုံပဲ''

မိန်းက ပန်းနုရောင် ဘလောက်စ်ပါးပါးလေးနဲ့ ကချင်ထမီအနီရဲလေး ဝတ်ထားကာ မြင်နေကျအတိုင်း ကျစ်ဆံမြီး နှစ်ဘက် ခွဲကျစ်ထား၏။

ပါးပေါ်မှာ ပါးကွက်ထူထူကြီးတင်ကာ ဆံမြိတ်ပါးပါးလေး ချထားသဖြင့် နုဖတ်အိစက်နေသည်။

မိန်းကို လှမ်းကြည့်မိကြရင်း အပါနဲ့ကက တစ်ယောက်ကို တစ်ယောက် ပြန်ကြည့်လိုက်မိကြတာလည်း ပြိုင်တူ… ပြုံးလိုက်ကြတာကလည်း တစ်ထပ်တည်း။

အပါက လက်မနဲ့ မျက်ခုံးကိုခြစ်ရင်း တစ်ဖက်သို့ သွားသည်။ 'ကက'က နှာခေါင်းတစ်ချက်ပွတ်၍ မဲ့၏။

ရယ်စရာတော့ အကောင်းသား။

❋ ❋ ❋

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▸▸ ၁၈ ◂◂

''ကိုကိုရေ… အအေးရပြီ''

မိန်းက အအေးပုလင်းနဲ့ ဖန်ခွက်တွေကို ဗန်းလေးနဲ့တင်၍ ဘေးမှာ အသာချကာ အပါတို့ စစ်တုရင်ကစားနေကြတာကို ထိုင်ကြည့်သည်။

သို့သော် ဘာမှနားမလည်သည့်အပြင်မှာ အရုပ်တွေကို တိတ်ဆိတ်စွာ စိုက်ကြည့်ရင်း တောင်ရွှေ့ မြောက်ရွှေ့ လုပ်နေကြသည်ပဲမြင်ကာ ကြာတော့ ပျင်းလာသည်။

ထို့ကြောင့် နေရာမှထကာ ခြံထဲကို တစ်ယောက်တည်း ထွက်လာခဲ့၏။

အောက်ခြေမှာ ရှင်းပြောင်နေသော နေပြောက်မထိုးသာအောင် သစ်တော်ပင်တွေ တန်းစီနေသော ခြံကြီးထဲမှာ လေနုအေး လေတဖြူးဖြူးနှင့် လမ်းလျှောက်နေရတာကို မိန်းကြည့်နူးနေမိ၏။





သစ်တော်ပင်ကြီးတစ်ပင်အောက်ရောက်တော့ အပေါ်မှ ရှဉ့်ကိုက်၍ပုပ်ပွ ပျက်စီးနေသော အသီးများကို မော့ကြည့်နေမိသည်။ ဂရုစိုက်ပြုပြင်ပေးမည့်သူမရှိတော့ ကြည့်ပါဦး။

အပင်ပေါ်မှာ အသီးတွေ ပျက်စီးကုန်တာ မနည်းမနော။

မိန်း အပင်ပေါ်ကို ဇက်လန်မတတ်မော့ကြည့်ရင်း နောက်ပြန်ဆုတ်မိတာ ဖိခနဲ နင်းလိုက်မိသည့် ပျော့စိစိအရာကြောင့် ငုံ့ကြည့်လိုက်မိသည်။

''ဟင်''

မိန်းတစ်ကိုယ်လုံး တောင့်တင်းသွား၏။

မြွေကြီး…

ခေါင်းတည့်တည့်ကိုမှ တက်နင်းလိုက်မိသဖြင့် မြွေကဒေါသကြီးစွာ သူမခြေကျင်းဝတ်ကို နှစ်ပတ် သုံးပတ်လှမ်းပတ်ပစ်သည်။

မိန်း အကြောက်လွန်ကာ ကြက်သေသေသွားလေသည်။ မြွေက နာလေ ရစ်ပတ်မှုကို တင်းကျပ်ပစ်လေ…

ထမိတိုတိုဝတ်တတ်သည့် မိန်းခြေထောက်မှာ မြွေက လွတ်လွတ်လပ်လပ်ကြီး ပတ်နေတာဖြစ်သည်။

ခြေထောက်ကြွပေးလိုက်လို့ကတော့ ဒီမြွေရဲ့ဒေါသတွေက သူမကို အလွတ်ပေးတော့မည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



မိန်း ချွေးသီးချွေးပေါက်တွေကျကာ ဖျတ်ခနဲ သတိဝင်လာကာ

"ကိုကိုရေ… ကိုကိုရေ… လာပါဦး"

အသံပြာအောင် ကုန်းအော်လိုက်မိသည်။

"ဟာ… မိန်း… မိန်းအော်တာ"

အပါတို့ ဆတ်ခနဲဖြစ်သွားကာ အပြေးအလွှား ထလာကြသည်။

"ဟာ"

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် နှစ်ယောက်လုံး ဘာလုပ်ရမှန်းမသိ ဖြစ်သွားလေသည်။

"လုပ်ပါဦး ကိုကို၊ မိန်းကြောက်တယ်… ဟီး… ဟီး"

မိန်း ထမီလေးမကာ အသားဆတ်ဆတ်တုန်နေ၏။

"ကက… မင်း မိန်းကို ခပ်လှမ်းလှမ်းထိပါအောင် ဆွဲချ၊ ငါ မြွေကိုဖိထားမယ်"

"နေဦးလေ… မြွေခေါင်းက ဘယ်မှာမှန်းမသိဘဲနဲ့"

ခွေနေသည့်မြွေကို မိန်းက နင်းထားတာ ဖြစ်သည်။

သူမခြေထောက်အောက်မှာ ခေါင်းနဲ့ တစ်ရစ်ခွေထားလျက်ရှိကာ လွတ်နေသည့် အမြီးဖျားပိုင်းက ခြေထောက်ကို လှမ်းပတ်ထားတာဖြစ်၏။





"မိန်း… ခြေထောက် လုံးဝမကြွနဲ့နော်၊ ဖိနင်းထား"

အပါက ပတ်ဝန်းကျင်မှာ လက်နက်ရှာသည်။

အခန့်သင့်ပင် သစ်တော်ပင်တစ်ပင်မှာ သံချိတ်တစ်ချောင်း ချိတ်ထားတာတွေ့၍ ဖြုတ်ယူလိုက်၏။

ထို့နောက် သံချိတ်ကိုဖြောင့်တော့ တစ်ယောက်တည်း မနိုင်သဖြင့် 'ကက'ပါ ဝင်ကူညီရသည်။

ချိတ်ဖြောင့်သွားပြီဆိုမှ…

"ကက… မင်း မိန်းကိုဆွဲနော်"

"မင်းက ဘာလုပ်မလို့လဲ"

"ငါ မြွေခေါင်းကို ဒါနဲ့ထိုးထားပြီး အမြီးကို ဆွဲချပေးမယ်"

"ခေါင်းကိုမှ မမြင်ရတာကွ"

"ရတယ်၊ ကိုယ်လုံးကိုကြည့်ပြီး ခေါင်းဘယ်အပိုင်းမှာလဲဆိုတာ ငါသိတယ်"

အပါက ဆေးပညာသင်ထားခဲ့သည်မို့ ဒါတွေကို သိနေပြီးသား။ နှစ်ယောက်သား မိန်းနားကိုကပ်လာကာ အပါက မိန်းရဲ့ခြေထောက်နားမှာ မှဆိုးဒူးထောက်ထိုင်လိုက်သည်။

မြွေရစ်ပတ်ထားသည့် ဖောက်လျှောက်ကို သေချာကြည့်၍

"မိန်း… ခြေထောက် ဒီဘက်က သာသာလေး



www.burmeseclassic.com

www.burmeseclassic.com



ကြွစမ်း၊ မလွှတ်စေနဲ့နော်၊ ကာကကိုကိုင်ပြီး သာသာကြွ''

''အပါ… မင်း ပိုင်မှလုပ်နော်၊ မြွေပွေးကြီးရယ်၊ နောက်ကိုဆုတ်ထိုင်ကွာ''

ကာက အပါကို စိတ်မချသလို လှမ်းအော်သည်။

''ရတယ်၊ မင်းသာ ငါအချက်ပြတာနဲ့ မိန်းကို ဆတ်ခနဲ ဆွဲချလိုက်''

''မိန်း-သူ့ဟာသူ ခုန့်ထွက်ပစေကွာ၊ ငါက အမြီးကိုဆွဲထားမယ်၊ မင်းက ခေါင်းကိုဖိ''

''ရပါတယ်ဆိုကွာ၊ ကဲ… စမယ်''

အပါက အနည်းငယ်ပေါ်လာသည့် မြွေခေါင်းကို သံချွန်နဲ့ တအားဖိထိုးလိုက်သည်။

''အား''

မြွေက နင်းခံထားရသဖြင့် မလှုပ်နိုင်သော်လည်း ခြေထောက်မှာ ရစ်ပတ်မှုက နာနာကြည်းကြည်းဖြစ်လာသဖြင့် မိန်း ကြောက်အားလန့်အား ယအော်လေသည်။

မြွေရဲ့ခေါင်းက သွေးတွေ တအားစိမ့်ထွက်လာသည်။

လက်တစ်ဖက်က မြွေရဲ့အမြီးကိုင်၍ ဆွဲခွာရင်း…

''ကာက… ဆွဲဟေ့''

''ရရဲ့လား၊ ခေါင်း သေချာမိရဲ့လား''

''မိနေပြီ''





''မြေကြီးမှာ နစ်စွဲနေအောင် ဖိရဲ့လား''

''အေးပါဆိုကွာ''

''ဆွဲမယ်''

''ဆွဲပြီ''

''အမေ့''

ကာက စိုးရိမ်ကြီးကာ တအားဆွဲချလိုက်သဖြင့် မိန်းနဲ့ ထပ်လျက် လဲပြိုကုန်ကာ မြွေက ရှန်းကန်သဖြင့် လက်ထဲ ၂ ချော်ကာ အပါ့လက်ကောက်ဝတ်ကို သုံးလေးပတ်ပတ်လေသည်။

သံချွန်နဲ့ မြေပြင်မှာစွဲနေသော ခေါင်းကိုပင် အနာခံ၍ ရုန်းကန်အသက်ပြင်းနေသော မြွေကြီးက မျက်လုံးပြူးလျက် အစွယ်ကို ဖြဲကာ…

မိန်း လဲကျနေရာမှ ကပျာကယာ ကျုံးထလိုက်သည်။

သို့သော်…

မြွေကြီးအပါ့လက်ကို ပတ်ထားတာမြင်လျှင်…

''အမလေး… ကိုကို့ကို မြွေကြီး… မြွေကြီး''

ကိုယ့်ကို အပတ်ခံထားရတုန်းက ဘာမှမဖြစ်ဘဲ အပါ့လက်မှာ ပတ်ထားတာမြင်မှ မိန်း မေ့မျောပျော့ခွေကျသွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၁၉ ⏪

မပြုံးဘဲ ဝါးလုံးကွဲရယ်ချလိုက်သူတွေကို မျက်တောင်လေး တဖျပ်ဖျပ်ခတ်ကြည့်ရင်း ကြာတော့ နှုတ်ခမ်းစူလေသည်။

"ကိုကိုတို့က ဘာမှန်းလည်းမသိဘူး"

"ဟား ဟား ဟား…"

ကကက ဗိုက်နှိပ်ရယ်သည်။

အပါက မိန်းနဖူးလေးကို စာအုပ်နဲ့လှမ်းရိုက်၍ ရယ်၏။

"ကံကတော့ ကောင်းပါ့ဗျာ၊ မြွေပွေးကို အမြီးတော့ မနင်းဘဲ ခေါင်းကိုတက်နင်းမိသတဲ့၊ သူ့ကိုယ်သူတော့ သေမှာကြောက်သား၊ လန့်ဖျပ်ပြီးလစ်မသွားဘူး၊ အော်လိုက်တာကယ်ပါ ယူပါနဲ့၊ လွတ်ပြီ ကျွတ်ပြီဆိုမှ သူများကိုကြည့်ပြီး သတိလစ်ရတယ်၊ တော်တော်လိမ္မာတဲ့ သတိ"

ကက ပြောရင်း ရယ်ရင်း…

"အံမယ်… သူ့ကျတော့ မြွေမကိုင်ရဲဘဲနဲ့"





မိန်းက နိုင်ရာနဲ့ လှမ်းတွယ်သည်။

"အမှန်ပဲ၊ ငါကတော့ ဂေါ်ဇီလာနဲ့ပဲ ဖက်သတ်ရသတ်ရ၊ မြွေတော့ ကြောက်တယ်၊ ပျော့စိ ပျော့စိ ချောချောကြီးကို အရမ်းရွံတာ"

"ဟင့်… သူ့ကျတော့…"

မိန်းက မျက်စောင်းလေးရွယ်သည်။

"ဟိတ်… မျက်စောင်း ခဏ ခဏ မထိုးရဘူး၊ ပုရွက်ဆိတ် အကောင်ကြီးကြီး ကိုက်တတ်တယ်"

မိန်း ခေါင်းလေးငုံ့၍ ရယ်သည်။

"ဘာမှလည်းမဖြစ်ဘဲနဲ့၊ အိပ်ရာပေါ်မှာ လူမမာကြီးလုပ်မနေနဲ့၊ ထ…. ထမင်းသွားပြင်၊ စားမယ်"

"ဟင်… ဟုတ်သားပဲ၊ မိုးတောင်ချုပ်တော့မယ်နော်"

မိန်းက အိပ်ရာပေါ်က ကပျာကယာထသည်။

"ထမင်းပြင်ပြီးနေပြီကွဲ့၊ စားရုံပဲ၊ လူလေးရေ… ဦးလေး သွားတော့မယ်"

"ဟုတ်ကဲ့… ဦးလေးကြာ"

ဦးကြာဖြူက တစ်နေကုန် အိမ်ထဲမှာ ချက်ပြုတ်ပေး၊ ခြံထဲမှာ အမှိုက်ရှင်း….

မိုးချုပ်သည်နှင့် ခြံတံခါးနားက သူ့အိမ်လေးထဲ ပြန်နေသည်။ ဒီလိုပါပဲ… ဦးကြာဖြူက ခြံစောင့်ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အပါတို့အိမ်က တစ်ယောက်ယောက်လာတိုင်း ချက်ပြုတ်လုပ်ကိုင်ပေးသည်။

ဘာမှလိုလေသေးမရှိအောင် တာဝန်ကျေတတ်သူဖြစ်လေသည်။ ထမင်းဝိုင်းမှာ ထိုင်မိကြတော့ ကြက်အသည်းမြစ်ဟင်းနဲ့ ငါးသလောက်အချဉ်ဆီပြန်၊ ပဲပုပ်ကြော်နဲ့ ခဝဲသီးနဲ့ မှျစ်အချိုဟင်း…

"ငါးသလောက် ဘယ်သူချက်တာလဲ"

"ကြက်သားရော၊ ငါးသလောက်ရော မိန်းချက်တာ၊ ဘာဖြစ်လို့လဲ ကိုကို"

အပါက ငါးဆို ဘယ်ငါးမှမစားပါ။ငါးသလောက်ကိုတော့ ပေါင်းလျှင်စားသည်။ ကြက်သားဆိုလည်း ပေါင်သားမှလွဲ၍ ဘာမှမစား။ အပါ ဘာမှထပ်မပြောပေမယ့် မိန်းက အပါ့မျက်နှာကအလိုမကျခြင်းကို သေချာလိုက်ကြည့်နေကာ…

"ကိုကို ငါးသလောက်မကြိုက်လို့လားဟင်"

"ရတယ်၊ ဘာမှမဖြစ်ဘူး"

ကကက ဟင်းတွေကိုကြည့်၍ ပြုံးသည်။

"ဘာမှမဖြစ်ဘူး မပြောနဲ့လေ၊ မင်းစားတာမှမပါတာ၊ တော်သွားမှာပေါ့"

"ဟင်… ကိုကိုက ကြက်သားတို့ ငါးတို့ မစားဘူးလား"



"မစားဘူး၊ ဒီကောင်က ငါးသလောက်ကို ပေါင်းမှစားတာ၊ ငါးဆို ကျွန်တာ ဘာငါးမှမစားဘူး၊ ကြက်ဆိုအသားပဲ စားတယ်"

"အို… အဲဒါတွေ မိန်း ဘာမှမေးမထားမိဘူး၊ ဒါဆိုဒီထဲမှာ ကိုကိုစားစရာ ဘာမှမရှိတော့ဘူးပေါ့"

အပါက ခပ်ယဲ့ယဲ့ပြုံးပြကာ

"ရပါတယ်၊ ရှိတာနဲ့ပဲ စားမယ်"

မိန်းက 'ကက' ပန်းကန်ထဲကို ကြက်အသည်းမြစ်တစ်စုံ ခပ်၍ ဦးချပေးကာ

"နေဦး ကိုကို၊ မိန်း ငါးအရိုးထွင်ပေးမယ်"

မိန်းက နေရာမှထလာကာ အပါ့ဘေးမှ ကုလားထိုင်ဆွဲ၍ ထိုင်သည်။

"နေပစေ မိန်း၊ မင်းဘာသာ သွားစား၊ သွား"

"ဘယ်လိုလုပ် စားလို့ရမလဲ ကိုကို၊ ကိုကို့မှာ စားစရာမရှိဘဲနဲ့"

မိန်းက ငါးသလောက် ဗိုက်သားကြီးတစ်တုံး ခပ်ယူကာ အရိုးကို သေချာပိုက်ပိပ်တိုက် ထုတ်သည်။

ပြီးမှ အပါ့ထမင်းပန်းကန်ထဲမှာ သပ်သပ်လေးတင်ပေး၏။ 'ကက'က မထိတရိ ပြုံးကြည့်ကာ…

"ဟား… ခါးလိုက်တာကွာ"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုရှုံ့မဲ့၍ နှန်းခက်ရင်းကို ချပစ်သည်။

"ဘာခါးတာလဲ ကိုကို၊ ဘာဖြစ်လို့လဲ"

"အမြစ်က ခါးတာ၊ မင်း သည်းခြေထုတ်တာ မစင်ဘူး ထင်တယ်"

"သည်းခြေထုတ်ပြီးသားဆိုတော့ သေချာ မလုပ်လိုက်မိဘူး ကိုကို"

"လာ… ဒီမှာ ဒီနေရာကို နည်းနည်းကွင်းလှီးပေး"

"ဟုတ်"

မိန်းက လက်ထဲက ငါးတုံးကို အပြီးသတ်အရိုးထွင်ပြီး ကကနားကို ထသွားသည်။

ပြီးတော့ ဗီရိုပေါ်က ဓားပါးလေးသွားယူ၏။

အပါက ထမင်းစားရင်း ကကကို ခပ်ဇွေဇွေ ငုံ့ကြည့်သည်။ 'ကက'က ပြန်ကြည့်၍ ပြုံးပြ၏။

အပါ ပြန်ပြုံးလိုက်တော့ 'ကက' ရင်ထဲအောင့်သလို ဖြစ်သွားသည်။ ပြုံးလိုက်တာ ခပ်ကြောကြောအပြုံးမျိုး…

ကိုယ်ဖန်တီးတဲ့အဖြစ်အတွက် ကိုယ်မလုံ…

ကက အပြုံးက မဲ့ပြုံးဖြစ်လျက် မိန်း ဂရုတစိုက်လုပ်ပေးနေသည့် အသည်းဖတ်လေးတွေကို မစားဖြစ်ဘဲ ကြည့်နေဖြစ်သည်ပဲရှိကာ…

❈ ❈ ❈



## အခန်း ⏩ ၂၀ ⏪

"ဟာ… မင်း ဦးအပါနိုင်ရဲ့သား မဟုတ်လား"

"ဗျာ… ဟုတ်"

"ဟေ… မင်းတို့အကြောင်း မနက်ကပဲ ပြောနေမိသေးတယ်၊ တိုက်ဆိုင်လိုက်တာကွာ၊ ညနေ ငါတို့မိသားစု ရန်ကုန်ကို ဆင်းကြမှာ၊ မင်းတို့အားလုံး ဒီမှာလား"

"အန်ကယ်… ကျွန်တော်တို့က…"

"အေးပါ၊ အန်ကယ်သိပါတယ်၊ မင်းတို့မပြန်ကြသေးဘူးဆိုတာ၊ ဒီလိုဆို အန်ကယ့်အိမ်ကိုတော့ ပြန်လာမှပဲ မင်းတို့ကို ထမင်းဖိတ်ကျွေးရတော့မှာပဲ၊ လောလောဆယ်တော့ ရန်ကုန်မှာ အန်ကယ်က မင်းတို့အိမ်ကို ဇွည့်သည်သွားလုပ်ရမှာကွ"

"အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရေ… ဒီမှာ ညှော်သည်တွေစောင့်နေကြတာ အားနာစရာ"

ခပ်လှမ်းလှမ်းမှ ရပ်နေကြသည့် ကောင်မလေး တစ်ယောက်နှင့် လူကြီးလူငယ်တစ်သိုက်ဆီမှ အသံထွက်လာသည်။

"ကဲ… အန်ကယ့်ကို ခွင့်ပြုဦးနော်၊ မင်းတို့ သစ်တော်ခြံမှာပဲ မဟုတ်လား"

အပေါ် ဂုတ်ပိုးကို တစ်ချက်ပွတ်၍ မျက်နှာမဲ့နေသည်။

"ဟုတ်ကဲ့"

"ဒါဆို အန်ကယ်သွားမယ်၊ ရန်ကုန်က ပြန်လာမှပဲ မင်းတို့ဆီ လာခဲ့မယ်ကွာ"

နှုတ်ဆက်၍ ဦးလေးဖြူ ခပ်သုတ်သုတ် ထွက်သွားသည်။

"ပြဿနာပဲကွာ"

"ဘာဖြစ်လို့လဲ ကိုကို"

ဘေးဘက်က တောင်ပေါ်ဒေသ အစားအစာတွေ ရောင်းနေသည့် ဈေးသည်တွေဆီ အာရုံရောက်နေသဖြင့် မိန်းက ဘာမှ မသိလိုက်။

"ဘာမှမမေးဘဲ ထင်ရာတွေစွတ်ပြောသွားတာပဲ၊ ဒီစကားတွေ ဖေဖေတို့ဆီရောက်သွားရင် ရှုပ်ပြီ"

သစ္စာမွန်စာပေ



"ဘာဖြစ်လို့ရှုပ်မှာလဲ"

"မင်းနဲ့ငါ့ကို…"

မိန်းက မျက်မှောင်လေးကုတ်၍ စဉ်းစားကာ

"အထင်လွဲသွားတာမဟုတ်လား ကိုကို၊ မိန်းကြားလိုက်ပါတယ်"

"ဟုတ်တယ်၊ ငါ…"

"ကိုကိုရယ်… လွဲတော့ဘာဖြစ်လဲ၊ ဟုတ်မှ မဟုတ်တာကိုး၊ မိန်းဖြေရှင်းပေးမှာပေါ့"

သူ မိန်းမျက်နှာလေးကို စူးစိုက်ကြည့်သည်။

သူမမျက်နှာမှာ ရှက်တာ၊ စိုးရိမ်တာ၊ စိတ်ရှုပ်ထွေးသွားတာမျိုး လုံးဝမရှိ။ အထင်လွဲခံရခြင်းကြောင့် ကြည်နူးပီတိဖြစ်နေတာမျိုးလည်း မဟုတ်။

သူမ စိတ်အတွေးခံစားမှုမှာ ဘာဆို ဘာမှမထင်ခဲ့တာဖြစ်သည်။

"ကိုကို"

"ဟင်"

"ကိုကိုက ဘာဖြစ်လို့ အိမ်ကနေ ထွက်ပြေးလာတာလဲ ဟင်"

"ကကလိုပဲ"

"မိန်းမ မလိုချင်လို့ပေါ့"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ကိုကိုတို့နှစ်ယောက်က ညီအစ်ကိုရင်းလည်း မဟုတ်ဘဲနဲ့ မွေးတဲ့အချိန်ကအစ ဖြစ်သမျှအဖြစ်တွေအားလုံးက တူနေတာပဲနော်"

"ဟုတ်တယ်၊ မိန်းမ မလိုချင်ကြတာချင်းလည်း တူတယ်၊ အခု မိန်းကလေးတစ်ယောက်ကို နှစ်ယောက်လုံးက ချစ်နေကြတာချင်းလည်း တူနေတယ်"

"ဟုတ်တယ်"

မိန်း မေးလိုက်ပုံက တကယ့်ကို အံ့သြသွားဟန်…

"အခု ဒီကိုရောက်မှလား၊ ဘယ်သူလဲ ကိုကို၊ ဘယ်ကိုမှလည်း မထွက်ကြဘဲနဲ့ ဘယ်တုန်းက တွေ့ကြတာလဲ"

အပါက မိန်းကို စူးစိုက်ကြည့်၍

"မကြာသေးပါဘူး"

မိန်းက စိတ်ဝင်စားလွန်းသဖြင့် လမ်းတောင်ဖြောင့်ဖြောင့် မလျှောက်နိုင်ဘဲ အပါ့လက်မောင်းကို တစ်ဖက်ကကိုင်၍ မျက်နှာကို မော့ကြည့်သည်။

"အဲဒီမိန်းမက ကိုကိုတို့ထဲက တစ်ယောက်ယောက်ကိုတော့ ပိုမှာပေါ့၊ ပိုတဲ့သူက ရှေ့ဆက်တိုး၊ မပိုတဲ့သူက ကျန်ခဲ့ရုံပဲ၊ မိန်းကလေးချင်းဆို အဆင်ပြေမှာ၊ မိန်း ကူညီမယ်လေ"

အပါက လမ်းလျှောက်နေရာမှ ရပ်ပစ်လိုက်သည်။





မိန်းမျက်နှာလေးကို တစ်ချက်စိုက်ကြည့်ကာ လမ်းဘေးကုန်းမြင့်လေးဘက်ကို လျှောက်ထွက်သွားသည်။

တစ်ဖက်ချိုင့်ထဲမှာ ကြာကန်ကြီးရှိလျက် ပတ်ဝန်းကျင်က သာယာလှ၏။

"မိန်း"

"ရှင်"

"တကယ်လို့ အဲဒီမိန်းကလေးက တစ်ယောက်ယောက်ကို တုံ့ပြန်မယ်ဆိုရင် မင်း အဲဒီတစ်ယောက်ကို ဘယ်သူဖြစ်စေချင်လဲ"

မိန်းက အပါ့နောက်မှာရပ်၍ အကြာကြီး စဉ်းစားနေသည်။

"ပြောလေ မိန်း"

အပါက မိန်းရှေ့မှာ နီးနီးလေးကပ်ရပ်၍ ငုံ့ကြည့်သည်။

မိန်းက အပါ့ကို မော့ကြည့်လျက်…

"ကိုကိုကရော သိပ်ချစ်တာပဲလားဟင်"

"ချစ်တယ်"

အပါက မိန်းမျက်နှာလေးကိုကြည့်၍ လှိုက်လှိုက်လှဲလှဲ ပြောသည်။

သတိတစ်ချက်လွတ်ကာ မိန်းရဲ့ ပခုံးလေးနှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လိုက်မိ၏။

''ဖြေလေ မိန်း၊ ကိုကို့ကို ပြန်ချစ်စေချင်လား၊ ကကကို ပြန်ချစ်စေချင်လား''

အပါ့မျက်ဝန်းက စကားလုံးပေါင်းများစွာကို မိန်း မခွဲခြားပါ။

သူမ စဉ်းစားနေတာက ပြောခဲ့သော ပြဿနာတစ်ခုကိုပဲ ဖြစ်၏။

''အဲဒါက ကိုကိုနဲ့ ကိုကို အဲဒီမိန်းမကို ဘယ်က ပို ချစ်သလဲဆိုတာ သိရမှဖြစ်မှာပေါ့၊ တကယ်ချစ်တဲ့သူကို ပြန်ချစ်စေချင်တယ်၊ သူကရော ကိုကိုတို့ကို ဘယ်လို ခွဲခြားထားလဲ''

''ဘယ်လိုမှ မခွဲခြားဘူး၊ ဘာကိုမှ မသိဘူးကွာ၊ နှစ်ယောက်လုံးကို အတူတူပဲ ဆက်ဆံနေတယ်''

အပါ ခံစားချက်တို့နှင့် စိတ်ပျက်လက်ပျက်ပြောကာ မိန်းပခုံးလေးကို မချင့်မရဲ ဖျစ်ကိုင်ထားမိ၏။

''မေးပါလား ကိုကို၊ တစ်ယောက်ယောက်ကို ရွေးပါလို့''

''အင်း… ကိုကိုမေးပြီကွာ၊ မိန်းဆိုရင် ဘယ်လိုရွေးမလဲ''

''ရှင်''

'ငါ' ဆိုရာကနေ 'ကိုကို' ပြောင်းသွားတာကိုလည်း





သတိထားမိလျက်…

မေးထားသည့်မေးခွန်းကြောင့် မိန်း မျက်လုံးလေး ပြူးသွားသည်။

''ဖြေကွာ''

''ကိုကိုကလည်း… မိန်းက သူမှမဟုတ်တာ၊ ဘယ်လိုဖြေပေးရမှာလဲ''

''မိန်းဆိုရင်ရော''

''မိန်းအနေနဲ့ဆို ဘယ်သူ့ကိုမှမရွေးဘူး၊ ကိုကိုတို့ကို အစ်ကိုတွေလိုပဲ ချစ်တာ၊ သူ့အနေနဲ့ခံစားပြီး ဘယ်လိုလုပ် ရွေးကြည့်လို့ရမှာလဲ''

''ဟား''

အပါ စိတ်ညစ်သွားသည်။

မိန်းပခုံးလေးကို စိတ်ရှိလက်ရှိ ဆွဲခါ၍ ရည်းစားစကား ပြောပစ်ချင်စိတ်ကို ချုပ်ထိန်းနေရလျက်လက်နှစ်ဖက်ကို ဆံပင်တွေ ထဲကိုထည့်လိုက်၊ ဘောင်းဘီအိတ်ထဲ သွင်းထားလိုက်…

တဆတ်ဆတ်လှိုက်ခုန်နေသော ရင်ထဲမှာ တချင်ချင် မြည်နေသည်။

''မင်းပြောရင် ငါပြောမှာပဲ''

'ကက' သူ့ကို ချည်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ မိန်းကို နှစ်ယောက်လုံးဖွင့်ပြောလိုက်ကြလျှင် မိန်းခေါင်းထဲမှာ နှစ်ယောက်လုံးကို ထည့်စဉ်းစားပေတော့မည်။

အပါ ဒါမျိုး မဖြစ်ချင်…

သူသာလျှင် ပြိုင်ဘက်မရှိ မိန်းရင်ထဲမှာ နေရာယူစေချင်သည်။

သူ့အပေါ်မှာသာ မိန်းရဲ့ချစ်ခြင်း၊ အလေးထားခြင်းအားလုံးက တစ်ဖက်သတ်ရှိနေရမည်။

"ကိုကို… မိန်းပြောတာ မှားသွားလို့လားဟင်၊ မိန်းကို စိတ်ဆိုးသွားတာလား"

မိန်းက အလိုက်ကမ်းဆိုးမသိ သူ့ရှေ့ရောက်အောင် လာရပ်၍ မေးနေပြန်သည်။

"ကိုကို… အဲဒီတစ်ယောက်ကို သိပ်ချစ်နေတယ်ဆိုရင် မိန်းကိုယ်တိုင် သွားမေးပေးပါ့မယ်၊ ကိုကိုတို့နှစ်ယောက်ကို တစ်ယောက်ယောက်ကို ရွေးဖို့…"

"တော်ပါတော့ကွာ၊ ခေါင်းတွေရှုပ်ကုန်ပြီ၊ ရင်ထဲက ပစ္စည်းတွေ ခေါင်းထဲရောက်၊ ခေါင်းထဲကဟာတွေ အကုန်ထွက်ကျနဲ့၊ မင်းကို ငါ လက်ဆွဲပြီး ထွက်ပြေးချင်စိတ်ပေါက်လာပြီ"

ဘယ်လိုတိုးတိုက်လို့မှ မိန်းကတော့သိမယ့်ပုံမပေါ်ပေ။

အပါ မျိုသိပ်စိတ်ပျက်ရရင်း…

❋ ❋ ❋



## အခန်း ⏩ ၂၁ ⏪

"ပြောပါဦး စင်သီယာရယ်၊ ငါ အောင်တယ် မဟုတ်လားဟင်"

"… …"

"ဟာ… တကယ်"

ဖုန်းပြောရင်း ရယ်ရင်း မျက်ရည်တွေဝေ့သီနေလျက်ကကနဲ့ အပေါ့ဘက်ကို လှည့်၍ လက်နှစ်ချောင်းထောင်ပြ၏။

"အင်း… အင်းလေ… သွဲ့သွဲ့လား၊ ဟင်… သူကျတယ်ပေါ့၊ ဖြစ်ရလေဟာ၊ ငါလား… ငါတောင်… အဲ… ပြည်ကဆက်တာ၊ ဒီလိုပဲပေါ့၊ အင်း… အဆင်ပြေပါတယ်၊ ဒါပဲနော်… အေး အေး"

မိန်း ဖုန်းချလိုက်ပြီး ချက်ချင်းပြန်ပြေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းအောင်တယ် ကိုကို၊ Physics နဲ့ Chemistry နှစ်ဘာသာ ဂုဏ်ထူးပါသေးတယ်၊ ဝမ်းသာလိုက်တာ"

'ကက' က ပြုံး၍ မိန်းနားလျှောက်လာသည်။

"ဘာဆုလိုချင်လဲ ပြော"

"မလိုချင်ပါဘူး ကိုကိုရယ်၊ မိန်းရဲ့တစ်ဘဝလုံးကို နွေးထွေးစွာ ကယ်တင်ထားတာ ဘာနဲ့မှတန်ဖိုးမဖြတ်နိုင်တဲ့ဆုပဲ၊ ဒီညနေ မိန်းကို ကိုကိုတို့ပေးထားတဲ့ မုန့်ဖိုးတွေ စုထားတဲ့ အထဲက စာမေးပွဲအောင်တဲ့ အထိမ်းအမှတ်နဲ့ တစ်ခုခုချက်ကျွေးမယ်"

"အပင်ပန်းခံလို့ကွာ၊ အပြင်မှာ သွားစားမှာပေါ့"

"ဘယ်ဟုတ်မလဲ ကိုကိုရဲ့၊ ပင်ပန်းခံရတာကိုက အရသာ၊ ကိုကိုရော စားမယ်မဟုတ်လားဟင်"

အပါက ကွမ်းယာဆိုင်လေးမှာ စီးကရက်တစ်ဘူး ဝယ်ပြီး လှည့်ထွက်ကာ…

"စားမှာပေါ့"

"ဒါဆို ကိုကိုတို့ ဘာစားမလဲ"

'ကက' က ရှုံ့မဲ့၍

"စားဖို့ကို အသာထားစမ်းပါ၊ လာ…"

ဒီနေ့ အောင်စာရင်းထွက်တဲ့နေ့မို့ ဖုန်းဆက်လာရင်း အပြန်ဈေးဝယ်ကြဖို့ စီစဉ်ခဲ့ကြတာဖြစ်သည်။





'ကက' က မိန်းလက်ကလေးကို ဆွဲခေါ်ကာ ဈေးထဲဝင်လာခဲ့သည်။ ပြီးတော့ ရွှေဆိုင်တစ်ဆိုင်ရှေ့မှာရပ်ကာ သူဟာသူ ရွေးချယ်လိုက်ပြီး အသည်းပုံကျောက်စိမ်းအဖူးလေးပါသော လက်စွပ်လေးကို ဝယ်သည်။

မိန်းရဲ့ လက်ချောင်းသွယ်သွယ်လေးကို ဆွဲယူ၍ ကိုယ်တိုင်စွပ်ပေး၏။

ငွေတွေ အယပ်လိုက်ကြီး ရှင်းလိုက်ရတာကိုမြင်ကာ မိန်း လက်စွပ်ကို မယူရဲဘဲ ဖြစ်နေမိသည်။

"ဒီလောက်အဖိုးတန်ကြီး မလိုချင်ပါဘူး ကိုကိုရယ်၊ မိန်း…"

"မင်းက ငါတို့ရဲ့ အမိကပဲ၊ မင်းကိုမှမပေးရရင် ဘယ်သူ့ကို ပေးရမှာလဲ"

"ကိုကိုတို့ ချစ်နေကြတဲ့သူ ရှိတယ်ဆို"

"ဘာရယ်"

"ကိုကိုပြောတာ၊ ကိုကိုနဲ့ကိုကို နှစ်ယောက်လုံးက ချစ်နေတာဆို၊ မိန်းကလေးက နှစ်ယောက်လုံးကိုပဲ အတူတူ သဘောထားနေတာဆို"

'ကက' က သဘောပေါက်သွားကာ ဟက်ခနဲ ရယ်သည်။

"ဟုတ်တယ်၊ အဲဒါခက်နေတာ၊ ကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com



မတုန်မလှုပ်လေးကွ၊ အသည်းယားဖို့ကောင်းတယ်''

''ဒီကလားဟင်''

''အင်း… ဆိုပါတော့''

''ကိုကိုနဲ့ကိုကို သူ့ကို ဘယ်သူက စတွေ့တာလဲ''

''အတူတူတွေ့တာ''

နှစ်ယောက်သား ပခုံးချင်းယှဉ်၍ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့ကြသည်။

''အတူတူတွေ့တာ ဆန်းလိုက်တာ၊ ဘယ်လိုတွေ့တာလဲ''

''သွားရင်း လာရင်းပေါ့''

''သူက ဘယ်သူ့ကိုပိုမယ်ဆိုတာ အကဲခတ်ကြည့်လို့ မရဘူးလား''

''လုံးဝခတ်လို့မရဘူး၊ ကောင်မလေးက နှစ်ယောက်လုံးကို အတူတူပဲကွ''

''မဟုတ်သေးပါဘူး ကိုကိုရယ်၊ တစ်ယောက်ကိုတော့ ပိုမှာပါ၊ နှစ်ယောက်လုံးကိုတော့ ဘယ်မိန်းကလေးက စိတ်ကူးမှာလဲ''

''ဟုတ်လား၊ ဒါဆို မင်းဆိုရင် ဘယ်သူ့ကိုရွေးမလဲ''

လာပြန်ပြီ…

အပါတုန်းကလည်း ဒီမေးခွန်း အမေးခံခဲ့ရသည်။





မိန်းက 'ကက' ကို စူးစမ်းဟန်လေးနဲ့ ပြန်ကြည့်ကာ

''ကိုကိုကလည်း… မိန်းက ဖြစ်တတ်တာကို ပြောပြတာ၊ သူ့ရင်ထဲကကိစ္စ မိန်း ဘယ်သိမလဲ၊ ကိုကိုတို့က နှစ်ယောက်လုံး ဖွင့်ပြောပြီးပြီလား''

''မပြောဘူး''

''ဟင်… မပြောဘဲနဲ့ သူက သိမလား ကိုကိုရဲ့''

'ကက'က မိန်းကိုပြုံး၍ စိုက်ကြည့်နေကာ

''ပြောလိုက်ရင် သူက ခွဲခြားနိုင်မယ်လို့ မင်းထင်လား''

''ဟုတ်တယ်လေ၊ မပြောတော့ ခင်သလိုလို ရှိသလိုလို ရှိမှာပေါ့၊ ကိုကိုတို့ကို ယှဉ်ပြီးရွေးဖြစ်ချင်မှ ရွေးမှာပေါ့''

''ဟုတ်ပြီ၊ ညနေကျရင် ဖွင့်ပြောတော့မယ်''

''ဟောတော့… ချက်ချင်းကြီးပါလား''

မိန်းက ရယ်သည်။

''မိန်း''

''ရှင်''

''တို့တွေ ရည်းစားထားမယ့်ကိစ္စကို မင်းက ပျော်နေသလား''

''ပျော်ပါ့မလား ကိုကိုရယ်၊ ကိုကိုတို့ချစ်သူတွေရှိရင် မိန်းက ဘေးရောက်သွားမှာပါ၊ ဒါပေမယ့်…''



www.burmeseclassic.com

www.burmeseclassic.com



''ဒါပေမယ့်မနေပါနဲ့၊ ဘေးမရောက်ချင်ရင် လွှယ်လွှယ်လေးရှယ်''

'ကက'က မိန်းကို ရွှန်းလဲသော မျက်ဝန်းတို့နဲ့ ငုံကြည့်သည်။

မိန်း တစ်စုံတစ်ခုကို တွေးတောနေသကဲ့သို့ ခြေလှမ်းတွေ နှေးကျသွား၏။

''မိန်း··· ခဏနေဦး''

'ကက'က မိန်းလက်ကလေးကို ဆွဲထားကာ ဟစ်ခုခုပြောရန် ချီတုံချတုံ ဖြစ်နေဆဲ···

''ပြန်မယ်ကွာ''

မိုးပေါ်ကျလာသလို အနားမှာ ဘွားခနဲရောက်လာသည့် အပါက သူကိုင်ထားသည့် မိန်းလက်ကို ဖြုတ်ချဆွဲခေါ်သွားသည်။

မိန်းက 'ကက'ကို တစ်ချက်ပြန်ကြည့်ကာ အပါ့နောက် ပါသွားလေသည်။

* * *



အခန်း » ၂၂ «

''ကိုကို နေမကောင်းဘူးဆို''

မိန်း အခန်းထဲဝင်လာတော့ အပါက အိပ်ရာပေါ်မှာ တက်လက်ကြီးလှဲနေရာမှ ခေါင်းရင်းတိုးတက်ကာ ခေါင်းအုံးခုစ်၍ ခပ်လျှော့လျှော့ ပြင်ထိုင်လိုက်သည်။

မိန်းက ရေချိုးထားပြီးစ အင်္ကျီလဲလာပေမယ့် မျက်နှာပေါ်မှာ ရေသီးလေးတွေပင် ရှိနေသေးသည်။

''ရေချိုးထားတာလား''

''ဟုတ်''

မိန်းက စားပွဲရှေ့က ကုလားထိုင်မှာ ဝင်ထိုင်၍ မျက်ခုံးထူထူမှာ ကပ်တွဲနေသော ရေအချို့ကို လက်နဲ့သပ်ချ···

မျက်တောင်ကော့တွေမှာ ခိုတွယ်နေသည့် ရေစက်လေးတွေကို လက်နဲ့တို့ကာ ကလေးလို မချိုမချဉ်လေးပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေလည်း မသုတ်ဘူး၊ သနပ်ခါးလည်း မလိမ်းဘူး"

"ရေမသုတ်တာက အေးချင်လို့ ကိုကိုရဲ့၊ သနပ်ခါး မလိမ်းတာက အရမ်းမွှေးတဲ့ သနပ်ခါးဘူးတွေ 'မိန်း' မကြိုက်လို့"

"ရှိသေးလား အကြောင်းပြချက်တွေ"

"အဟင်း"

မိန်းက ခေါင်းလေးငဲ့၍ပြုံးတော့ စပယ်တင်မှဲ့ကလေးနှင့်မို့ ပို၍ချစ်စဖွယ်လေး ဖြစ်သွားသည်။

ဖြန့်မချစဖူး ဆံပင်တွေကို ဖားလျားဖြန့်ချထားသဖြင့် မျက်စိထဲမှာ ကြည့်လို့မဝနိုင်။

ဒီအတိုင်းလေးကပဲ ကြည့်မဝအောင်လှနေသော မိန်းကို အပါက စူးစိုက်ကြည့်သည်။

"ကိုကို ဘာဖြစ်တာလဲဟင်၊ မနက်က ဘာမှမဖြစ်ဘဲနဲ့ မိန်း ထမင်းချက်ပြီးလို့ ကိုကိုကိုမတွေ့လို့ မေးတော့မှ ဘဘကြာပြောလို့ သိတာ"

"ဟုတ်တယ်၊ နေ့လယ်က ခြံထဲမှာ ဦးလေးကြာနဲ့ ပိုင်းကူလုပ်ပေးတာ တစ်နေကုန်ပဲလေ၊ နေပူမိသွားလို့ထင်တယ်၊ ရေချိုးပြီးအိပ်လိုက်တာ၊ နိုးလာတော့ ခေါင်းတွေတအားကိုက်ပြီး နှာခေါင်းတွေလည်း ပူနေတယ်"



"သိပ်ခံနေရရင် ဆေးခန်းသွားပြပါလား ကိုကိုရယ်၊ ကိုယ် အရမ်းပူနေလားဟင်"

"မသိဘူး၊ ဆေးတော့သောက်ထားတာပဲ"

"ကိုကို ဒီဘက်တိုး၊ မိန်း နဖူးစမ်းကြည့်ချင်လို့"

အပါက မိန်းကို စိုက်ကြည့်၍ ပြုံးလိုက်သည်။

"ကိုကို ခုစိတ်ညစ်နေတာ ခေါင်းကိုက်လို့လည်း မဟုတ်ဘူး၊ ကိုယ်ပူလို့လည်း မဟုတ်ဘူး"

"ဘာဖြစ်လို့လဲဟင်"

"ကောင်မလေးက ပြန်မချစ်လို့"

မိန်းက နှုတ်ခမ်းလေးစေ့၍ မဲ့ပြသည်။

"ကိုကိုတို့ကိုက အတွင်းကြေ ကြေနေတာ၊ ဟိုကိုဖြင့် ဖွင့်မပြောဘဲနဲ့ ကိုယ့်စိတ်ကူးနဲ့ကိုယ် ထင်ကြေးပေးနေကြတာ"

"ဘယ်သူပြောလဲ၊ မပြောရသေးဘူးလို့"

"ကိုကိုပြောတာ"

"သူ ဘာပြောသေးလဲ"

"ဟင့်အင်း··· ဒါပဲ"

အပါက မျက်ခုံးတွန့်၍ မိန်းကို မျက်ခုံးပင့်ကြည့်သည်။

"ဖွင့်ပြောရင် ဘာဖြစ်မယ်လို့ မိန်းထင်လဲ"

"တစ်ယောက်ယောက်ကတော့ မဲပေါက်နိုင်တာပဲ၊ ဒီနည်းတွေထက်ကောင်းတာက မိန်းကိုပြပါ၊ သူ့ပါလို့သာ

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးပြ''

''အောင်သွယ်ပေးမယ်ပေါ့''

''ကိုကိုတို့ စိတ်ချမ်းသာအောင်လို့ပါ''

''မင်းကရော စိတ်ချမ်းသာမှာလား''

''ကိုကိုတို့ပျော်ရင် မိန်းကျေနပ်တယ်၊ ကိုကိုတို့က မိန်းရဲ့ကျေးဇူးရှင်တွေပါ''

''အဲဒီမိန်းမနဲ့ ညားသွားပြီး မင်းကိုထားခဲ့မှာ မစိုးဘူးလား''

''ဒါက ဘယ်သူမှမတားဆီးနိုင်တဲ့ သဘာဝတရားပဲ ကိုကိုရယ်''

''သဘာဝ ဟုတ်လား၊ သဘာဝကိုမေ့နေတာ တစ်ယောက် ရှိတယ်''

''ဘာကိုမေ့တာလဲ ကိုကို၊ ဘယ်သူလဲ''

''အချိန်တန် အရွယ်ရောက်လာရင် ချစ်ကြ၊ ရင်ခုန်ကြတာပဲလေ၊ ဒါပေမယ့် အဲဒီတစ်ယောက်က မချစ်တတ်ဘူးကွ''

''လာပြန်ပြီ ကိုကိုရယ်၊ ဖွင့်ပြောလိုက်ပေါ့''

''တကယ်ပြောရမှာလား''

''ဟုတ်တယ်လေ၊ ပြောမှသိမှာပေါ့''

''ဒါဆို ကိုကို့ဘေးမှာ လာထိုင်''

''ဘာလုပ်မလို့လဲ''





''ပြောမလို့လေ''

''မိန်းကိုပြောလို့ ဘာထူးမှာလဲ ကိုကို၊ သွားပြောရအောင် မိန်းမှ မသိတာ''

''လာပါဆိုကွာ၊ ပြီးတော့ မင်းပြောတတ်အောင် ကိုကိုသင်ပေးမယ်''

မိန်းက ခေါင်းလေးညိတ်၍ သူ့ဘေးမှာ တင်ပါးလွှဲလေး ပြောင်းထိုင်သည်။ ပြီးတော့ သူ့နဖူးပြင်ကို လက်ဖဝါးနုနုလေးနှင့် လှမ်းတင်ကာ…

''အို… ကိုယ်တွေပူလိုက်တာ၊ မိန်းကပဲ ရေချိုးထားလို့လား မသိဘူး''

ပြော၍ မိန်းက လက်ဖဝါးလေးနှစ်ဖက်ကို ခပ်သွက်သွက်လေး ပွတ်တိုက်ပစ်လိုက်သည်။

ပြီးတော့ နဖူးကို ထပ်စမ်း၏။

''ဟုတ်တယ် ကိုကို၊ ကိုကို ကိုယ်တွေတအားပူနေတာ''

အပါက မိန်းလက်ကလေးကို ဖမ်းဆွဲထားလိုက်သည်။

''မိန်း''

''ဟင်''

''မင်း မသိဟန်ဆောင်နေတာတော့ မဟုတ်ပါဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



“ဘာကိုလဲ ကိုကို”

အဲဒီ ဘာမှမသိနားမလည်တဲ့ မျက်လုံးလေးတွေကိုပဲ အသည်းယားကာ အပါက မိန်းရဲ့ကိုယ်လုံးလေးကို သိမ်းဖက်ကာ လက်ဖဝါးလေးနှစ်ဖက်ကိုပါ သူ့လက်နှစ်ဖက်နှင့် ဖိချုပ်ထားလိုက်သည်။

“ကိုကို”

မိန်း အသံတွေတုန်ကာ ကတုန်ကယင်ဖြစ်လျက် တွန့်လိမ်ရုန်းကန်နေသည်။

“ဘယ်လိုလုပ်တာလဲ ကိုကို၊ မိန်း... မိန်းကြောက်တယ်”

“ကိုကိုချစ်နေတာ မင်းကိုပဲ မိန်းရယ်၊ ကိုကို့တစ်သက်လုံးမှာ အချစ်ဆုံးမိန်းမဟာ မင်းပဲ၊ မင်းကို တပ်မက်မှုမျိုးနဲ့ ဘယ်မိန်းမကိုမှ ကိုကို မမက်မောခဲ့ဘူး၊ ယုံလားဟင်”

“ကိုကိုရယ်... မတူတန်တာကို မမှန်းပါနဲ့နော်၊ မိန်းက ကိုကိုနဲ့...”

“ဘာဖြစ်လဲ၊ ဘာအဆင့်အတန်းလဲ၊ အမျိုးနဲ့ လူပါ ချစ်တာ ဘယ်သူ့မှာအပြစ်ရှိသလဲ”

“ဟင့်အင်း... မိန်း မချစ်ဘူး၊ မိန်းကိုလွှတ်ပါ ကိုကိုရယ်”

မိန်းက ခါးခါးသီးသီးငြင်း၍ မျက်နှာလေးကို အတင်း





ငုံ့ထားသည်။

“မိန်း”

“ရှင်”

မိန်းအသံလေးက ငိုသံပါနေပြီဖြစ်သည်။

မျက်ရည်တွေပြည့်နေသော မိန်းမျက်လုံးလေးတွေကို ဆွဲမော့ကြည့်ကာ သူ စိတ်မကောင်းဖြစ်သွားသည်။

“မိန်းရယ်... မစားကောင်းတဲ့အသီးကျနေတာပဲ၊ ကိုကို မင်းကို ရည်းစားထားရုံလေး ချစ်တာမဟုတ်ဘူး၊ တစ်သက်လုံး လက်တွဲဖို့ချစ်တာ”

“ဟင့်အင်း”

“မိန်း ‘ကက’ ကို ချစ်လိုက်ပြီးလို့လားဟင်”

မိန်းက ခေါင်းခါသည်။

“ဒါဆို ကိုကို့ကို ပြန်ချစ်ဖို့ ကြိုးစားပေးပါ၊ ကျောင်းတွေ တက်ရတော့မယ်၊ မိန်း ကိုကို့ကိုချစ်တယ်ဆိုရင် မိန်းကို ကိုကို လက်ထပ်ထားမယ်၊ ပြီးတော့ ကျောင်းဆက်တက်နိုင်းမယ်၊ မိန်းကျောင်းပြီးမှ ကိုကိုတို့ အတူတူနေမယ်၊ မေမေတို့ကို ကိုကို နားလည်အောင် ပြောမယ်”

“ဟင့်အင်း... ဟင့်အင်း”

“မိန်းကကွာ...”

သူ မိန်းမျက်နှာလေးကို မော့ယူကာ ထူပြည့်သော



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလှလှလေးကို နမ်းဖို့ကြိုးစားသည်။

မိန်းက မျက်နှာကို ဖျတ်ခနဲ ဖျတ်ခနဲ လှည့်ပစ်၍ ရှောင်၏။ နောက်ဆုံး၌ မလွှတ်ဘူးထင်လျှင် ကလေးများ သရဲခြောက်ခံရသလို ခြောက်တဲ့သူကို ပြေးဖက်တဲ့အတိုင်း မိန်းက သူ့ရင်ခွင်ထဲမှာ မျက်နှာလေးမှောက်ချပစ်လိုက်၏။

အပါ မိန်းကိုယ်လုံးလေးကို မက်မောမြတ်နိုးစွာ ထွေးဖက်လျက် ဆံနွယ်တွေကို မျက်နှာနဲ့တိုးတိုက်ကာ ဂုတ်သားနုနုလေးကို နမ်းသော် မိန်း ပခုံးလေးကျုံ့ကာ အသားလေးတွေ ဆတ်ဆတ်တုန်လေသည်။

ချစ်ဖို့ကောင်းလိုက်တာ အရိုင်းပန်းလေးရယ်···

* * *

## အခန်း ⏩ ၂၃ ⏪

"ဪ··· ဒီကိစ္စမျိုးက နောက်ရမယ့်ကိစ္စမှမဟုတ်တာ ကိုပါနိုင်ရာ၊ အဟုတ်ကိုတွေ့ခဲ့တာပါ၊ သူကိုယ်တိုင် ဝန်ခံတာ၊ ဘယ်သူမှမပါဘူးတဲ့၊ သူတို့ချည်းပဲလာတာတဲ့၊ ကျွန်တော်က ဟန်းနီးမွန်းပေါ့ဆိုတော့ ဟုတ်တယ်တဲ့"

ဒေါ်စန္ဒာက ဦးပါနိုင်ကို လှည့်ကြည့်သည်။

ဦးပါနိုင် မျက်နှာကြီးနီရဲကာ ဒေါသကို အတော်ကြီး ထိန်းထားရသည့်ဟန်က အထင်းသားပေါ်နေသည်။

"အန်ကယ့်ကို သေချာမေးပါဦး ဖေဖေရယ်၊ မောင်လေးက ဒီလောက်လွယ်လွယ်လုပ်ပါ့မလား၊ ဒီမှာရဲသဇာလိုလှတဲ့ မိန်းကလေးကိုတောင် မလိုချင်လို့ ထွက်သွားတဲ့ဥစ္စာ"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒာမှာ သားဖြစ်သူ မိန်းမခိုးသွားသည်ဆိုသည့် အဖြစ်ကို ယုံလည်းမယုံနိုင်။

ဟုတ်ရဲ့လားလို့ ထပ်မေးရမှာလည်း ဦးလေးဖြူကို အားနာနေကာ ထုတ်လို့မရ၊ မျိုမချနိုင် ဖြစ်နေလေသည်။

မေရီစိုးက ဖေဖေခံစားနေရတာကို သိကာ··

''ပြန်ပြောပါဦး အန်ကယ်ရယ်၊ မောင်လေးက သူ ကိုယ်တိုင်ပြောပြတာလား၊ မိန်းမယူထားတယ်ဆိုတာ အန်ကယ် ကပဲ အမှတ်တမဲ့ လှမ်းမြင်ခဲ့တာလား''

''အမှတ်တမဲ့ လှမ်းမြင်လိုက်ရော ကိုယ့်မြို့ ကိုယ့်ရွာ မှာ အန်ကယ်က မျက်နှာလွှဲထွက်လာပါ့မလား သမီးရယ်၊ သေသေချာချာကို စကားပြောခဲ့တာပါ''

''သူ့မိန်းမဆိုတာက ဘယ်လိုပုံစံမျိုးလဲဟင်''

ဦးလေးဖြူက သေချာ မျက်လုံးထဲပြန်မြင်အောင် စဉ်းစားကာ

''အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်ပဲ၊ အန်ကယ် တွေ့လိုက်တာ ခေါင်းစွပ်လက်ရှည်ဆွယ်တာ အဖြူလေး ဝတ် ထားတယ်၊ ဆံပင်ကတော့ တော်တော့်ကို ရှည်တယ်၊ ကျစ်ဆံမြီးကျစ်ချထားတာ လုံးခဲပြီး ပေါင်လယ်လောက်ထိ ရှည်မယ်ထင်တယ်၊ အသားဖြူ မဟုတ်ဘူး၊ ဝင်းဝင်းလေးကိုက ချောတာ၊ တော်တော့်ကိုချောတဲ့ မိန်းကလေးပဲ၊ မျက်ခုံးတွေ၊





မျက်လုံးတွေက ကုလားဆင်ပဲ၊ မေးရိုးနဲ့ နှုတ်ခမ်းကတော့ ပြင်သစ်သူတွေလို လေးထောင့်ဆန်ဆန် ပြည့်ပြည့်၊ အဲဒီမှာ အန်ကယ်တောင် တွေးမိလိုက်သေးတယ်၊ ကိုပါတို့က သား အတွက်ရွေးပေးထားတာ တကယ့်ရှယ်ပဲလို့၊ အန်ကယ်က လူကြီးရွေးပေးစားထားတဲ့ မိန်းကလေးလို့ထင်တာကိုး၊ နေပါဦး၊ ဘယ်လိုတွေဖြစ်ကြတာလဲ၊ လက်စသတ်တော့ သူက မိဘ ပေးစားတာကို မယူပဲ မိန်းမခိုးပြေးတာကိုး၊ ဒါကြောင့် အန်ကယ့်ကို မြင်တော့ သူ အမူအရာပျက်သွားတာ''

''သူတို့နှစ်ယောက်ထဲလား၊ 'ကတ'ကိုရော အန်ကယ် တွေ့သလား''

''မတွေ့ဘူး၊ သူတို့နှစ်ယောက်ပဲ တွေ့တယ်''

သားအမိနှစ်ယောက် မျက်လုံးချင်းဆုံကာ

''အဲဒီပုံစံမျိုး သမီးသိထားတာ ရှိလား''

''မရှိဘူး မေမေ၊ ဆံပင် အဲသလောက်နဲ့ အဲဒီမျက်နှာ မျိုး ပုံစံတူတောင် မရှိဘူး၊ မိန်းမခိုးတယ်ဆိုတာကို သမီး မအံ့သြပါဘူး၊ မောင်လေးမှာ ချစ်သူမရှိတာကို သိထားလို့ အံ့သြတာ၊ ချစ်သူမရှိဘဲ မိန်းမခိုးပြေးတာက ဆန်းနေတယ်''

''ဒါကတော့ သမီးတို့မသိတာ ရှိချင်ရှိမှာပေါ့ကွယ်''

''လုံးဝမရှိဘူး အန်ကယ်၊ မောင်လေးက ဘယ်မိန်းမ ကိုမှ စိတ်မဝင်စားတာ၊ အဲဒါ သေချာတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူမရှိဘဲ အိမ်က စေ့စပ်ပေးခါနီးမှ ထွက်ပြေးပါ့မလား"

"ဒါက လူငယ်တွေပီပီ စွန့်စားချင်တာပါ"

"ကဲ... အစ်ကို့သဘောကို ပြောပါဦး၊ ဘယ်လိုလုပ်ချင်သလဲဟင်"

"ဘယ်လိုလုပ်ရမလဲ၊ မင့်သားကို သတင်းစာထဲကနေ အမွေပြတ်ကြော်ငြာထည့်"

"မဟုတ်တာ အစ်ကိုရယ်၊ ဒီလိုတော့မလုပ်ပါနဲ့၊ သားလေး ဒီတစ်ယောက်တည်းရှိတာ"

"ဖေဖေကလည်း... မောင်လေးက တောက်လျှောက် ဘာလုပ်ခဲ့ဖူးလို့လဲ၊ ခုလည်း မင်္ဂလာကိစ္စတွေပျက်သွားတာ အားလုံး ပြီးပြီပဲ၊ မျက်နှာလည်းပူပြီးပြီ၊ ကျေအေးကြတာလည်း ကျေအေးခဲ့ ကြတာပဲ၊ အခု သူချစ်လို့ သူခိုးပြေးတာ နေမှာပေါ့၊ ဒါ တကယ်သာ ဆိုရင်...."

"တကယ်ဖြစ်နေတော့ ပိုပြီးမျက်နှာပျက်ရတာပေါ့၊ ရည်းစားရှိနေတဲ့ သားသမီးကို ကိုယ်ပဲပိုင်သလိုလိုနဲ့ သူများ သားသမီး အရှက်ကွဲရအောင် သက်သက်သွားစပ်သလို ဖြစ်နေပြီ၊ တစ်ဖက်က မိန်းကလေးကို ဘယ်လောက်အားနာဖို့ကောင်းလဲ"

"ဖေဖေရယ်... အန်တီသူတို့ဘက်က ဖေဖေတို့ထက်





ပိုဆိုးပါသေးတယ်၊ ဟိုဘက်က မိန်းကလေးမိဘက နှလုံး ရောဂါသည်ရယ်၊ ညီလာခံဆိုတာက တကယ့်မာနခဲ၊ အခု ညီလာခံကလည်း သူ့မအေကြောင့် ကက ခုလိုရှောင်ထွက် သွားတာကို မကျေနပ် မဖြစ်ခဲ့ဘူး၊ မအေလုပ်သူကလည်း အန်တီသူတောင်းပန်တာကို ကျေနပ်ခဲ့တယ်၊ ဒါ ဖြစ်တတ် တာပဲ၊ တချို့ဆို ဆီဒိုးနားလို ဟိုတယ်ကြီးတွေမှာ ဒိတ်လုပ်ပြီးမှ တို့၊ မင်္ဂလာပွဲကျင်းပနေမှတို့ အကြောင်းအမျိုးမျိုးနဲ့ ပျက်သွား တာ တစ်ပုံကြီး"

"ဘယ်သူ့သားသမီး ဘာဖြစ်ဖြစ် ငါ့သားသမီးကို ငါမနိုင်တာကို အရှက်ဆုံးပဲ"

"အစ်ကိုရယ်... သားသမီးတိုင်းလိုလိုပါပဲ ဘယ် နေရာမှာပဲ လိမ္မာကြ လိမ္မာကြ၊ အချစ်ရေးနဲ့ပတ်သက်ရင် ကိုယ်ဆန္ဒရှိသလို လုပ်သွားကြတာ များပါတယ်၊ ခွင့်လွှတ် ပေးလိုက်ပါ အစ်ကိုရယ်၊ သားလေးကိုခွဲနေရတာ ကျွန်မ လွမ်းလှပါပြီ"

ဒေါ်စန္ဒာက ပြောရင်း မျက်ရည်ကျသည်။

မေရီစိုးက မအေကိုဖက်ကာ နှစ်သိမ့်နေလေသည်။

ဦးပါနိုင် မျက်နှာကြီး တင်းမာနေသော်လည်း ဘာမှ မပြောတော့ပေ။

"ဟုတ်ပါတယ်ဗျာ၊ ကလေးဆိုတာ အချစ်ကိစ္စနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်လာရင် မှားတတ်ကြတာပါပဲ၊ မိဘမောင်ဘွားထက် ပိုချစ်လို့ တစ်ဘဝလုံးပုံကြတာမဟုတ်လား၊ မိဘမေတ္တာက ငါးရာနှစ်ဆယ့်ရှစ်၊ ကိလေသာအချစ်က ထောင့်ငါးရာ၊ မိဘမေတ္တာက အေးချမ်းတယ်၊ ခိုင်မြဲတယ် မှန်ပေမယ့် အငွေ့ အတွက်အားဖြင့်တော့ ထောင့်ငါးရာက များတယ်နော်၊ ဒီလို တန်ဖိုးချင်းယှဉ်ပြထားခဲ့တာ အလကားမဟုတ်ဘူးဗျ၊ ဒီ ထောင့်ငါးရာကိလေသာရဲ့အရှိန်ကို ထောက်ပြထားတာ''

ဦးလေးဖြူကလည်း တတ်နိုင်တဲ့ဘက်က ဝင်ရောက် ပြောဆိုခဲ့သည်။

ဦးပါနိုင် တစ်ခွန်းမှ ဟမလာတော့ပေ။

''အန်ကယ်… အန်ကယ်မြင်ခဲ့တာ ကောင်မလေးက ချောတယ်ပေါ့နော်''

မေရီစိုးက အူယားဖားယားမေးတော့ ဦးပါနိုင် မျက်လုံး ကြီးက မကျေမနပ် ပြေးဝင်လာသည်။

မေရီစိုးက ကလေးဆန်ဆန် သွားဖြီးရယ်ပြကာ…

''ဟိုး… ဖေဖေ့သားက မိန်းမတွေ့ဆို စိတ်ဝင်စားတာ မဟုတ်ဘူး ဖေဖေရဲ့၊ ရဲသဉ္ဇာဆို ဘယ်လောက်လှသလဲ၊ မေမေ အရွေးတော်လို့ သမီးတောင်မှ မေမေ့ကို ချီးမွမ်းမိသေးတယ် ရဲသဉ္ဇာကိုတောင် မလိုချင်လို့ထွက်သွားတယ်ဆိုတော့ သူ့ချစ်သူ က ဘယ်လောက်လှနေသလဲလို့''





ဦးပါနိုင် မမေးရဘဲနှင့် သူ့ဟာသူ ရှင်းပြနေသေး သည်။

''ချောတယ် သမီး၊ အန်ကယ် ခဏလေးမြင်လိုက်တာ တောင် ကောင်မလေးချောတာကို သတိထားမိခဲ့တယ်၊ အဲ… ဘယ်ဘက်ပါးပေါ်မှာလဲမသိဘူး၊ ပါးပေါ်မှာ စပယ်တင်မှဲ့လေး တစ်လုံးရှိတယ်၊ မဲနက်နေတာပဲ''

''အင်း… စိတ်ဝင်စားလာပြီ၊ ဖေဖေ… မေမေနဲ့သမီး မောင်လေးကို သွားခေါ်မယ်နော်၊ သူ့ချစ်သူကို သူ လက်ထပ် ပါစေ ဖေဖေရယ်၊ မောင်လေးရွေးထားတာဆိုတော့ သိပ်တော့ ညံ့မယ် မထင်ပါဘူး''

ဒေါ်စန္ဒာက ဦးပါနိုင်ကို မသိမသာကြည့်၍

''ဆင်းရဲတာ ချမ်းသာတာ အရေးမကြီးပါဘူး၊ အဓိကက မိဘမျိုးရိုးပဲ၊ မျိုးရိုးဗီဇ ကောင်းမွန်ကြတယ်ဆိုရင် မေမေတို့က ခွင့်လွှတ်ရမှာပေါ့''

ပြောပြီး ဦးပါနိုင်ကို အကဲခတ်ပြန်သည်။

ဦးပါနိုင် ဘာမှဝင်မပြောလေသော်…

ဒေါ်စန္ဒာနဲ့ မေရီစိုး တစ်ယောက်ကိုတစ်ယောက် လှမ်း ကြည့်ကာ ချမ်းမြေ့စွာ ပြုံးမိကြလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ›› ၂၄ ‹‹

''တကယ်ပြောနေတာလား သန်းထွန်းရယ်၊ ဒီသတင်း သူ့ဖအေသာသိရင် မိုးမီးလောင်မှာ''

''တကယ်ပြောတာပါဆို၊ မသူ သားကို အဲဒီ ကောင်မလေးက ဖက်ထားတာ''

''ဟင်… Center ရှေ့မှာ ဖက်လို့လား၊ မိန်းမ ကောင်းမှ ဟုတ်ရဲ့လား သန်းထွန်းရယ်''

''လုံးဝကောင်းတယ်''

''ဒါနဲ့ မင်း သေချာမမြင်လိုက်ဘူးဆို၊ ကောင်းတာ မကောင်းတာကျတော့ သိသွားရောလား''

''ဒါက ဒီကိစ္စလေ''

သန်းထွန်းက သူ့မျက်မှန်ကိုပင့်၍ မျက်လုံးကို လက်ညှိုးထိုးပြသည်။

''မျက်လုံး… မျက်လုံး၊ ယောကျ်ားလေးမျက်လုံးက





မိန်းကလေးတစ်ယောက်ကိုမြင်လိုက်ရင် ကိုယ့်ကိုကြိုက်နေလား၊ မကြိုက်ဘူးလား၊ လိုက်လျှောမယ့်ပုံရှိလား၊ မရှိဘူးလား၊ ကောင်းတဲ့ မိန်းမလား၊ ပျက်နေတာလားပါ ဒက်ခနဲသိတယ်၊ မသူ မယုံဘူးလား''

ဒေါ်သူက မောင်ဝမ်းကွဲတော်သည့် သန်းထွန်းကို မျက်စောင်းတဝင့်ဝင့်နှင့် စိုက်ကြည့်နေသည်။

သန်းထွန်းက အသက်သာ သုံးဆယ်ကျော် လေးဆယ် နီးနေတာ။ ဝတ်စားနေထိုင်ပုံက တကယ့်ဟော့ရှော့…

ခုချိန်ထိ ဂစ်တာခေါက်တုန်း၊ မိန်းကလေးလှလှမြင်ရင် ခလုတ်တိုက်တုန်း…

''ကောင်မလေး ဘယ်လောက်လှသလဲဆို ကျွန်တော် ကားရပ်လို့မရတဲ့နေရာမှာ ယောင်ပြီးဘရိတ်အုပ်လိုက်တာ၊ ကံကောင်းလို့ နောက်မီးမဖွင့်ဘဲ ကားတွေဝင်မကျိုးတာ၊ ဖြူဖြူ ဝင်းဝင်း၊ မြင့်မြင့်သွယ်သွယ်လေး၊ ဆံပင်တွေက အရှည်ကြီး၊ ကျစ်ဆံမြီးနှစ်ဖက်ကျစ်ထားတာ၊ မိန်းမကောင်း ဟုတ်မဟုတ် မသိပေမယ့် မျက်နှာမှာတော့ ဘာမှလိမ်းမထားတာ သေချာ တယ်၊ ဝင်းမွတ်နေဖတ်နေတာပဲ၊ ပါးပေါ်မှာ စပယ်တင်မဲ့ လေးများ တင်ထားသလိုပဲ၊ ကျွန်တော် သူ့ကိုနှုတ်ဆက်တာ၊ သူ့ကို မမြင်ဘူး၊ ကောင်မလေးကိုပဲ မြင်တယ်''

''တော်စမ်းပါ''



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ မသူရ၊ ဝိုသေချာတာ ပြောဦး မယ်၊ မသူသားက ကျွန်တော့်ကိုမြင်တော့ မျက်နှာကြီး ဟိုလွဲ ဒီလွဲနဲ့၊ ကောင်မလေးက ကိုကို၊ ကိုကိုနဲ့ခေါ်ပြီး ဖက်ထားတဲ့ လက်ကို ကိုင်လှုပ်နေတာ၊ ဟောဒီနားကြီးနဲ့ ဆတ်ဆတ်ကြား ခဲ့တာ"

"ပြောလို့သာကြားရတယ်၊ ခုထိကို မယုံသေးဘူး သန်းထွန်းရယ်၊ တကယ်ပါပဲ၊ သားက ဘယ်မိန်းကလေးကိုမှ ဂရုစိုက်ခဲ့တာမှမဟုတ်ဘဲ၊ ညီလာခကို မလိုချင်လို့ ရှောင်သွား ဘာပဲ မှတ်တာ၊ မိန်းမခိုးသွားလိမ့်မယ်လို့ လုံးဝမထင်ဘူး"

"စိတ်ပူမနေပါနဲ့၊ ကောင်မလေးက အမြင့်စားလေး ထဲကပါ"

"နိမ့်နိမ့် မြင့်မြင့်ပါ၊ မိန်းကလေး စာရိတ္တကောင်းဖို့နဲ့ မိဘမျိုးရိုး သမိုင်းကောင်းဖို့ပဲ လိုတယ်၊ သူ့ဖအေကိုတော့ တော်တော့်ကို ပြောယူရမှာပဲ၊ ခက်တာပဲ၊ ဘယ်ကိုလိုက်ရှာရ မှန်းလည်း မသိဘူး"

"တီ... တီ..."

"ဟော... မသူ... ဖုန်း... ဖုန်း"

"ငါ ကြားပါတယ်"

ဒေါ်သူရာက တယ်လီဖုန်းကို ထကိုင်လိုက်သည်။

"ဟလို"





"မသူလား"

"ဟော... စန္ဒာလား၊ ခုပဲ တို့ဆက်တော့မလို့၊ သားတို့ သတင်းရလို့လေ"

"အဲဒါပဲ၊ ကျွန်မပြောမလို့ မသူရေ၊ ဒီမှာလည်း သားတို့ သတင်းရလို့"

"ဟင်... ဟုတ်လား"

"ဟုတ်တယ်၊ သားတို့ကို တောင်ကြီးမှာ တွေ့ခဲ့တယ် တဲ့၊ မိန်းမခိုးပြေးသတဲ့ မသူရယ်၊ ကျွန်မဖြင့် အံ့ရော"

"ဟော့တော်... ဟုတ်လား"

"ဟုတ်တယ်၊ သားနဲ့ ကောင်မလေးကို တွေ့ခဲ့လို့ ဒီမှာပြောတဲ့သူက လာပြောနေတယ်"

"ဖြစ်ရမယ်၊ ဒီကလေးတွေ... စေ့စပ်တာတောင် သူစေ့စပ်မှ ကိုယ်စေ့စပ်မှနဲ့ ဘက်တိုက်နေကြတာ၊ မိန်းမခိုး တာတောင် အပြိုင်အဆိုင်ခိုးကြတာလေ၊ ဒီမှာလည်း သတင်းရ ထားတယ် စန္ဒာရဲ့၊ သား မိန်းမခိုးသွားတယ်တဲ့၊ သူ့ဦးလေး ကိုယ်တိုင်မြင်ခဲ့တာလေ၊ အဲဒါ ဘယ်မှာမှန်းမသိလို့ တိုင်ပင် ချင်တာနဲ့ ဖုန်းဆက်ဖို့ စိတ်ကူးတုန်း စန္ဒာဖုန်းဆက်တာ အတော်ပဲ"

"ဒါဆို ဟန်ကျပြီ၊ ကျွန်မတို့ အတူသွားမလား"

"အတူသွားလို့တော့ မရသေးဘူး စန္ဒာရဲ့၊ ဒီလိုလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ စန္ဒာက စန္ဒာ့ယောက်ျားကို ပြောလို့ရသလား''

''ရအောင်ပြောရတာပေါ့''

''တို့က မရသေးဘူး၊ အဲဒီတော့ ကလေးတွေကို စန္ဒာပဲ ပြောဆိုခေါ်လာခဲ့ပါ၊ တို့က ဒီကနေ ပြေလည်အောင် ပြောထားလိုက်မယ်''

''ရတယ်လေ၊ ဒါဆို ကလေးတွေကို ကျွန်မပဲ ခေါ်ခဲ့လိုက်မယ်၊ သမီးကြီးလည်းပါမှာ မသူရဲ့၊ သမီးကလေး သူ့မောင်ကို ဘယ်လောက်ချစ်သလဲ မပြောနဲ့၊ ယောက်မလုပ်သူကို- မမြင်ခင်ကတည်းက မှန်းချစ်နေပြီ''

''ချစ်မှာပေါ့၊ သူ့မောင်ကို သူက တအားချစ်တဲ့ဥစ္စာ၊ ဒါနဲ့ သူ့ယောက်ျားရော''

''ရှိပါ၊ ယောက်ျားရှိလည်း ယောက်ျားအလုပ်သွားတာနဲ့ မယ်မင်းလေးက အိမ်ရောက်လာတာပဲ''

''ကောင်းတာပေါ့၊ သမီးလည်း မဆုံးဘူး၊ သားတစ်ယောက်လည်း ထပ်ရ''

စီဒီခွေဖွင့်ဖို့ပြင်နေသော သန်းထွန်းက အစ်မလုပ်သူကို ငဲ့ကြည့်၍ ရှုံ့မဲ့နေသည်။ မိခင်တွေများ… ကိုယ့်သားကျတော့ ပါမှာကြောက်ကြ၊ ကိုယ့်သမီးနဲ့ရတော့ သားမက်ကို အိမ်ပါစေချင်ကြ။ တရားကျလောက်ပါပေတယ်။

* * *



### အခန်း » ၂၅ «

''ဟိတ်… ဘာလုပ်နေတာလဲ''

''ကိုကို''

မိန်းက ငေးငိုင်မှိုင်တွေနေရာမှ ဆတ်ခနဲဖြစ်သွားကာ 'ကက'ကို မော့ကြည့်သည်။

''သစ်ပင်အောက်မှာ ဘာလုပ်နေတာလဲ မိန်း၊ တော်ကြာ အပေါ်က မြွေပြုတ်ကျလာဦးမယ်၊ လူတစ်ယောက်မှာ နှစ်ခါ ကံမကောင်းတတ်ဘူးတဲ့၊ သိလား''

''အဲဒီတော့လည်း သေသွားတာပေါ့ ကိုကို၊ တစ်နည်းအားဖြင့်တော့ ကောင်းတာပဲ''

''ဘယ်လို… ဘာပြောတယ် မိန်း၊ မင်းက သေချင်လောက်အောင် ဘာတွေစိတ်ညစ်နေလို့လဲ''

မိန်းက မျက်လုံးပြူးလေးနှင့် မော့ကြည့်ယောက် ဖျတ်ခနဲ မျက်နှာလွှဲသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောရမလဲ…

မိန်းရင်ထဲမှာ ဘာတွေဖြစ်နေပြီမှန်း မသိ။

လူသံကြားတိုင်း ရှက်နေမိသည့်အဖြစ်က ကိုယ်ပဲ လူချင်း မတူတော့သလိုလို၊ ကိုယ့်ရဲ့ကိုယ်ပေါ်မှာ အမှတ်အသား၊ အစွန်းအထင်းတွေ ရှိနေသလိုလို…

သူမမျက်နှာကို စေ့စေ့ကြည့်၍ လူတွေ ဟားတိုက်ရယ်ကြတော့မည်ကို စိုးရွံ့နေမိလေသည်။

ကိုကိုနမ်းခဲ့သော အနမ်းတစ်ပွင့်ဟာ ပါးပေါ်မှာ ပန်းပွင့်ကျန်ခဲ့သည်လား။

ကိုကို ထိကိုင်ခဲ့သော အသားတွေပေါ်မှာ ကိုကို့လက်ရာတွေ ထင်ခဲ့သည်လား။ ရင်ထဲမှာ ဖျောက်မရတော့တာတော့ သေချာနေသည်။

ဒါတွေကို လူတွေသိနေသည်ဟုထင်ကာ ရှက်စိတ်မပြေနိုင်တာလည်း ဘယ်လိုမှဖြေလို့မရပေ။

ဘယ်လိုပဲကြည့်ကြည့် သစ်ပင်ကြီးတွေရယ်နေသည်။

ပန်းပွင့်ကလေးတွေ ရှုံ့မဲ့ပြနေသည်။

မိုးကုတ်စက်ဝိုင်းကြီးက 'နင်ဟာ ငါ့မျက်စိအောက်မှာ ယောကျာ်းတစ်ယောက်နဲ့ ပွေ့ဖက်နမ်းရှိုက်ခဲ့တယ်' ဟု မျက်လုံးစူးစူးရှားနဲ့ ငုံ့ကြည့်ပြောဆိုနေ၏။

တစ်သက်နဲ့ တစ်ကိုယ် မရိုးသားသည့်စိတ်နှင့် ဘယ်





ယောကျာ်းနဲ့မှ မထိကိုင်ခဲ့ဖူးသော နှလုံးရိုင်းဟာ တဒိတ်ဒိတ်ဆောင့်ခုန်လျက် ရှက်စိတ်မပြေ။

ကိုကိုမေးသလို မိန်း ကိုကို့ကို ချစ်ခဲ့မိသလား…

မချစ်ခဲ့ဘူးဆိုတာ သေချာပါသည်။

ကိုကို့လိုလူကို ဘယ်တုန်းကမှလည်း စိတ်ကူးယဉ်မကြည့်မိပါ။

ကိုကိုက သူဌေးသား…

သူမမှာ အခြေမဲ့ အနေမဲ့ မိဘမဲ့…

ကိုကိုက ဆရာဝန်လောင်း…

သူမမှာ ဆယ်တန်းအောင်ရုံလေးနှင့် ပညာသင်ခွင့်ထောက်ပံ့မည့်သူမရှိ၍ ရှေ့ဆက်တက်ဖို့မလွယ်။

ပြီးတော့ ကိုကိုက အရမ်းချောတဲ့သူ…

သူမက ဘယ်တုန်းကမှ ပြောင်ပြောင်ရောင်ရောင်နေခွင့်မရခဲ့၊ ပြင်ဆင်ခြယ်သနိုင်ခြင်းမရှိခဲ့သည့် ခပ်နွမ်းနွမ်းအဝတ်များနှင့် မိန်းကလေး။

မိန်း ကိုကို့ကို စိတ်ကူးထဲပင် မထည့်ရဲခဲ့ပေ။

ကိုကိုကလည်း ဤသို့ချစ်နေလိမ့်မည်ဟု ယောင်လို့မှမတွေးမိဘူး။

အခု ကိုကိုဖွင့်ပြောခဲ့တဲ့အထိ မိန်း ကိုကို့ကို တုံ့ပြန်ချစ်ဖို့ ရင်ထဲမှာ ဘာမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



''ဟိတ်''

''ရှင်''

မိန်း တုန့်ခနဲ ဖြစ်သွား၏။

''ဖြစ်ရလေကွာ၊ လူတစ်ယောက်လုံးကို အနားမှာထားပြီး အိပ်မှုံးပျော်နေလား မသိဘူး၊ ပြောစမ်း… ဘာတွေစဉ်းစားနေတာလဲ''

''ဟို…''

''အင်း…''

''ကိုကို''

''အင်း''

''မိန်းက''

''ဟုတ်ပြီ'',

''ဟို… မိန်း ရှက်လို့….''

''ဘာ''

'ကကဲ'က တအံ့တဩ ငုံ့ကြည့်လျက် တဟားဟားရယ်သည်။

''ဘာလဲ… ဘာရှက်တာလဲ၊ ကေ့္ဆ ကိုကို မင်းကိုရည်းစားစကားပြောတော့မယ်မှန်းသိလို့ ဖြစ်မယ်၊ ဟုတ်လား''

''ရှင်''

မိန်း လန့်ဖျပ်ကာ ခြေတစ်လှမ်းဆုတ်မိလေသည်။





သူမဖြစ်သွားပုံက ရက်သေးဖြန်းငုံ့လျှိုးသွားတာမျိုး မဟုတ်ဘဲ မိုးကြိုးပစ်ချခံလိုက်ရတဲ့အတိုင်း…

'ကကဲ'က မိန်းမျက်နှာ ရှိးစင်းပုံလေးကို ခပ်ပြုံးပြုံးစိုက်ကြည့်လျက်…

''မိန်း''

မိန်း ပြန်မထူးနိုင်ဘဲ မျက်လုံးဝိုင်းလေးနှင့် မော့ကြည့်နေသည်။

''မင်း ကိုကို့ကို ပြန်ချစ်နိုင်မလားဟင်''

'ကကဲ'ကလည်း 'ငါ'ကနေ ကိုကိုဖြစ်သွားသည်။ မိန်း အေးစက်သော လက်ဖဝါးလေးကို အင်အားနည်းပါးစွာ ဆုပ်ဖျစ်လျက် နောက်ကို ခြေတစ်လှမ်းထပ်ဆုတ်သည်။

ယောက်ျားလေးတွေနားမှာ နီးကပ်စွာ တည်ရှိခြင်းဟာ အန္တရာယ်မှန်း သိသာခဲ့ပြီမို့…

'ကကဲ'က ရှေ့တိုးသည်။

မိန်းက နောက်ထပ်ဆုတ်သည်။

သစ်ပင်နဲ့ကျော ကပ်မိသွားသည်။

''ဘယ်လိုဖြစ်နေတာလဲ မိန်းရယ်၊ ကိုကို့ကို သရဲကျနေတာပဲ''

''မိန်း… မိန်း ကြောက်လို့ပါ ကိုကို''

''ကြောက်ရအောင် ကိုကိုက မိန်းကို ရိုက်နေလို့ထားဖူး



www.burmeseclassic.com

www.burmeseclassic.com



လို့လား"

ဘာပြန်ပြောရမှန်းမသိသဖြင့် မိန်း မျက်တောင်လေး တဖျပ်ဖျပ်ခတ်လျက် တံတွေးမျိုချသည်။

"မိန်းကို ချစ်တယ်ပြောတာ ကြောက်စရာဖြစ်သွားလို့လား၊ ကိုကိုက မင်းကို အပျော်သဘောနဲ့ လျှာဖျားလေးက ပြောတာမဟုတ်ဘူး၊ ဘဝလက်တွဲဖော်အဖြစ် တစ်ခါတည်း တောင်းခံနေတာ၊ မင်း သဘောတူတာနဲ့ မေမေတို့ကို အကြောင်းကြားပြီး တစ်ခါတည်း လက်ထပ်မှာ"

ပါးသိုင်းမွေးရာများနဲ့ စိမ်းမြချောမောနေသည့် ကိုကို့ မျက်နှာကို ငေးကာ မိန်း ဘာပြောရမှန်းမသိ။

ရင်ထဲမှာ ချစ်ခြင်း၊ မုန်းခြင်းဆိုတာ ဘာမှမရှိပေ။

ပါမောက္ခနဲ့ ကထိကဆိုတဲ့ ယောက်ျားနှစ်ယောက်က မိန်းအပေါ် ဂရုစိုက် အလိုလိုက်ကြသော၊ တည်ကြည်သော ယောက်ျားများအဖြစ်ထက်ပို၍ မိန်းဘက်က ဘယ်လို သဘောထားမျိုးမှ ရှိမနေခဲ့တာ အသေအချာပါ။

"မိန်း ကိုယ့်ကို တစ်ခုခုပြန်ပြောဦးလေ၊ ဘာဖြစ်လို့ မျက်လုံးပြူးကြည့်နေတာလဲ"

"မိန်း… မိန်း ဘယ်သူ့ကိုမှ ဘယ်လိုမှသဘော မထားခဲ့ဘူး၊ မိန်း တောင်းပန်ပါတယ်၊ မိန်းကို စိတ်မဆိုးပါနဲ့နော်"





ပြော၍ မိန်း တအားပြေးထွက်သွားသည်။

'ကက' တားဆီးဖို့ လက်ပြင်လိုက်ပေမယ့် မမှီတော့ပေ။

မိန်း ဘယ်သူ့ကိုမှ ဘယ်လိုသဘောမှမထားခဲ့ဘူး ဆိုပါလား…

ဒါဆို အပါလည်း ကိုယ့်လိုပဲ ပြောပြီးသွားပြီပေါ့။

မင်း နောက်ကျမှာမဟုတ်ဘူးဆိုတာ ငါ တွေးမိပြီး သားပါ အပါ…

'ကက' ခပ်မဲ့မဲ့ပြုံးသည်။

အပါ့ကို သူ ဒီကိစ္စ အတိုက်အခံပြောခဲ့တုန်းကအထိ မိန်းကို ရိုးသားနေခဲ့ပါသည်။ အပါ့ကို နည်းနည်းဖြစ်ဖြစ် တုပြိုင်လိုက်ရမှ၊ ဒုက္ခပေးလိုက်ရမှ ကျေနပ်တတ်သောဉာဉ် ကြောင့် တမင်စိန်ခေါ်ခဲ့တာ ဖြစ်သည်။

ခုတော့ သူ တဖြည်းဖြည်း မိန်းရဲ့ မြတ်နိုးစရာကောင်းတဲ့ ရိုးသားဖြူစင်မှုလေးတွေကို ဥပေက္ခာမထားနိုင်ဘဲ ဖြစ်လာခဲ့သည်။

ပြီးတော့ ဘယ်မိန်းကလေးနဲ့မှမတူနိုင်တဲ့ မိန်းရဲ့ လှပခြင်းများ… ပြင်ဆင်ခြင်းမဲ့ မိန်းရဲ့ သန့်စင်တတ်သော အလှမျိုးကို သူ မတွေ့ခဲ့ဖူးပါ။

နောက်ဆုံး သဘာဝအတိုင်း လှနေကြတာတွေရှိတတ်



www.burmeseclassic.com

www.burmeseclassic.com



တာတောင်မှ အနည်းဆုံး မျက်နှာမှာ အဆီပြန်နေတတ်တာတော့ ရှိကြသည်။

ဘာမှ မလိမ်းခြယ်ရင်တောင် ပတ်ဖ်မရိုက်တဲ့ မိန်းကလေးတော့ မရှိပေ။ မိန်းက သနပ်ခါးလိမ်းတာက ဆယ်ခါတစ်ခါ။

အိပ်ရာထစ… မီးဖိုထဲရောက်နေတဲ့အထိ…

ဘယ်အချိန်ကြည့်ကြည့် မွတ်စင်နေအောင် လှသည်။ သူ မိန်းကို ပိုင်ဆိုင်ချင်ခဲ့ပါသည်။

ဒါကြောင့် ဖွင့်ပြောဖို့မရည်ရွယ်ခဲ့ဘဲ ဖွင့်ပြောမိခဲ့သည် အထိ ဖြစ်ခဲ့သည်။

အပါနဲ့သူ အတိအလင်း ရင်ဆိုင်ရတော့မည်။

* * *

## အခန်း ⏩ ၂၆ ⏪

မိန်း ခြံထဲမှာ ခုံတန်းလေးပေါ် ထိုင်ရင်း ကျစ်ဆံမြီးကျစ်နေတုန်း အပါ အိမ်ထဲက ဆင်းထွက်လာတာကို မြင်လိုက်၏။

ရင်ထဲမှာ ဒိန်းခနဲဆောင့်ခုန်သွားကာ ရုတ်တရက် ဘယ်ထပြေးရမှန်းမသိ။ ကျစ်လက်စ ဆံပင်အစုတွေလည်း ရောနှောတုန်ယင်ကာ ကျစ်ဆံမြီး ပျက်လေသည်။

"မိန်း"

အပါက မိန်းရဲ့ဘေးမှာထိုင်ချကာ အမှားမှား အယွင်းယွင်း ဖြစ်နေသည့် မိန်းလက်ထဲက ဆံပင်တွေကို ဆွဲယူလိုက်၏။

"ကိုကို ကျစ်ပေးမယ်"

ပြော၍ မိန်းရဲ့ပခုံးလေးတစ်ဖက်ကိုဆွဲကာ သူ့ဘက် လှည့်နိုင်းသည်။

"မကျစ်ပါနဲ့ ကိုကိုရယ်၊ မကျစ်တတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မကျစ်တတ်တော့ ဘာဖြစ်လဲ၊ မှားသွားရင် မုံး တစ်လုံး ထကွဲသွားမှာမို့လို့လား"

အပါက ဆံပင်ကို သုံးစုခွဲဖို့အရေး တစ်ချောင်းချင်း ရေတွက်နေသည့်အတိုင်း ပြုံးပြစိုက်ကြည့်ကာ ဟိုလက်က ကျစ်ထားပြီးသည့် ကျစ်ဆံမြီးတစ်ဖက်ကိုကြည့်ရ၊ ကိုင်ထား သည့်ဆံပင်ကိုပြင်ရနှင့် အလုပ်ရှုပ်နေ၏။

ထိုစဉ် အပါ့မျက်လုံးက ဆံပင်တွေဆီကနေ မိန်း မျက်နှာလေးပေါ် ဖျတ်ခနဲ ပြောင်းသွားသည်။

ခိုးကြည့်နေခဲ့သော မိန်းရဲ့မျက်ဝန်းလေးများနှင့်ဆုံကာ မိန်း မျက်နှာကို အတင်းငုံ့ချပစ်လိုက်၏။

အပါက မိန်းလက်ဖဝါးလေးကို ဆုပ်ကိုင်၍

"လူကို ခိုးကြည့်နေပြီးတော့ ဒီကကြည့်မှ မဟုတ် သလိုလို လုပ်မပစ်နဲ့လေ၊ မော့စမ်းကွာ"

"ဟင့်အင်း"

မိန်း ကိုကို့ကိုကြောက်ကာ လက်ကို အတင်းရုန်း၍ ထပြေးဖို့ပဲ ကြိုးစားနေမိသည်။

အပါက မိန်းကို ပခုံးချင်းတိုက်၍ မျက်နှာနားကပ်ကာ

"ကိုကို့ကို ချစ်လားဟင်"

မိန်းက ခေါင်းလေးခါပြကာ လုံးဝ မျက်နှာမမော့။

"မိန်း မျက်နှာမော့ကွာ၊ ကိုကို ဆွဲဖက်ပစ်လိုက်ရ





မလား"

"မလုပ်ပါနဲ့"

မိန်း ပြုံးပြုံးပြပြလေး မော့လာတော့ အပါ ရယ် သည်။

"အပြစ်ရှိလို့ မအေအရိုက်ခံရတော့မယ့် ကလေးလေး လိုပဲ မိန်းရယ်၊ ကိုကို့ကို ကြောက်နေတာလား"

မိန်း ခေါင်းလေးပြန်ငုံ့သွား၏။

"မိန်း"

"... ..."

"မိန်း... ခေါ်ရင်ထူးလေ"

"ရှင်"

"ကိုကို့ကို ဘာလို့ကြောက်တာလဲ"

ကိုကိုမေးလေ မိန်း ပိုရှက်လေ...

"ပြောလေ"

"မိန်းကိုလွှတ်ပါ ကိုကိုရယ်၊ မိန်း သွားပါရစေ"

"ဘယ်ကိုလဲ"

"အိမ်ထဲကို"

"ကိုကို့နဲ့ စကားမပြောချင်ဘူးပေါ့"

မိန်းက မျက်နှာလေးချလိုက်ကာ...

"ကိုကိုက စကားပြောတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



''ဟောဗျာ… စကားမပြောလို့ ကိုကိုက ဘာလုပ်နေလို့လဲ''

မိန်းက မပြောတော့ဘဲ လက်ကိုသာ အတင်းရုန်းလေသည်။

အပါက လက်ကလေးကို လွှတ်ပေးလိုက်ပြီး မိန်းရဲ့နောက်မှာ လက်တစ်ဖက်ထောက်လိုက်၏။

ထိုအခါ အပါနဲ့မိန်း ပခုံးတစ်ဖက်စီ ထပ်သွားကာ လက်ကို မကိုင်ပေမယ့် နားသယ်စပ်နားမှာ မျက်နှာက ပိုနီးသွားသဖြင့် မိန်း ခါးလေးတောင့်သွားသည်။

အပါက မိန်းရဲ့နားသယ်စပ်ဆံစ စိမ်းစိမ်းလေးတွေကို ဂုတ်သား ဖွေးဖွေးလေးတို့ရဲ့အထက်စပ်အထိ သေချာစိုက်ကြည့်၍

''သိပ်လှတာပဲ မိန်းရယ်၊ မင်း ကိုယ့်ကိုပြန်မချစ်ရင်တော့ ဒဿဂီရိပဲလုပ်ရလုပ်ရ၊ တာနောယက္ခပဲဖြစ်ဖြစ် မရရအောင် သိမ်းပိုက်ရမှာပဲ''

မိန်းထပြေးချင်၍ လှုပ်လှုပ်ရှရှဟန်ပြင်နေသည်ကို အပါက ရိပ်မိသည်။

''ထပြေးဖို့မကြိုးစားနဲ့နော် မိန်း၊ ငြိမ်ငြိမ်လေး ထိုင်နားထောင်၊ ကိုကိုမေးရင်ဖြေ''

မိန်း မလှုပ်ရဲတော့ပေ။

သစ္စာမွန်စာပေ



''မိန်း''

''ရှင်''

''ကိုကို့ကို ချစ်လား''

''ကြောက်တယ်''

''ဘာဖြစ်လို့ကြောက်တာလဲ''

''ကိုကိုက…''

''ပြောလေ''

''ကိုကိုက…''

''ဆက်ပြောကွာ''

မိန်း ဘာပြောချင်တာကိုသိလျက်နှင့် အပါ ပြုံးလိုက်မိပြီး မရရအောင် မေးလေသည်။

မိန်းက မျက်နှာလေးရှုံ့မဲ့၍ မော့ကြည့်သည်။

မျက်နှာနှစ်ခုက နီးနီးကပ်ကပ်လေးမို့ အပါက ဖျတ်ခနဲနမ်းပစ်လိုက်၏။

''ကြည့်ပါလား''

မိန်းအသံလေးက ငိုပစ်လိုက်တော့မယ့်အတိုင်း…

''တိုလိုက်တာ မိန်းရာ၊ ချစ်လို့နမ်းတာ စိတ်မဆိုးရဘူး၊ ကိုကိုက မိန်းမတိုင်းအပေါ် သွေးဆူတတ်တဲ့ကောင်မဟုတ်ဘူးနော်၊ မင်းကိုကျမှ ချစ်တတ်နေတာ၊ ပြီးတော့ မင်းအရမ်းဖြူစင်နေတာ အရောင်ပြောင်းသွားစေချင်လို့''

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်လေးတစ်ဖက်ကို ဆုပ်ကာထားလျက် မိန်း ခေါင်းငုံ့ထား၏။

"ကိုကိုချစ်သလို ချစ်တတ်အောင် သင်ပေးတာလေ၊ မင်းဘက်က အရမ်းရိုးသားနေရင် ကိုကို အကြာကြီးစောင့်နေရမှာ၊ ပြီးတော့ မင်းကိုချစ်တာ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး၊ သူများ ဦးသွားရင် သေပြီ"

"မိန်း ပြန်တော့မယ်"

"ဟင်… ဘယ်ကိုလဲ"

"အိမ်ထဲကို"

"မိန်းရာ ဘယ်ကိုပြန်မယ်များပြောသလဲလို့ လန့်သွားတာပဲ"

"မိန်းမှာ ပြန်စရာအိမ်မရှိပါဘူး ကိုကို၊ အခြေမဲ့ အနေမဲ့ မိဘမဲ့ပါ၊ မိန်းကို ဘယ်လိုသားရှင်မျိုးကမှ လက်ခံကြည်ဖြူမှာလည်း မဟုတ်ပါဘူး၊ ကိုကိုလည်း မိန်းကို မချစ်ပါနဲ့၊ မိန်း ကိုကို့ကို မချစ်ဘူး"

"မချစ်ဘူးဆိုတာ အဲဒီအဆင့်အတန်းကြောင့်လား"

"မဟုတ်ဘူး"

"မုန်းလို့လား"

"မမုန်းပါဘူး ကိုကို"

"တော်ပြီ၊ မင်းမှာ ချစ်သူမရှိဘူး၊ ကိုယ့်ကို မမုန်းဘူး၊





အဲဒီအတွက်ကြောင့် ဇချစ်နိုင်သေးတာကို ကိုယ် ခွင့်လွှတ်တယ်၊ နောက်ကို အခြေမဲ့ အနေမဲ့ဆိုတဲ့စကား ဘယ်တော့မှ မပြောနဲ့ မိန်း၊ မိန်းကလေးဆိုတာ ကြာပန်းကလေးပဲ၊ ရေမြင့်ရင် ကြာမြင့်မှာပဲ၊ အဓိကက ရိုးသားဖြူစင်ဖို့၊ စိတ်ဓာတ်မနိမ့်ကျဖို့ပဲ၊ ကိုယ် မင်းရဲ့မိဘ၊ မင်းရဲ့အခြေအနေ ဘာကိုမှ စိတ်မဝင်စားဘူး၊ မင်းတစ်ယောက်တည်းကိုပဲ ကြည့်တာ၊ မင်းမှာ ကိုယ်မြတ်နိုးထိုက်တဲ့ မိန်းကလေးဆိုတဲ့ အရည်အချင်းတွေ အားလုံးရှိတယ်၊ ကျန်တာ ဘာမှမလိုဘူး"

"မိန်းလေ"

"ပြော"

"ဟို"

"ပြောလေ"

"မပြောတတ်ဘူး"

"ဘာပြောချင်လို့လဲ"

"မပြောတတ်တော့ဘူး"

"မပြောတတ်ရင် မပြောနဲ့တော့ကွာ၊ ကိုကိုနဲ့ လက်ထပ်ဖို့ ခေါင်းညိတ်"

"မိန်း အားကိုးစရာမရှိလို့ ယောက်ျားယူရတဲ့အဖြစ်မျိုး…"

"ဘာတွေလျှောက်ပြောနေတာလဲ မိန်း၊ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက အဲဒီလိုထင်မှာလဲ၊ ဘယ်သူ့မှလည်း မပြောရဘူး၊ ကိုယ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ကို ဘယ်သူစောင်းကြည့်မဲ့ရွဲ့တာမှ ကိုယ်မခံဘူး၊ နှစ်ခါရှိသွားပြီကွာ၊ မင်း အဲဒီအပြောမျိုး လုံးဝထပ်မပြောနဲ့၊ ဒီတစ်ခါ ကိုကို ခွင့်လွှတ်မှာမဟုတ်ဘူးနော်”

မိန်း ငြိမ်ကျသွားရပြန်သည်။

“မိန်း… မင်းရဲ့ ဆယ်တန်းအောင်တဲ့နေ့က ကိုကို ဘာလက်ဆောင်မှ မပေးခဲ့ဘူးနော်၊ အစကတော့ ပေးဖို့ပဲ၊ ဒါပေမယ့် သူများက ဦးသွားတော့ ကိုယ်က ဒုတိယ မဖြစ်ချင်ဘူးလေ”

ပြော၍ အပါက မိန်းရဲ့လက်သူကြွယ်လေးမှာ စွပ်ထားသည့် လက်စွပ်ကို ဆွဲဖြန့်ကြည့်သည်။

“ကိုကို အခုပေးမယ်”

“အဖိုးတန်တာတွေဆို မိန်းမလိုချင်ဘူး ကိုကို”

“မင်းရဲ့ ကြိုးစားခဲ့တဲ့တန်ဖိုးကို ထိုက်တန်အောင်ချီးမြှင့်တာပဲ၊ လမ်းပေါ်က အုတ်ခဲတွေ ထုထောင်းပေးရမှာလား”

“အဲဒါမျိုးကိုပဲပေးပါ ကိုကိုရယ်”

“မပေးနိုင်ပါဘူး”

ပြောပြီး အပါက ကတ္တီပါဘူးလေးတစ်ဘူးကို ထုတ်လိုက်သည်။ မိန်းရှေ့မှာပဲ ဖွင့်လိုက်သည်။

လှလိုက်တာ…





မိန်း ရုတ်တရက် ကိုင်ကြည့်မိတော့မတတ်ပင် ဖြစ်သွားသည်။ နှစ်ထပ်ပူးနေသော အသည်းပုံ ရွှေရင်ထိုးလေး တစ်ခု။

အပါက အသည်းပုံလေးရဲ့ အလယ်တည့်တည့်မှာ **MAIN PAR** ဆိုသည့် အင်္ဂလိပ်စာလုံးလေးတွေ ထွင်းထည့်ထားကာ အနားလေးတွေကို ဆောက်ဖြတ်သံကွင်းဆက်လေးတွေ ပတ်ခွေထားသဖြင့် ကျောက်တွေစီထားသည့်နှယ် တဖျပ်ဖျပ် လက်နေ၏။

“မိန်း ကြိုက်ရဲ့လား”

“ကြိုက်တယ်”

မိန်း မဆိုင်းမတွဖြေတော့ အပါ နှစ်ခြိုက်စွာ ပြုံးသည်။ မိန်းက အဲဒီလိုချစ်စရာကောင်းတဲ့ ကောင်မလေး။

“မလိုချင်ဘူးလို့ မပြောတော့ဘူးလား”

မိန်းက ရှက်ဝဲဝဲလေး ပြုံးနေသည်။

“အစက ဒီအနားလေးတွေကို စိန်လေးတွေ စီခိုင်းမလို့၊ ဒါပေမယ့် ရွှေဆိုတာ မပြောင်းလဲဘူးလေ၊ ရွှေရဲ့သဘောကိုပဲ ကိုယ်က ကြိုက်တာ၊ အဲဒါကြောင့် ရွှေချည်းလုပ်ခိုင်းလိုက်တာ၊ ကိုကို တပ်ပေးမယ်နော်”

ရင်စေ့၊ ခါးတင် လက်ပြတ်အနီရောင်လေး ဝတ်ထားသော မိန်းရဲ့ ဘယ်ဘက်ရင်အုံပေါ်မှာ ရင်ထိုးလေးက ချိတ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်နဲ့မို့ ရှေ့ကို ငိုက်ကျနေတာမျိုးလည်းမဖြစ်ဘဲ တဖျပ်ဖျပ် လေး လှုပ်နေလေသည်။

"လူတိုင်းရဲ့ ဘယ်ဘက်ရင်အုံမှာ နှလုံးသားရှိတယ်၊ ကိုကိုက အထိမ်းအမှတ်နဲ့ တပ်ပေးလိုက်တာ၊ မင်းကို ကိုကို ပိုင်သွားပြီ"

"ဟင်… မဟုတ်ဘဲနဲ့"

မိန်းက လန့်သလို ရှောင်သလိုလေးပြောတော့ အပါက အသံမထွက်ဘဲ ရယ်သည်။

"မယုံဘူးလား"

"ကိုကို"

"ပြော"

"ကိုကို့ကို အဲဒါကြောင့် ကြောက်တာ"

"သိတယ်၊ အဲဒါကြောင့် ဒီက ထိန်းနေတာ၊ တော်ကြာ တအားနမ်းပစ်လိုက်ရင် သတိတွေ ဘာတွေ လစ်သွားမှာစိုးလို့"

"ကိုကိုနော်"

မိန်း ထပြေးသွားလေသည်။

အပါက ဆံပင်တွေထဲ လက်တစ်ဖက်ထိုးထည့် သပ်တင်ရင်း ရယ်နေ၏။

❋ ❋ ❋



## အခန်း ⏩ ၂၇ ⏪

"ဟာ… မေမေ"

"သား"

"မောင်လေး"

ဝင်လာကြသူတွေကိုမြင်လျှင် ဧည့်ခန်းမှာ တန်းစီထိုင်နေကြသည့် သူတို့သုံးယောက် ပြိုင်တူထရပ်လိုက်မိကြ၏။

ဒေါ်စန္ဒာက အပါ့ကို ပြေးဖက်သလို ဝင်လာကတည်းက အလယ်က မိန်းကလေးကိုပဲ တန်းခနဲမြင်လိုက်သည့် မေရီစိုးက ထိုမိန်းကလေးဆီသို့…

"ညီမလေးက မောင်လေးရဲ့ချစ်သူလား"

'ကက'ကလည်း မိန်းမရနေသည်ဟု သိထားသဖြင့် မေးလိုက်ရသော်လည်း ပါးပေါ်က စပယ်တင်မဲ့လေးကို မြင်ကတည်းက မောင်လေးရဲ့ချစ်သူမှန်း သိလိုက်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



"သား… သူက သားချစ်သူလား၊ ကကရဲ့ချစ်သူလား"

သားဖြစ်သူကို ပွေ့ဖက်ပြီး ဒေါ်စန္ဒာက လက်ညှိုးထိုး မေးသည်။ ကက တစ်ခုခုပြောရန် ပါးစပ်ပြင်လိုက်ပြီးမှ

"ကျွန်တော့်ချစ်သူ မေမေ"

အပါက ဦးသွားသည်။ ပြီးတော့ 'ကက' ကို လှည့်၍ ရယ်ပြလိုက်၏။ 'ကက'ကလည်း အားကျမခံပြုံးကာ…

"ဘယ်သူ့ချစ်သူမှမဟုတ်ဘူး အန်တီ"

"ဟင်"

"ဘယ်လို ကက"

"ဟုတ်တယ် မမစိုး၊ သူနဲ့လည်း ဘာမှမဟုတ်ဘူး ကျွန်တော်နဲ့လည်း ဘာမှမဟုတ်ဘူး"

ဒေါ်စန္ဒာနဲ့ မေရီစိုး မျက်နှာတွေ ပျက်ကုန်ကြ၏။

မေရီစိုးက လွယ်ထားသည့် ကျောပိုးအိတ်ကို ဘုတ်ခနဲ ပစ်ချပစ်ကာ…

"ဘာတွေပြောနေကြတာလဲ၊ မိန်းကလေးတစ်ယောက်ကို အလယ်မှာထားပြီး သူလိုလို ကိုယ်လိုလို ဘာတွေဖြစ်ကုန်တာလဲ"

ကိုယ့်ပစ္စည်းလေးလို့ အပိုင်တွက်လိုက်ပြီးမှ မေရီစိုး ဒေါ်ပွသွားသည်။





"နေပါဦး သားတို့ရယ်၊ သားတို့ မိန်းမရနေပြီလို့ မေမေတို့ကို လာပြောသွားတာ အသေအချာပါ"

'ကက'က ရယ်၍

"အန်တီ့ကို ဦးလေးဖြူကြီး လာပြောတာ မဟုတ်လား"

"ဟုတ်တယ်လေ၊ စပယ်တင်မဲ့လေးနဲ့ ကျစ်ဆံမြီး ရှည်လေးနဲ့တဲ့"

"ဟုတ်တယ်၊ အဲဒါ သူပဲ"

'ကက'က လက်ညှိုးထိုးတော့ မိန်း သူမရဲ့ကျစ်ဆံမြီး နှစ်ဖက်ကို ယောင်မှားဆုပ်ကိုင်လိုက်မိသည်။

"ဒါဆို သူက သားရဲ့"

"ကျွန်တော် မိန်းမရနေပြီဆိုတာကို ဦးလေးဖြူကြီး မေမေ့ကိုပြောတာဖြစ်မယ်"

"ဟုတ်တယ်၊ သူလည်း သေချာမြင်ခဲ့တာလို့ ပြောတာပဲ"

"ဟုတ်တယ်လေ၊ သူမြင်သွားတာ ကျွန်တော့်ဘေးမှာ ရှိနေတဲ့ သူ့ကိုပေါ့"

မိန်း တုန်ခနဲ ဖြစ်သွားပြန်သည်။

"သူက သားတို့နှစ်ယောက်နဲ့ ဘယ်လိုပတ်သက်နေတာလဲ၊ မေမေတို့ကိုလည်း ရှင်းအောင်ပြောကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အဝါက ဘောင်းဘီထဲလက်နှိုက်၍ ဆက်တီဆိုဖာမှာ ပြန်ထိုင်ချလိုက်သည်။ ဒီတော့မှ ဒေါ်စန္ဒာတို့ရော အားလုံးထိုင်ဖို့ သတိရကြ၏။ အပါက မိန်းလက်ကလေးကို ဆွဲကိုင်ကာ…

"သူ့နာမည်က မိန်းတဲ့ မေမေ"

အစချီကာ အားလုံးကို ပြန်ပြောပြလိုက်သည်။

မေရီစိုး မျက်နှာမပျက်ခဲ့ပေမယ့် ဒေါ်စန္ဒာ ရင်ထဲမှာ မောသွားသည်။

ဆင်းရဲတာ ချမ်းသာတာ အဓိကမဟုတ်ပေမယ့် အဖေ ဘယ်သူ၊ အမေဘယ်သူဆိုတာလောက်တော့ လက်ညှိုးထိုးစရာ ရှိရပေမည်။ ခုတော့ ဘာဇစ်မြစ်ကို ဘယ်သမိုင်းနဲ့စစ်ဆေးရမလဲ။ မေရီစိုးက မိန်းကို အပါက လက်ကိုင်ထားသဖြင့် 'ကက'ကို ကြည့်သည်။

မိန်းကို နှစ်ယောက်လုံးက ချစ်နေကြတာဆိုလျှင် မောင်လေး ခုလိုကိုင်ထားတာကို မိန်းက ဘာလို့ကြည့်ဖြူနေတာလဲ၊ ကကက ဘာလို့ကျေနပ်နေတာလဲ။ ထိုင်ကြည့်ရင်း ဘယ်လိုနားလည်ရမှန်းကို မသိတော့ပေ။

"အခု သမီးလေးက အုပ်ထိန်းသူ မရှိဘူးပေါ့"

ဒေါ်စန္ဒာက ရိုးရိုးလေးမေးတာဖြစ်ပေမယ့် မိန်း မျက်နှာလေး ငယ်သွားသည်။

အပါက မိန်းလက်ဖဝါးလေးကို ဖျစ်ဆုပ်၍





"အုပ်ထိန်းသူရှိတာပေါ့ မေမေ၊ ဒါပေမယ့် သွေးမတော်တော့ အနိုင်ကျင့်သလိုဖြစ်နေတာပေါ့၊ အဲဒါကြောင့် မိန်းကို ကျွန်တော် ပြန်မပို့တာ၊ ပြီးတော့ မိန်းကို ကျွန်တော် လက်ထပ်ဖို့ ရည်ရွယ်ထားတာ"

"နို့… ကက ကရော"

"အတူတူပဲ အန်တီ၊ မိန်းကို လက်ထပ်ဖို့ရည်ရွယ်ပြီး အားလုံးဖွင့်ပြောထားကြပြီးသား"

"ဟော့တော်"

"ညီမလေးကရော"

"ရှင်"

မိန်း အပေါ့ကို လှည့်ကြည့်သည်။

အမြဲပြုံးထေ့ထေ့ရှိနေတတ်သည့် အပေါ့မျက်နှာက မှုန်ကုတ်ကုတ်ဖြစ်နေကာ မိန်း မဖွယ်မရာပြောမိလျှင် တစ်ခုခု ထ၍ပေါက်ကွဲတော့မယ့်အတိုင်း…

'ကက'ကို မိန်း လှည့်ကြည့်မိပြန်သည်။

'ကက'က ပြုံး၍ကြည့်၏။

ပြီးတော့ မိန်းလက်ကလေးတစ်ဖက်ကို ဆွဲယူလိုက်ပြီး ကိုယ်ကိုနွဲ့လိုက်တော့ မိန်းနဲ့ ပခုံးချင်းထိကပ်သွားလေသည်။

"ပြောလိုက်လေ မိန်း၊ ရင်ထဲရှိတဲ့အတိုင်း ပြောပါ မင်း ဆုံးဖြတ်တဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိန်း ဘာပြောရမလဲ။ နှစ်ယောက်စလုံးကိုင်ထားသည့် လက်တွေကို ပြန်ရုန်းပေမယ့် မရ။

မိန်း မျက်နှာလေးနီကာ မျက်ရည်တွေ ဝဲလာသည်။

တစ်ချိန်လုံး ထိုင်ကြည့်နေသည့် မေရီစိုးက မိန်းမျက်နှာလေးပေါ်မှာ ရိုးသားကြောက်ရွံ့မှုလေးတွေကို တွေ့ရှိသွားသည်။

ယောကျ်ားလေးနှစ်ယောက်ကြားမှာ မပြတ်သားဘူးလားဆိုသောအတွေးနှင့် စောစောက အလိုမကျစိတ်တွေ ဝင်ခဲ့မိသမျှ အားလုံးပျက်ပြယ်ကုန်၏။

သူ့ခမျာ နှစ်ယောက်လုံးကို ကျေးဇူးရှင်တွေရယ်လို့ သတ်မှတ်ခဲ့ရှာမှာ။ ထို့ပြင် ဆတူညီမျှနေတတ်သော ပါမောက္ခနဲ့ ကထိကရဲ့ ကြိုးပမ်းကြမှုတွေ ခွဲမရနိုင်တဲ့ အရည်အသွေးတွေ။

ဒါတွေကို ဒီမိန်းကလေး မခွဲခြားနိုင်ရှာဘူး ထင်သည်။

ဒါတွေအပြင် မိန်းမျက်နှာလေးမှာ လောဘ၊ ဒေါသတွေကင်းကာ နှစ်ယောက်လုံးအပေါ် ဘယ်လိုတပ်မက်မှုမျိုးမှ ဘယ်သူ့ကိုမှ ပိုမနေတာလည်း သိသာနေ၏။

မေရီစိုး မိန်းဆိုတဲ့ ကောင်မလေးကို သဘောကျမြတ်နိုးသွားမိသည်။

"အန်တီမေးတာ ဒီလိုပါ"

"မမေးပါနဲ့ဦး မေမေ၊ သူ အဖြေရခက်နေရှာတာ"

"ခက်လို့မဖြစ်ဘူးလေ သမီး၊ လာခဲ့တုန်းက သူတို့လူနဲ့





သူတို့အတွဲတွေပဲဆိုပြီး အေးအေးပြန်ခေါ်သွားမလို့ပဲ၊ ခုကျတော့ ဘာမှလည်းမဟုတ်ဘူး၊ နှစ်ယောက်တစ်ယောက်ကြီး ဖြစ်နေတာ၊ သရက်သီးထက်ခြမ်းခွဲလို့မရသလို မေမေ ဘယ်လိုလုပ်ပေးရမလဲ"

"ဘယ်လိုမှမလုပ်နဲ့ဦး မေမေ၊ မိန်းကို အဲသလိုဖြေခိုင်းနေတာ မသင့်တော်ပါဘူး၊ မိန်း"

"ရှင်"

"သွားနားချေတော့"

"ခဏနေဦး မိန်း"

အပေါ်က သွားဆိုတော့ 'ကက'က ဆွဲထားသည်။

"ကိုယ်တို့ ဒီကမခွာကြခင် မိန်း စဉ်းစားပါ၊ မင်းတွေဝေနေသရွေ့ အားလုံးမသက်မသာဖြစ်နေကြမှာပဲ"

"ဟုတ်ကဲ့"

မိန်း ဘယ်သူ့ကိုမှလည်း နှုတ်မဆက်ဘဲ အပြေးတစ်ပိုင်းလေး ထွက်သွားသည်။

"သားတို့ရယ်၊ မင်းတို့နှစ်ယောက် ဘယ်ဘဝကနေဘယ်လိုဆုတောင်းထားခဲ့ကြတာလဲဟင်၊ မွေးလာကတည်းက ပခုံးချင်းယှဉ်နေကြတာ ဘယ်သူမှနောက်မကျန်ခဲ့ပါလား၊ ဒီကိစ္စမှာတော့ သရေဖြစ်လို့မရဘူးနော်"

"မေမေကရော မိန်းနဲ့ကျွန်တော့်ကို သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



လားဟင်''

''သားရယ်၊ မေမေ သားကို ဘယ်လိုမိန်းကလေးနဲ့ စေ့စပ်ဖို့ ကြိုးစားသလဲဆိုတာ ပြန်ကြည့်ရင် သားကို မေမေ ဘယ်လောက်ထိ မျှော်မှန်းထားသလဲဆိုတာ သိမှာပါ။ ဒါပေမယ့်…''

''အဲဒီဒါပေမယ့်ကို ကျွန်တော် မျှော်လင့်ပါတယ် မေမေ၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကျွန်တော် မိန်းကိုပဲ လက်ထပ်မှာပါ၊ မေမေ ဒါပေမယ့်လို့ ချွင်းချက်ပေးသလို ဖေဖေမပေးနိုင်ရင်တော့ ပဋိပက္ခတွေဆက်ဖြစ်ရဦးမှာပဲ''

''သားကကာ,ကရော၊ မင်းရဲ့အဖေက ပိုပြီးစိတ်ကြီးတယ်၊ သဘောမတူနိုင်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ''

''အိမ်ကထွက်လာကတည်းက စိတ်ဆင်းရဲခံချင်လို့မှ မဟုတ်တာ အန်တီ၊ ချမ်းသာခွင့်မပေးဘဲ ပြန်ဖို့စိတ်ကို မကူးဘူး''

''ကောင်းကြတာပေါ့''

ဒေါ်စန္ဒာ စိတ်ညစ်သွားသည်။

မေရီစိုးက ပြုံး၍ မောင်ဖြစ်သူကို လှမ်းကြည့်သည်။

ဒီတစ်ခါ ငါ့မောင် မပြုံးနိုင်ပါလား။

❋ ❋ ❋



## အခန်း ⏩ ၂၈ ⏪

*ကကာ…*

*စိတ်တော့မကောင်းဘူး*

*ဒါပေမယ့် ဒီပွဲမှာ ငါ ပြိုင်ဘက်မလိုချင်ဘူး။*

*မိန်းရဲ့ရွေးချယ်မှုကို ငါနဲ့အပြိုင် ဘယ်သူမှပခုံးချင်းယှဉ်ခွင့် မရှိဘူး။*

*ပန်းကုံးစွပ်ခံဖို့ ညီလာခံထဲမှာ သူလိုလို ငါလိုလိုနဲ့ လည်ပင်းရှည်အောင် မျှော်လင့်နေရတာ ကြောင်ပါတယ်ကွာ။*

*ငါ မိန်းကိုခေါ်သွားပြီ။ မကောင်းဘူးလား…*

*မင်းရောဂါမသည်းဘူးဆိုတာ ငါသိတယ်။*

*နိုးလိုးခုလုဖြစ်သွားတာလောက်ပဲ ရှိမှာပါ။ ဒါပေမယ့် နှလုံးသားမဆုံးတာတောင် မင်းရှုံးသွားပြီဆိုတာ လက်ခံရမယ်။*

စာဖတ်၍ 'ကက'က မဲ့တဲ့တဲ့ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကို ဆုံးဖြတ်ခွင့်မပေးဘဲ ရအောင်ယူသွားတာကိုက မပြီးင်ရဲတာ။ မိန်းရဲ့ဆုံးဖြတ်ချက်ကို လက်မခံရဲတာ မင်းရှုံးတာပါ။

စိန်ခေါ်တာက ငါ…

ရှောင်ထွက်သွားတာက မင်း…

ဘယ်သူ ရှုံးသလဲ။

*… မင်းရှုံးတယ်ဆိုတာ လက်မခံဘူးလား။*

*မှန်တယ်၊ ရှောင်ထွက်သွားတယ်ထင်ရတဲ့ ငါ့ကို မင်းက မဲ့ပြုံးပြုံးနေမှာပါ။ အဲဒါ မင်းသိလား…*

*မင်း အပြုံးမပျက်ရအောင် ငါ ဖဲ့ထွက်လိုက်တာ၊ ပြိုင်ပွဲမဝင်ရဘဲ အရှုံးပေးလိုက်ရတာကို မင်းကျေနပ်လိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ မင်းမနိုင်ဘူးဆိုတာ သေချာနေလို့…*

*ပွဲမဝင်ဘဲ ရှောင်ထွက်သွားတဲ့ကောင်အဖြစ် မင်း နှုတ်ခမ်းမဲ့ခွင့်ရအောင် ငါလိုချင်တာနဲ့ လဲယူလိုက်တာပဲ။*

*မင်းမရှုံးသေးတဲ့ အရှုံးတစ်ခုကို သိမ်ထားပြီး အားလုံး ရှေ့မှာ ပြုံးနေလိုက်ပါ။*

*ဒီကောင် သတ္တိကြောင်သွားတာလို့…*

*ပြိုင်ဘက်ကင်း (ပါမောက္ခ)*

'ကက' နှုတ်ခမ်းစေ့၍ ပြုံးနေပေမယ့် မျက်လုံးတွေက ရီဝေနေသည်။





မေးရိုးတစ်ချက် လှုပ်ခတ်သွားကာ အံကြိတ်လိုက်မှန်း ဘယ်သူမှမသိလိုက်။

''ဘာတဲ့လဲ သား၊ ဘာတွေရေးထားသလဲ''

'ကက'က မျက်နှာကို ဒီဘက်အလှည့်မှာ ခပ်လျောင်လျောင် ပြုံးလိုက်ပြီး

''မိန်းကို အပါ နိုးသွားပြီ အန်တီ''

''ထင်သားပဲ''

မေရီစိုးက ပြုံး၍ ဝင်ပြောသည်။

ဒေါ်စန္ဒာက ကိုယ့်သားလေးလို ချစ်ခဲ့ရသည့် 'ကက' ကို စာနာသနားစွာ လှမ်းကြည့်နေသည်။

'ကက'က ဘယ်သူ့ကိုမှမကြည့်ဘဲ စာကို လုံးချေ ဆုပ်ကိုင်ကာ ဆံပင်တွေကို တစ်ချက်သပ်၏။

''သားရယ်…''

ဒေါ်စန္ဒာ စိတ်မကောင်းပါ။

'ကက'က ဖော့ပါးသော မချိုမချဉ်အပြုံးနှင့် ဟင့်ခနဲ ပခုံးတွန့်ကာ…

''ဒီအတိုင်းပဲဖြစ်မယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အပါက မိန်းကို တကယ်ချစ်နေတာ၊ စတွေ့တုန်းကလည်း သူ့ကြောင့်ပဲ မိန်း ဒီကိုပါလာတာပါ၊ ကျွန်တော်က သူ့ကို တမင်စိတ်ဆင်းရဲအောင် လုပ်ရိနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



အတိုက်အခံလုပ်ပြီး မိန်းကို ချစ်ရေးဆိုပစ်လိုက်တာ''

''ဟင်''

''သူ မိန်းကိုခေါ်သွားတာ ကျွန်တော် ကျေနပ်ပါတယ် အန်တီ၊ အစကတည်းက မိန်းကို ကျွန်တော် မချစ်ခဲ့ပါဘူး''

ပြောပြီး 'ကက' နေရာမှ ထရပ်လိုက်သည်။

နောက်တည့်တည့်မှာရှိနေသည့် တီဗီရှိရာကို လျှောက်ထွက်သွားသည်။

ဒေါ်စန္ဒာက မေရီစိုးကို လှည့်ကြည့်ကာ

''ဟုတ်ရဲ့လား သမီးရယ်၊ သူပြောတာ''

''ဟုတ်တယ်လို့ပဲ မှတ်လိုက်ပါ မေမေရယ်၊ သူ့ရင်ထဲကိုမပြောနဲ့၊ သူ့မျက်နှာကိုတောင် ဟိုဘက်လှည့်ပစ်တဲ့ဟာ၊ ဟုတ်တာ မဟုတ်တာ သမီးတို့ ဘယ်လိုအကဲခတ်မလဲ''

ထိုစဉ် ရောင်စုံပြေးလွှားနေသော တီဗွီဖန်သားပြင်ပေါ်မှာ အသံရော ရုပ်ပါ ဖျတ်ခနဲ ပေါ်လာသော…

*… ဝေးဝေးပြေးတဲ့ အချစ်ကိုစွဲလန်းလွန်းလို့ ရင်မှာ နှလုံးသားလေးကွဲအက်‥ ကိုယ် ရှူးတော့မှာပဲ…*

နန္ဒစိုင်းရဲ့ သီချင်းသံ…

'ကက' ဖျတ်ခနဲ ပြန်ပိတ်ပစ်ကာ ဒီဘက်လှည့်လိုက်၏။

''အန်တီတို့ ဘယ်နေ့ပြန်မလဲ''





''ပြန်ကြမယ်လေ သားရယ်၊ အန်တီတို့က မကာနဲ့ ကွက်ဘူးဆိုတော့ သားလည်း ရန်ကုန်ကိုပဲ ပြန်မှာပါ၊ ဟိုမှာ မရှိတော့လည်း လိုက်ရှာရဦးမှာ''

''ကျွန်တော်က ကလောဘက်သွားမှာ''

''အိုကွယ်… သားကို မသူက ပြန်ခေါ်ခဲ့ဖို့ မှာလိုက်တာ''

''အစကတည်းက ကျွန်တော်က ကလောကိုသွားဖို့ပါ၊ အပါတို့က ဒီမှာအရင်နေဦးမယ်ဆိုလို့ သူတို့ကိုစောင့်နေတာ၊ အန်တီတို့ပြန်ဖို့ စီစဉ်ပြီးရင် ကျွန်တော် ကလောကိုသွားမှာ''

''သားရယ်…''

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ›› ၂၉ ‹‹

``လမ်းလျှောက်ထွက်မယ်ဆိုပြီးတော့ ကားချည်းပဲ လျှောက်မောင်းနေတာပါလား၊ ကိုကို ဘယ်တွေမောင်းနေတာလဲ ဟင်''

``ဟိုင်းဝေးလမ်းမကြီးပေါ် ရောက်နေပြီလေ၊ လမ်းလျှောက်နေရင် မင်းခြေထောက်တွေညောင်းမှာစိုးလို့''

``ဘယ်ထိလျှောက်မှာမို့လို့လဲ''

``ရန်ကုန်ကို''

``ဘာ··· ဘယ်လို''

``မင်းကို ခိုးပြေးလာတာလေ''

မိန်း နှုတ်ခမ်းလေး ပွင့်ဟနေသည်။





ဘောင်းဘီရှည်အနက်၊ စပို့ရှပ်အနီရဲရဲနှင့် လေလွင့်နေသော ဆံပင်ရှည်တို့ တဖျပ်ဖျပ်ရိုက်ခတ်နေသည့် မျက်နှာချောချောကို ငေးကြည့်ကာ မိန်းမျက်နှာလေး တဖြည်းဖြည်းမဲ့လာလျက်···

``ကိုကို ရက်စက်တယ်''

ဟု ပြောကာ ဟီးခနဲ ငိုပစ်လိုက်လေသည်။

``မိန်း··· ဟာ''

အပေါ ကားကို လမ်းဘေးသို့ အကြမ်းဗရမ်း ဆွဲချရပ်ပစ်လိုက်သည်။

``မိန်း ဘာပြောလိုက်တာလဲ၊ ဘယ်လိုဖြစ်သွားတာလဲ၊ ကိုယ့်ကို ကြည့်စမ်းပါ''

အပေါ မိန်းပခုံးလေးနှစ်ဖက်ကို သူ့ဘက်ဆွဲလှည့်၍ အမောတကော မေးသည်။

မိန်းရဲ့မျက်တောင်ရှည်တွေမှာ မျက်ရည်တွေ စိုလူးကပ်တွဲနေကာ···

``ကိုကိုက မိန်းကို အားကိုးစရာမရှိတဲ့ မိန်းကလေးပဲ ဆိုပြီး···''

``မိန်း··· တော်စမ်း''

အပေါ မျက်နှာရဲတွတ်လာသည်။

မိန်းကို ကိုင်ထားသည့်လက်တွေက မချင့်မရဲ တုန်



www.burmeseclassic.com

www.burmeseclassic.com



ထင်လျက်...

"မင်းကို ငါ စကားကုန်ပြောပြီးသား၊ မင်းနဲ့ ထော်သက်ရင် မြတ်နိုးတာ၊ စွဲလမ်းတာ၊ ချစ်တာ၊ အဲဒါကလွဲပြီး ငါ့မှာ ဘာမှမရှိဘူး၊ ကကကို မယှဉ်ရဲလို့ ခိုးယူလာတာလည်း မဟုတ်ဘူး၊ ဒါဟာ ပြိုင်ဆိုင်သင့်တဲ့အရာမဟုတ်လို့ ဇာတ်သိမ်းတဲ့ အထိမစောင့်ချင်တာ၊ သူလှည့်ပြန်သွားရမှာစိုးလို့ နေခဲ့တော့လို့ ထားပစ်ခဲ့တာ၊ သူ့ကိုငဲ့ပြီး မင်းကို ခိုးပြေးလာတာ၊ ဒါပေမယ့် အဲဒါလည်း ပိုင်ဆိုင်ချင်လို့ပဲ၊ အထင်သေးတာတွေ၊ အနိုင်ကျင့်တာတွေ ဘာမှမပါဘူး၊ မင်း...ငါ့ကို ဒီထက် မစော်ကားနဲ့တော့မိန်း၊ မင်းရင်ထဲမှာ ဘာရှိလဲပြော၊ 'ကက' ကမှ မင်းကို အလိုလိုက်တယ်၊ အထင်ကြီးတယ်လို့ ထင်သလား၊ မင်းရင်ထဲ မှာ 'ကက' ရှိနေသလား"

မိန်းမျက်နှာလေးပြန်တင်းသွားသည်။

"အဲသလို ထင်ထားခဲ့ရင် ကိုကို မိန်းကို ဘာလို့ခိုးလာခဲ့သလဲ"

"ချစ်လို့ပေါ့၊ ငါ့ကိုပဲ မင်းချစ်မှာဆိုတဲ့ ယုံကြည်ချက်နဲ့ ခိုးလာတာ"

"မယုံနဲ့တော့၊ မချစ်ဘူး၊ ခုချပေးခဲ့"

"ဘာပြောတယ်"

မိန်းက တစ်ဖက်လှည့်၍ ကားတံခါးဖွင့်သည်။

သစ္စာမွန်စာပေ



အပေါ် မိန်းတစ်ကိုယ်လုံးကို မြောက်ခနဲ ဆွဲပွေ့လိုက်၏။

မိန်းက အတင်းရုန်းဖယ်နေကာ...

"ကိုကိုနော်... မိန်းကို မနမ်းနဲ့"

အပေါ် စိတ်တိုနေတာတွေ ပျောက်ကုန်လျက် မိန်းကို ကလေးပွေ့သလို ပွေ့ချီထားလိုက်သည်။

"တားရင် ပိုလုပ်ချင်တယ်ကွ"

"ဟင့်အင်း... လွှတ်"

"ငြိမ်ငြိမ်နေကွာ၊ မင်းကို အစက အရမ်းကြောက်တတ်တဲ့ ကောင်မလေးလို့မြင်ပြီး သနားလို့ အလိုလိုက်ခဲ့တာ၊ အခု မသနားတော့ဘူး၊ မင်းက ဂျစ်စရာရှိရင် တော်တော်ဂျစ်မယ့် အချဉ်လေးပဲ"

"ကိုကိုနော်... ဟင့်အင်း... သွား"

ရင်ခုန်သံများဟာ အနမ်းပွင့်လေးတွေ ဖြစ်ခဲ့သည်လား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း » ၃၈ «

"မျက်နှာလေးက ချစ်စရာကောင်းလွန်းလို့ မြင်မြင်ချင်းကိုပဲ မငြင်းနိုင်အောင် ဖြစ်သွားခဲ့တာ မသူရယ်၊ ပြီးတော့ သားကလည်း သူ့ကိုမှ လက်ထပ်ခွင့်မရရင် ထင်ရာလုပ်တော့မှာ၊ အဲဒါကြောင့် ကလေးက အုပ်ထိန်းသူတွေအကြောင်း မပြောပါနဲ့ဆိုတော့ ကိုယ်ပဲ သားရှင်၊ ကိုယ်ပဲ သမီးရှင်လုပ်ပြီး နှစ်ဖက်မိဘနေရာကနေ စေ့စပ်ပေးရတာပေါ့၊ လူကြီးသက်သေတွေကတော့ မစပယ်တို့နဲ့ ဦးလမင်းတို့တွေပေါ့နော်"

"ဒါနဲ့ ကောင်မလေးက ဆယ်တန်းကို ဂုဏ်ထူးနှစ်ခုနဲ့ အောင်ထားတာဆို"

"ဟုတ်တယ်လေ၊ သားက တစ်ခါတည်း လက်ထပ်ချင်တာ၊ ကျွန်မက နားလည်အောင် ပြောထားရတယ်၊ သမီးလေး ကျောင်းတက်ပစေဦးလို့၊ သမီးလေး ကျောင်းပြီးတာနဲ့ သူ့ ဆရာဝန်ဖြစ်မှာ အတော်ပဲလေ"

သစ္စာမွန်စာပေ



"ဟုတ်တာပေါ့"

"အခုစေ့စပ်ထားပြီး သမီးလေးကို ကျောင်းတက်ခိုင်းမယ်၊ ကျောင်းပြီးမှ ခမ်းခမ်းနားနား လက်ထပ်ပေးမှာ"

"အင်း… မိန်းကလေး အခြေနေမဲ့တာတောင် သဘောတူထားတယ်ဆိုတော့ ချွေးမလောင်းလေးက ခေမယ့်ရုပ်တော့ မဟုတ်လောက်ဘူး"

စတဲ့သူက စကြသည်။

ဒေါ်စန္ဒာက သဘောတကျရယ်လျက် ဦးပါနိုင်မျက်နှာကိုလည်း မလုံမလဲ လှမ်းကြည့်သေးကာ

"လှလိုက်တာမှ မိန်းကလေးချင်းမြင်ရင် မနာလိုဖြစ်ကြဦးမယ်"

"ဟုတ်ရဲ့လား"

"သြော်.. တဲ… လာလိမ့်မယ် တော်ကြာ"

"ကြည့်ရဦးမယ်"

"ဆံပင်ကြီးဆိုတာ ကောင်းလိုက်တာ ညိုမှောင်လုံးခဲပြီး ပေါင်လယ်ထိမယ်၊ မျက်နှာလေးက ထိရက်စရာကိုမရှိဘူး၊ ဒါကြောင့်လည်း သားက ချစ်နေတာကို မတားဆီးရက်တော့ဘဲ ခွင့်ပြုခဲ့တာပေါ့"

"မစန္ဒာတို့ကတော့ ချွေးမလောင်းကို ဘယ်လောက်များ ချစ်နေလဲ မသိဘူး"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မတင် ဘယ်ကမလဲ၊ သမီးမေရီကဆို သူ့ယောက်မအတွက် လိုအပ်သမျှ သူပဲလိုက်ဝယ်ခြမ်းနေတာ မမောနိုင်၊ မပန်းနိုင်''

နံဘေးမှာထိုင်နေသည့် ဒေါ်ရွှေစံပယ်က ခပ်ပြုံးပြုံးခေါင်းညိတ်ကာ

''သိပ်မကြွားနဲ့နော်၊ ဒီက သမီးရှင်တွေက အားငယ်နေပြီ''

''ဩော်... ဆောရီး၊ ဆောရီး''

ဦးပါနိုင်က ဇနီးဖြစ်သူကို ခပ်ချဉ်ချဉ်မျက်နှာနှင့် လှမ်းကြည့်သည်။

သူ့မိန်းမဖြစ်နေပုံက ရတနာထုပ်ကောက်ရတဲ့အတိုင်း...

''သိပ်လည်း ချစ်ပြမနေနဲ့ဦး၊ ချွေးမလောင်းက ဆိုးနေဦးမယ်''

''ဒါလည်း မပူဘူး မသူရေ၊ သမီးလေးက သိပ်ဖြူစင်တာ၊ ကျွန်မကိုလည်း သူ့အမေအတိုင်းပဲ၊ မိဘမရှိလို့လားမသိဘူး၊ တစ်အိမ်လုံးကို သိပ်ချစ်တာပဲ''

''ကောင်းပါ့၊ ကောင်းပါ့၊ မင်္ဂလာရှိတဲ့အချိန်မှာ မင်္ဂလာစကားတွေပါပဲ''

ဒေါ်သူရာက ပို၍ချမ်းမြေ့နေသည်။





အနားမှာရှိနေသည့် ဒေါ်ရွှေစံပယ်ကိုလည်း မျက်နှာပူသက်သာခဲ့ရပြီ။ သတင်းကြားလိုက်ကာစက သားက မိန်းမခိုးပြေးသည်ဆိုတော့ နှလုံးရောဂါရှိထားသည့် ဒေါ်ရွှေစံပယ်ကိုရော၊ ညီလာခကိုရော မျက်နှာချင်းမဆိုင်ရဲလောက်အောင်ဖြစ်ခဲ့ရသည်။

ခုတော့ အပေါ့ရဲ့မိန်းကလေးနဲ့ အထင်မှားကြတာမှန်းသိရကာ ဝမ်းသာနေမိတာ ပြောစရာမရှိ။

သားလေး ကလောကိုဆက်ထွက်သွားတာ တစ်ယောက်တည်းဆိုတော့ သွားပါစေ။ မိန်းမ မယူဘူးဆိုတာကိုပဲ ဝမ်းသာလို့ မဆုံးတာ။

စေ့စပ်တာတောင်မှ အပေါစေ့စပ်မှ၊ ကက စေ့စပ်မှဆိုတဲ့ နှစ်ယောက်ဟာ အပေါက မိန်းမခိုး၍ စေ့စပ်နေလျက်...

'ကက'က တစ်ယောက်တည်း လွှင့်ထွက်သွားတာ ဘာကြောင့်လဲဆိုတဲ့အထိကျတော့ ဒေါ်သူရာ မတွေးခဲ့ပါ။

စေ့စပ်ပွဲမှာ အားလုံးလူစုံနေကြပြီ။

စားပွဲရှည်ကြီးမှာ နေရာအပြည့်၊ လူအပြည့်...

''ကဲ... သတို့သားလောင်းနဲ့ သတို့သမီးလောင်းကို မခေါ်သေးဘူးလား၊ ဒီမှာ စိတ်ဝင်စားနေပြီနော်''

ဒေါ်ရွှေစံပယ်ကပြောတော့ ဒေါ်စန္ဒာက အသံကို လှမ်း မျှော်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



''လာပြီ မေမေရေ၊ လာပြီ''

မေရီစိုးအသံထွက်လာပြီးတစ်ပြိုင်နက် အပါနဲ့မိန်းတို့ထွက်လာကြသည်။

မိန်းရဲ့နောက်ယွန်းယွန်းလေးမှာ မေရီစိုး…

ဖြူစွတ်သော ဇာအဖြူဝမ်းဆက်နှင့် ဆံပင်တွေအားလုံးသိမ်းလှန်ကာ သဇင်ခက်တွေ ကွေ့ဝိုက်ပန်ထားသော မိန်းရဲ့မျက်နှာလေးကို လှမ်းမြင်လိုက်လျှင်…

''အို… သမီး၊ သမီးလေးပါပဲလား၊ မေမေထင်တဲ့အတိုင်းပါပဲလား''

လူတွေအားလုံး မိန်းရဲ့အလှဆီမှာ ငေးစိုက်နေကြဆဲ တိတ်ဆိတ်မှုကို ဖောက်ထွင်းကာ ဒေါ်ရွှေစံပယ် စကားသံနှင့်အတူ နေရာမှ တဖြည်းဖြည်း ထရပ်လာလေသည်။

အားလုံး ဒေါ်ရွှေစံပယ်ကို တအံ့တသြ ကြည့်ကုန်ကြသည်။

သူမပြောတာကို အားလုံးကြားသလို မိန်းလည်းကြားကာ နေရာမှာတင် တုံ့ခနဲ ရပ်သွားလေသည်။

''သမီး… မေမေ့သမီးငယ်လေး၊ မိန်းဆိုတဲ့ နာမည်လေးကြားကတည်းက မေမေ့သမီးလေးများလားလို့ ထင်ခဲ့သေးတာ၊ ဒီနာမည် မေမေပေးခဲ့တုန်းက မိန်းတစ်လုံးထဲမို့ သမီးအဖေနဲ့ အတိုက်အခံ ဖြစ်ရသေးတယ်၊ သိလား''





ဒေါ်ရွှေစံပယ်က လူတွေရှေ့က ကွေ့ပတ်ထွက်ကာ မိန်းတို့ရှေ့ကို ရောက်လာသည်။

''သမီးလေး''

စိန်တွေ တဖျပ်ဖျပ်လံက်ကာ ဝတ်ဆင်ထားသော ဒေါ်ရွှေစံပယ်ကို မိန်း ငေးစိုက်ကြည့်နေသည်။

ဒေါ်ရွှေစံပယ်သည် မိန်းလက်ကလေးကိုကိုင်ကာ အားလုံးဘက်သို့လှည့်၍

''ဒါ ကျွန်မသမီးအငယ်လေး မိန်းပါပဲရှင်၊ ညီလာခက အကြီး၊ သမီးလေးက အငယ်၊ သူ့ဖအေနဲ့ကျွန်မ စိတ်အခန့်မသင့်လို့ ကွဲကြတော့ သမီးလေးက သူ့အဖေနဲ့ ပါသွားတာ၊ ရှစ်နှစ်သမီးပဲ ရှိသေးတယ်''

ဒေါ်ရွှေစံပယ်က ပြောရင်း မျက်ရည်တွေကျလာကာ မိန်းရဲ့မျက်နှာလေးကို တယုတယ ပွတ်သပ်နေသည်။

မိန်းသည် အပေါ့လက်ကိုဖယ်ချကာ ဒေါ်ရွှေစံပယ်လက်တွေကို ပြန်ဆုပ်ကိုင်၍

''မေမေ… မိန်းရဲ့မေမေပေါ့နော်၊ မိန်းမှာ မေမေမေမေ ရှိသေးတယ်ပေါ့''

''အမလေး… ရှိပါသေးတယ် သမီးရယ်၊ သမီးမှာ အစ်မလည်း ရှိတယ်၊ သမီးအဖေဆုံးတော့ သမီး ဆယ့်သုံးနှစ်သမီးရှိပြီ၊ အဲဒီအရွယ်က ဓာတ်ပုံ မေမေ့မှာရှိတယ်၊ သမီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကြောင့် သမီးကို ဆင်းရဲတွင်းထဲမှာ နှစ်များစွာ မေမေ ပစ်ထားခဲ့ရတယ်၊ သူဆုံးပြီဆိုတော့လည်း သမီးကို ဘယ်သူ ခေါ်သွားမှန်း မသိခဲ့ဘူး၊ ဘယ်မှာမှ ရှာမတွေ့တော့ဘူး၊ နောက်ဆုံး ကျောင်းမှာ သွားစုံစမ်းတော့မှ သမီးရဲ့အောင် လက်မှတ်ထဲက ဓာတ်ပုံလေးကို မေမေ မြင်ခဲ့ရတယ်၊ သမီးလေးကို ခေါ်သွားတဲ့သူဟာ သမီးရဲ့ပညာရေးကိုတော့ ဂရုစိုက်ခဲ့ရှာသားပဲဆိုပြီး မေမေ ညတိုင်း ဘုရားရှိခိုးတိုင်း သူ့ကို မေတ္တာပို့ခဲ့တယ်''

''အဖွားမရှိတော့ဘူး မေမေ၊ သူရှိတုန်းက သမီးကို ဂရုစိုက်တယ်''

''အဲဒီအဖွားက သမီးရဲ့အဖေဘက်က ဆွေမျိုးလား''

''ဘာမှမတော်ဘူးလို့ ပြောတာပဲ မေမေ၊ ဖေဖေရယ်၊ အဖွားရယ်၊ သမီးရယ် အတူတူနေကြတာ၊ ဖေဖေဆုံးတော့ အဖွားရဲ့ သမီးနဲ့မြေးတွေ အိမ်မှာရောက်လာကြတယ်၊ ရှိသမျှ တွေ ဖြုန်းကြ၊ သုံးကြနဲ့ အဖွားကို ဒုက္ခပေးကြတယ်''

နောက်ပိုင်းအဖြစ်တချို့ကို မိန်းက လိုအပ်သလို ရှင်းပြ သွားသည်။

စကားပြောနေရင်း ဝမ်းသာဝမ်းနည်းသော မျက်ရည် တွေက မငိုပါဘဲ စီးကျနေကြသည်။

''မငိုနဲ့တော့ သမီး၊ မငိုနဲ့တော့၊ မေမေ့သမီးလေးက





သူတော်ကောင်းတွေနဲ့ချည်း တွေ့ခဲ့တာပါ၊ ခုလည်း မစန္ဒာတို့ ကျွန်မသမီးလေးကို အဆင့်အတန်းမခွဲဘဲ ကြည်ဖြူမြတ်နိုးခဲ့ ကြတယ်၊ သိပ်ကို ကျေးဇူးတင်လေးစားရပါတယ်ရှင်''

ဒေါ်ရွှေစံပယ်က သမီးလက်ကိုဆွဲကာ လူတွေရှိရာ ပြန်လှည့်သည်။

''ကျွန်မ နှလုံးရောဂါဖြစ်လောက်အောင် ခံစားခဲ့ရတာ ဒီသမီးလေး ပျောက်သွားလို့ပါရှင်''

''အံမယ်နော်... မရဘူး၊ ဒါ ကိုယ့်သမီးပဲ၊ မပေးနိုင် ဘူး''

''ဟုတ်တယ်၊ သူများကောက်ရထားတာ၊ ရေအဆုံး ကုန်းတစ်ဝက်ပဲ၊ သမီးတော်ခွင့်ပဲပေးမယ်၊ ပိုင်ခွင့်တော့မပေး နိုင်ပါဘူး''

မေရီစိုးကလည်း ရယ်သလို မောသလို ဝင်ပြော သည်။

ဒေါ်ရွှေစံပယ်က သားအမိကို တောင်းပန်နေသလို လိုက်ကြည့်ကာ

''မှန်ပါတယ်ရှင်၊ မှန်ပါတယ်၊ ဒါပေမယ့် ဟို... စေ့စပ်ပြီးရင်တော့ သမီးလေးကို ကျွန်မ ပြန်ခေါ်တော့ပါ ရစေ၊ သမီးလေးနဲ့ ကျွန်မ အတူနေပါရစေဦး၊ ကျောင်းပြီးတဲ့ အခါ လက်ထပ်တော့ မစန္ဒာတို့သမီးပါ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒာက ခပ်ဟက်ဟက်ရယ်သည်။

"ကျွန်မက ခင်လို့နောက်တာပါ မစံပယ်ရယ်၊ သမီးလေးက သူ့မိခင်ရင်းဆီကိုပဲ ပြန်ရမှာပေါ့၊ ဒီလိုပဲ ဖြစ်ရမှာပဲဟာ"

"ဟား… ဒီနေ့ တယ်မင်္ဂလာရှိပါလား၊ ကဲ ကဲ… ဧည့်စပ်ပွဲ စလိုက်ကြရအောင်"

"သမီးအကြီးလေးရော"

"ညီလာခလေ"

မေးကြတော့ ဒေါ်ရွှေစံပယ်က ပြုံးသည်။

"အဲဒီလူကို သွားခေါ်နေကြပြီ၊ ဟုတ်လား မေမေ၊ သမီး ရှက်တယ်၊ သမီး ဒီမှာမနေချင်ဘူး"

ဆိုကာ ခရီးထွက်သွားသည့် သမီးအကြောင်းကို ဘယ်လိုပြောရပါ့။

ဧည့်စပ်ပွဲအတွက် လက်ခုပ်သံတွေ ဆူညံသွားတဲ့ အထဲမှာ ဒေါ်ရွှေစံပယ် လက်ခုပ်သံက အသံကျယ်နေသည်။

ကိုယ့်သမီးလေး ဧည့်စပ်တဲ့ပွဲလေ။

* * *



## အခန်း ⏩ ၃၁ ⏪

"ဟော… သား၊ သမီး ဘုရားရှိခိုးနေတယ်ကွဲ့၊ ခဏလေးနော်"

ခဏဆိုတာကို တစ်ကမ္ဘာလောက် စောင့်လိုက်ရသည်ဟု ထင်၏။

မိန်းထွက်လာတော့ မြင်နေကျအတိုင်း ကျစ်ဆံမြီးလေး နှစ်ဖက်နှင့် နုံ့သာရောင်ဇာအထူ ခါးရှည်လေးကို ဝတ်ထားသည်။ မိန်းရဲ့အသားဝင်းဝင်းလေးက အင်္ကျီရောင်နဲ့ရောထွေးကာ ဝင်းဖက်နုအိနေသည်။

"ကိုကို… နေ့ခင်းကြောင်တောင်ကြီး ဘယ်ကိုလာတာလဲ"

"ခင်ဗျားဆီကိုလာတာမို့ ခင်ဗျားဆီ ရောက်လာတာပေါ့၊ အပြင်ခဏလိုက်ခဲ့၊ ပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



''ဒီမှာလည်း ဘယ်သူရှိလို့လဲ ကိုကိုရယ်၊ မေမေလည်း အပေါ်တက်သွားပြီ၊ ဒါမှမဟုတ် ခြံထဲမှာပြောလည်း ရတာပဲ''

''မပြောချင်ဘူး၊ ဘာလဲ… မင်းက မလိုက်ချင်လို့လား''

ရောက်လာကတည်းက သုန်မှုန်သောမျက်နှာနှင့် ရန်စကားတွေချည်း ပြောနေသော အပေါ့ကို မိန်းက မျက်မှောင်လေး ကုတ်ကြည့်သည်။

''မဟုတ်ပါဘူး ကိုကို၊ မိန်း မနက်ကမှ မေမေနဲ့ အပြင်ထွက်ထားသေးတယ်''

''အခု ကိုယ်ကခေါ်တာပဲ၊ အန့်တီက မလိုက်ရဘူး မှာထားလို့လား''

''မဟုတ်ပါဘူး ကိုကိုရယ်၊ မိန်း လိုက်ခဲ့ပါ့မယ်၊ ခဏလေးနော်… မေမေ့ကို သွားပြောလိုက်ဦးမယ်''

အပေါက နေရာမှထ၍ ကားပေါ်မှာ သွားထိုင်နေသည်။

မိန်းဆင်းလာတော့ တစ်ဖက်ကတံခါးကို လှမ်းဖွင့်ပေး၏။

''ကိုကို ဘာဖြစ်လာလဲဟင်၊ တစ်ယောက်ယောက်နဲ့ စကားများလာသလား''

''ဘယ်သူနဲ့မှမများဘူး၊ ကိုယ်နဲ့အလုပ်ရှုပ်ခံပြီး ရန်ဖြစ်





နေမယ့်သူလည်း အိမ်မှာမရှိဘူး''

ကားလေးက လမ်းမပေါ်ရောက်လျှင် သမိုင်းလမ်းဆုံဘက်ကို ဦးတည်မောင်းနှင်သွားလေသည်။

''ဒါဆို ကိုကိုက ဘာကိုမကျေနပ်ဖြစ်နေတာလဲ''

အပေါက ကားကို လမ်းဆုံတွေရှောင်မောင်း၍ အရှိန်မြှင့်လိုက်၏။

''ကိုကို''

''ဘာလဲ''

''ကိုကိုက မိန်းကို စိတ်ဆိုးနေတာလား''

အပေါက ခေါင်းခါ၍ ကားကိုသာ ဂရုစိုက်မောင်းနေသည်။ မိန်းက အပေါ့မျက်နှာကို မျက်လုံးလေးစောင်းကြည့်ကာ မဲ့မဲ့လေးပြုံးသည်။

မှန်ထဲက လှမ်းကြည့်လိုက်သည့်အပေါက မိန်းပြုံးနေတာကို မြင်သည်။ မိန်းကလည်း မှန်ထဲကို လှမ်းကြည့်တော့ မျက်လုံးချင်း ဆုံ၏။ အပေါက မိန်းဘက်ကို စောင်းငဲ့ကြည့်၍ ဟင်းခနဲ ရယ်၏။

''မိန်း''

''ဟင်… ပြောလေ''

''အဆင့်အတန်းမတူလို့ အားငယ်တာတွေ ရှိသေးလား''



www.burmeseclassic.com

www.burmeseclassic.com



“ရှိတာပဲ၊ ကိုကိုက ဆရာဝန်”

“တော်ပါကွာ၊ မေးတာကို ဖြေ”

“ဖြေပါ့မယ်၊ ကားကိုလည်း အရှိန်လျှော့ပါဦး၊ စကားလှည့်ပြောပြောနေပြီး ကားက တအားပြေးနေတာ မိန်းကြောက်တယ်”

“သေတော့လည်း နှစ်ယောက်ပဲကွာ၊ ဘာဖြစ်လဲ”

“ပြီးရော… ပြီးရော… ကဲ မေး”

“ကိုကို့ကို ချစ်လား”

“စေ့စပ်ထားပြီးပြီ ဟာကို”

“စေ့စပ်တာက လက်ထပ်မပြီးမချင်း မသေချာဘူး၊ မေးတာကို တည့်တည့်ဖြေစမ်းပါ”

မိန်းက ပြုံးစစလေး ငုံ့ကြည့်ကာ…

“ကိုကို ဘယ်လိုထင်လဲ”

“မိန်း ရှိမနေနဲ့ကွာ၊ ကိုယ်ထင်သလို ဆွဲယူလို့ တကယ်ရသလား”

“အင်း… ရတယ်”

“တကယ်လား”

“အင်း”

“ဒါဆို ချစ်တယ်နော်”

မိန်းက ရယ်၍ ခေါင်းလေး ဆတ်ခနဲ ညိတ်သည်။





“ဟား”

အပါက ခေါင်းမော့၍ ဟားခနဲ ရယ်ကာ…

“အိုကေ… ဒါဆို လစ်ပြီ”

“ဟင်… ဘယ်လို ကိုကို”

“ကိုယ် မင်းကို ခိုးပြေးပြီလေ၊ ပထမတစ်ခါ ခိုးပြေးတာ စေ့စပ်ခွင့်ပဲရတယ်၊ အခုခိုးပြေးတာက ချက်ချင်းလက်ထပ်ဖို့၊ မနက်ဖြန် တောင်ကြီးအရောက်မောင်းမယ်၊ နောက်နေ့ လက်ထပ်မယ်၊ ဟိုမှာ မင်္ဂလာဆောင်မယ်”

“ကိုကိုရယ်… မနောက်ပါနဲ့၊ လူကြီးတွေ အားလုံး စီစဉ်ပေးထားပြီးသားကို၊ မိန်း ကျောင်းတက်ရဦးမှာလေ”

“မတက်ရဘူးကွာ၊ အစက စီစဉ်တုန်းက ခင်ဗျားလေးကို ဒီက မျက်စိအောက်မှာထားပြီး ပို့မယ်၊ ကြိုမယ်၊ နေ့စဉ် ညစဉ်မြင်ရမယ်၊ ဖြစ်လာတာက ခင်ဗျားရဲ့မွေးသမိခင်ကြီးပေါ်လာပြီး ရင်ခွင်ထဲက ဆွဲထုတ်သွားတာ၊ တွေ့ချင်ရင် သွားခေါ်၊ ခွင့်တောင်း၊ ပြန်ပို့ထားခဲ့ပြီး ပြန်လာ”

“ဘာဖြစ်လဲ ကိုကိုရယ်၊ အဲဒါလည်း အမြဲတွေ့နေကြတာပဲဟာ”

“မလိုချင်ဘူး၊ ဒီက စိတ်ကထောင်းခနဲဆို လက်ကဘောင်းခနဲပဲ၊ အခု တောင်ကြီးကိုပဲသွားမှာ၊ ဟိုရောက်တာနဲ့ လက်ထပ်မယ်၊ ကျောင်းဆက်တက်မယ်ဆိုတက်၊ မတက်ချင်



www.burmeseclassic.com

www.burmeseclassic.com



တော့ရင်လည်း ကိုကို့နားမှာပဲနေ''

''ကိုကိုနော်''

မိန်း ကိုကို့လက်မောင်းကိုထု၍ ငိုမဲ့မဲ့ဖြစ်လာသည်။

''ကိုကို သိပ်အနိုင်ကျင့်တာပဲ၊ မိန်းသဘောနဲ့ ဘာမှ မဖြစ်ရဘူး၊ မိန်း မကျေနပ်ဘူး သိလား''

''ဟိတ်… မငိုနဲ့နော်၊ အငိုတိတ်အောင် မချော့တတ်ဘူး၊ မျက်ရည်တွေခြောက်သွားအောင် သုတ်ပေးရတယ်ဆိုရင် ခဏနေဦး၊ ကားရပ်ပြီးမှ ငို''

''ကိုကိုနော်… မိန်းကို ပြန်ပို့''

''မပို့ပါဘူး''

''ကိုကို တကယ်ပြောနေတာလား''

''အဟုတ်ပြောတာ၊ နောက်ခန်းထဲမှာ လှမ်းကြည့်လိုက်ပါလား၊ စားစရာတွေလည်းပါတယ်၊ ကားအတွက်ရော လူအတွက်ရော စီစဉ်လာခဲ့တာ''

''ဟင်''

နောက်နေသည်ပဲ ထင်ထားခဲ့သော မိန်း 'ဟင်' ခနဲဖြစ်ကာ ကားလေး ခေါ်ဆောင်သွားတဲ့အတိုင်း…။

* * *



## အခန်း ›› ၃၂ ‹‹

မြေထောက်တွေလည်း ညောင်းလာပြီ။ ခါးတွေပါ တောင့်တောင့်ကြီး ဖြစ်လာသည်။ အနားမှာပဲ ထိုင်ချလိုက်ဖို့က ဘာထုပ် ကြီးတွေ၊ ဘာတောင်းကြီးတွေ မသိသော ကုန်တွေက ကိုယ်ဝတ်ထားသည့် နုနုဖက်ဖက် အဆင်လေးတွေကို ချက်ချင်းစွန်းထင်းကုန်မှာပင်။

''ဒီမှာ… ဒီမှာ''

မျက်နှာပေါ်မှာ လျှာထိုးဦးထုပ်မှောက်ချကာ လက်ပိုက် အိပ်ငိုက်နေသူကို တို့တာကတော့ လက်နဲ့ပဲဖြစ်သည်။ သို့သော် ကိုယ့်ဒေါသနဲ့ကိုယ်မို့ တို့ချက်က ပြင်းသွားသည်။

ဦးထုပ်ကို ဖျတ်ခနဲဆွဲဖယ်၊ ကိုယ်ကိုမတ်လိုက်သော အောက်မှာ ပေါ်လာသည့်မျက်နှာက ဒေါသရောင်တွေထွက် လျှက်…

''ဘာလဲ… ဘာဖြစ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကို ရှင်းသန့်ချောမွေ့နေသော မျက်နှာဖြစ်သည်။ တစ်ခါမြင်ရုံနှင့် မှတ်မိသွားနိုင်လောက်သည့် ရုပ်မို့ ဒီမျက်နှာကို ညီလာခမြင်ကာ ခဏလေး စဉ်းစားလိုက်သည်နှင့် ချက်ချင်းမှတ်မိသွားသည်။

သူကလည်း ဒေါနမောမျှားနှင့် မော့ကြည့်လာကာ ညီလာခကိုမြင်တော့ ဆွံ့အအံ့ဩသလို ဖြစ်သွား၏။

သို့သော် နှစ်ယောက်လုံး မူလအသွင်များအတိုင်း ချက်ချင်းပြန်ပြောင်းပစ်ကာ···

''ဘာလဲ''

'ကက'က ခပ်ဆတ်ဆတ်မေးသည်။

မေ့နိုင်ပါ့မလား။ ကိုယ့်ကို အတော် ကသိကအောက်ဖြစ်အောင် ဒုက္ခပေးခဲ့တဲ့ ဟာလေး။

''ဟိုဘက်က အိတ်ကြီး ဖယ်ပေးစမ်းပါ''

''ဘာလုပ်ဖို့လဲ''

''ဒီမှာ ညောင်းလှပြီရှင့်၊ ထိုင်ချင်လို့ပေါ့''

''အံမာ''

'ကက'က အလှည့်ကျပြီမို့ ပြောချင်တာ ပါးစပ်ယားနေသော မျက်နှာနှင့်···

''ဘာဖြစ်လို့ ဖယ်ပေးရမှာလဲ၊ ဒါ ငါ့နေရာပဲ''

ညီလာခ မျက်နှာလေးတင်းသွားသည်။





''ရှင့်နေရာမှာဆိုလည်း အထုပ်ကြီးချထားမယ့်အစား လူတစ်ယောက်ထိုင်လို့ရရင် ပိုအဆင်ပြေတာပေါ့ရှင်''

''အဆင်ပြေချင်ရင် မင်း ခုံရအောင်ဝယ်ထားပေါ့ကွ၊ သူများ ချောင်ချောင်ချိချိထိုင်ချင်လို့ ခုံနှစ်လုံးတွဲဝယ်ထားတာ၊ မင်းက ဝေခြမ်းရေးလုပ်မနေပါနဲ့''

''ဒါပေမယ့် ဘေးမှာ မိန်းကလေးတွေမိုးတိုးမတ်တတ်နဲ့ ရှင်က ခုံလွတ်ကြီးမှာ ခြေဆန့်လက်ဆန့်နေလို့''

''ဟ··· အဲဒီလိုနေချင်လို့ ဝယ်ထားပါတယ်ဆိုမှ၊ နေပါဦး၊ ကားပေါ်မှာ မင်းတစ်ယောက်ပဲ မတ်တတ်နေတာ ငါတွေ့ပါလား၊ ဟိုမှာ သူများတွေ ရှိတဲ့နေရာမှာ ထိုင်နေကြတာပဲ''

အဝေးပြေးကားကြီးက ပြေးနေသည်။

ခုံတွေပြည့်နေသလို ကားထဲက ခုံမရှိသည့်နေရာမှာလည်း အထုပ်တွေ၊ တောင်းဘေွပေါ်မှာ ကြုံသလို ကျသလို ထိုင်နေကြတဲ့လူတွေ အများကြီး။

ညီလာခက ကားတစ်စီးလုံးကို ဝေ့ကြည့်သည်။

အားလုံးကလည်း သူမတို့ကို ကြည့်နေကြ၏။

'ကက'က ညီလာခ နှုတ်ခမ်းစူ မူတင်းသွားသည်ကို ကြည့်၍ ပြုံးလိုက်သည်။

''ဒီမှာ··· ရှင့်ခုံနေရာကို ညီလာ သုံးဆပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဘယ်ခယ်”

“အား”

‘ကက’က မျက်ခုံးကိုလည်းပင့်၊ ပခုံးကိုပါတွန့်၍ ဟက်ခနဲ ရယ်သည်။

“တယ်ဟုတ်ပါလား၊ ကလောထိ ထောင့်ငါးရာ သုံးဆဆိုတော့ လေးထောင့်ငါးရာ၊ အင်း… မဆိုးဘူး”

ပြော၍ ‘ကက’က ညီလာဆိုသည့် ကောင်မလေး တစ်ကိုယ်လုံးကို ဖျတ်ခနဲ ဝေ့ကြည့်သည်။ စကားဝါရောင် ကိုယ်ကျပ်လည်ဟိုက်လေးနှင့် လည်တိုင်မှာ ပလက်တီနမ်ကြိုး မျှင်မျှင်လေးကို စိန်လော့ကက်တပ်၍ ဆွဲထားသည်။

ဒီပုံစံနဲ့ ဒီပစ္စည်းတွေပေါ်မှာထိုင်ဖို့ အခက်အခဲဖြစ်နေ ပေမည်။ ပြောစရာစကားတွေ ပါးစပ်ထဲမှာပြည့်နေပေမယ့် မိန်းကလေးတစ်ယောက်အပေါ် အခါအခွင့်သင့်တုန်း အခွင့် ကောင်းယူကာ စကားနိုင်လုမပြောချင်သည်မို့…

“မင်း သိပ်ကိုထိုင်ချင်နေတယ်ဆိုရင်လည်း ထိုင်လေ၊ သုံးဆတော့ မပေးရပါဘူး၊ ထောင့်ငါးရာပဲပေး”

သူ ကျောပိုးအိတ်ကို အပေါ်တန်းပေါ် လှမ်းတင်နေ တုန်း ညီလာခက ထိုင်ပြီးနေပြီဖြစ်၏။

“ရှင် ဟိုဘက်နည်းနည်းတိုးပါဦး”

“ဟာ… ငါ့နေရာ ငါထိုင်နေတာပဲ၊ ဘယ်လိုလုပ်





ထပ်တိုးမလဲ”

ထိုင်ပြီးသည်နှင့် ညီလာခမျက်နှာက အထက်စီး ဆန်ဆန် ချက်ချင်းပြောင်းသွားသည်။

“ရှင်က ရှင့်နေရာ ရှင်ထိုင်တာပေမယ့် ရှင့်ကျောကင် ကြီးက ဘေးကို နေရာအများကြီးယူထားတာ မနည်းဘူး”

“မတတ်နိုင်ဘူး၊ ကျောကင်က တို့ဝတ်ထားတာ၊ မင်း အတွက်တော့ ချွတ်မပေးနိုင်ဘူး၊ မထိုင်တတ်ရင် အချိန်မရွေး ပြန်ထလို့ရတယ်”

“ဟင်း”

ညီလာခက သူ့ကို မျက်စောင်းထိုးကာ ဆတ်ခနဲ မျက်နှာလွှည့်ပစ်သည်။ ပခုံးထိဝဲနေသော ဆံပင်လေးတွေ ဝဲခါသွား၏။ ‘ကက’ မျက်လုံးပြန်မှိတ်လိုက်သော်လည်း ညီလာခမျက်နှာလေးကို မျက်လုံးထဲ စွဲထင်နေသည်။

မရိုးသားစိတ်နဲ့ မဟုတ်ပေ။

ညီလာဆိုသည့် မိန်းကလေးရဲ့ မျက်ခုံးထူထူလေး နှစ်ဖက်နှင့် မျက်တောင်ကော့ကော့လေးတွေ၊ ဝိုင်းနေသော မျက်နက်ဝန်းလေးကို သူ သတိရနေမိ၏။ ဒီမျက်ခုံး မျက်လုံး တွေက တစ်ယောက်ယောက်နဲ့ တူနေသည်။

ဟုတ်သည်… မိန်း… မိန်းနဲ့တူနေတာ… မိန်းမျက်ခုံး လေးတွေက သဘာဝအတိုင်း ထူထူနက်နက်လေးတွေ။



www.burmeseclassic.com

www.burmeseclassic.com



ညီလာကတော့ အနည်းငယ်မြူပြင်ထားသလို ခပ်သွယ်သွယ် လှလှမှပ၊ မျက်တောင်လေးတွေကလည်း ညီလာက ပိုကော့သည်။ ဒါလည်း ကိရိယာသုံးထားတာ ဖြစ်နိုင်သည်။

ဝင်းဖန့်နုစွတ်နေသည့် မိန်းရဲ့မျက်နှာလေးနဲ့ မိတ်ကပ်တွေနဲ့ ပန်းနုရောင်သမ်းနေသော ညီလာ့မျက်နှာ အတော်ကြီးဆင်နေတာကို သတိထားမိကာ မိန်းကို သတိတရဖြစ်ရလျက် ပြုံးလိုက်မိသည်။ သူ့အပြုံးဟာ မချိုပြုံးလား၊ ကျေနပ်ပြုံးလား။

မချိုပြုံးမဟုတ်ပေမဲ့ ကျေနပ်သည်တော့ ရှိပါ့မလား။

''ဒီမှာ''

''ဟင်''

မယ်မင်းကြီးမကိစ္စက မပြီးနိုင်ပါလား။

''ရော့… ပိုက်ဆံ''

''ဘာလုပ်ဖို့လဲ''

''ခုံဖိုးလေ''

တစ်ထောင်တန် ငါးရွက်။

''များလှချေလား''

''ညီလာ ရှင့်ကိုပြောထားတဲ့အတိုင်းလေ၊ သုံးဆ''

'ကက'က ညီလာ့ကို တည့်တည့်ကြည့်သည်။ အကြည့်ကို ပြန်မလွှဲသဖြင့် ညီလာ မျက်နှာလေး ပန်းရင့်ရောင် ပြေးသွားသည်။





''ရော့လေ''

''မလိုချင်ဘူး၊ ထောင့်ငါးရာပဲပေး''

''အို… မပေးနိုင်ပါဘူး၊ ပြောတဲ့အတိုင်းပဲ၊ ရော့ ယူ''

''တို့ကလည်း ပြောတဲ့အတိုင်းပဲ၊ သူများဆီက အပို မလိုချင်ဘူး''

''ရှင့်ကိုညီလာ ထောင့်ငါးရာ မပေးနိုင်ဘူး''

''တို့ကလည်း ပိုမလိုချင်တာ သေချာတယ်''

''ဟင်း''

မိန်းမလှမျက်စောင်းကို 'ကက' ကျောခိုင်းနေလိုက်သည်။ ကားက ထမင်းစားနားတော့ ထမင်းဆိုင်မှာ ဒီပြင်ကားတွေလည်း ပြည့်နေသလို စားပွဲအပြည့်၊ လူအပြည့်။

''ဟော… ဟိုအစ်ကိုလေးတို့စုံတွဲ ဒီကိုကြွပါခင်ဗျာ''

စားပွဲထိုးကောင်လေးက တလေးတစား လှမ်းခေါ်သည်။ နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ နှုတ်ခမ်းတစ်ချက်တွန့်ပြုံးရင်း 'ကက' အရင်ထွက်သွား၏။

ညီလာခ… နေရာမှာ မတ်တတ်လေးကျန်နေခဲ့သည်။

စုံတွဲဆိုတာကို အထင်မခံနိုင်၍ ဒီပြင်နေရာရွေးနေဖို့က ကားထွက်တော့မည်ဆိုလျှင် ထမင်းငတ်ဦးမည်။

'ကက' နောက်ကပဲ ညီလာ လျှောက်လိုက်ရတော့ကာ



www.burmeseclassic.com

www.burmeseclassic.com



အပွဲတစ်လုံးတည်းမှာ အတူတူထိုင်မိကြ၏။

စားပွဲက ကောင်တာနားက ကြားခုံမို့ ကျဉ်းကျဉ်း သေးသေးလေး။ နှစ်ယောက် မျက်နှာချင်းဆိုင် နီးနီးလေး ထိုင်ကာ ဘေးလူအထင်လွဲစရာပဲ ဖြစ်နေရကာ…

"ကဲ ကဲ… ဟော့… ဟိုဆရာလေးတို့ ဖိုးမောင်နဲ့ကို ဘာသုံးဆောင်မလဲ သွားမေးလေ"

"ဒီမှာ ဒီမှာ"

ညီလာခ သည်းမခံနိုင်တော့ပေ။ စားပွဲကို နှစ်ချက် သုံးချက်ပုတ်၍ လှမ်းအော်သည်။ ကောင်လေး သုတ်သုတ်နဲ့ ပြေး လာ၏။

"ပြောပါ မမ၊ ဘာသုံးဆောင်မလဲ"

"သုံးဆောင်တာ နောက်မှမေး၊ နင်တို့ တွဲလာတာမြင် တိုင်း စုံတွဲထင်ပြီး ရမ်းသမ်းပြောတဲ့ ပါးစပ်တွေကို အရင်ပိတ် ပါ၊ ဒါ ခရီးသွားတွေစားကြတဲ့ ထမင်းဆိုင်၊ ဘာတော်သလဲ၊ ဘာတွေလဲ မသိဘဲ စွတ်စွတ်မပြောပါနဲ့"

"ဗျာ… ဟုတ်… ဟုတ်ကဲ့ပါ ခင်ဗျာ၊ မသိလို့ပါ"

ညီလာခက ကောင်လေးကိုရော ပြုံးနေသည့် ကက ကိုပါ နှစ်ယောက်လုံးပါအောင် သိမ်းကျုံးမျက်စောင်းထိုးကာ ထမင်းဟင်းကို ဆောင့်ဆောင့်အောင့်အောင့် မှာသည်။

တော်တော်စွာပါလား… 'ကက' နှစ်ခေါင်းတစ်ချက်





ပွတ်၍ တစ်ဖက်လှည့်ရယ်သည်။

"ရှင်က ဘာရယ်တာလဲ"

"ဘာပဲရယ်ရယ်၊ မင်းကိစ္စမပါပါဘူး"

"ရှင် ညီလာ့ကို ရယ်တာမဟုတ်လား"

"ဟုတ်တယ်"

"အဲဒါ ရှင်ရိုင်းစိုင်းတာ၊ သူများစကားကို လှောင် သလို၊ ပြောင်သလိုနဲ့"

"ဘာကြောင့်ပဲရယ်ရယ်၊ မင်းမှာ ကန့်သတ်ခွင့်ရှိ လား"

"ဟင်… သိပ်မုန်းဖို့ကောင်းတဲ့လူ"

"သေချာမကြည့်လို့ပါ"

"ဘာပြောတယ်"

"ဟော့ တို့ကို ထမင်းဖြူတစ်ပွဲနဲ့ ငါးသလောက်ဥကြော်"

"ဟုတ်ကဲ့"

'ကက'က ထမင်းလှည့်မှာရင်း ညီလာကို ဂရုမစိုက်ဘဲ နေလိုက်သည်။ ရင်ထဲမှာ ရယ်ချင်တာရော၊ စွာတဲ့ ကောင်မ လေးကို စချင်နေတာရော… မဆိုးပါဘူး။

တစ်လမ်းလုံးတော့ ပျော်ရွှင်ရယ်မောဖွယ်လေးများ နှင့်… ဝါသနာပါရင် ရှင်ခုန်မိနိုင်သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⁍ ၃၃ ⁌

"ဟေး ညီလာ၊ ကြည့်စမ်း ဘယ်ကားနဲ့ပါလာတာလဲ"

သူ ကားပေါ်ရောက်နေပြီ။ ညီလာဆိုတာလေးကို ရှုးခနဲကြွားလိုက်ရသဖြင့် ကားပြတင်းပေါက်မှ အသာ ငုံ့ကြည့်လိုက်မိ၏။ညီလာက ကားပေါ်တက်မည့်ဆဲဆဲ…

ဆံပင်ကျောလောက်နှင့် ကောင်မလေးတစ်ယောက်က ညီလာ့နားကို ပြေးလာခေါ်ခြင်းဖြစ်သည်။

အတက်အဆင်းတံခါးနဲ့ ကပ်နေသည့်ခုံမှာ သူရှိနေတာမို့ ပြောသမျှကို အတိုင်းသား ကြားနေရသည်။

"ငါ ဒီကားနဲ့လေ"

"ကလော သွားမလို့လား"

"အေး… လက်မှတ်တောင်မရလို့ ကြုံသလိုလိုက်လာရတာ၊ စောစောကမှ ခုံရတယ်"

"ဟုတ်လား၊ ငါက အင်းလေးကိုသွားမှာ၊ နေပါဦး… နင် စေ့စပ်ပွဲပျက်သွားတယ်ဆို"

"ဟုတ်တယ်၊ အဲဒီအကြောင်းမပြောပါနဲ့ဟာ"





"မပြောလို့ဖြစ်မလားဟ၊ ငါတို့မခံချင်ဖြစ်နေကြတာ၊ နင်နဲ့ စေ့စပ်မယ်ဆိုတာ နာမည်ကြီးဖွားဖက်တော်နှစ်ယောက်လေ"

"အို… ဘယ့်နှယ့်စေ့စပ်တာ နှစ်ယောက်ပူးကြီးစေ့စပ်လို့ရမလား"

"ဩော်… နင်ကလည်း ငါက အဲသလိုပြောပါ့မလား၊ ဖွားဖက်တော်နှစ်ယောက်ဆိုတာ နာမည်ကြီးလွန်းလို့ နှစ်ယောက်လုံးကို ပြောတာ၊ တစ်ယောက်က အမ်စီက၊ တစ်ယောက်က အာအိုင်တီက၊ အမ်စီက ပါမောက္ခ၊ အာအိုင်တီက ကထိကတဲ့၊ နင်နဲ့စေ့စပ်မှာက 'ကထိက' မဟုတ်လား"

"ဟုတ်တယ်"

သောက်လက်စစီးရက်တိုကို လွှင့်ပစ်ဖို့ တံခါးပေါက်ဘက်ကို ရွေ့လိုက်မိပြီးမှ ကက ဖျတ်ခနဲ ကွယ်လိုက်ရသည်။

တိုက်ဆိုင်မှုက အံ့ဩဖွယ်ကောင်းလောက်အောင်ပါလား။ ညီလာခ… ဟုတ်သားပဲ… ဒီနာမည်ကို သိတာပေါ့။

"ညီလာခကို သား မမြင်သေးလို့ပါကွယ်"

မေမေ့စကားသံကို ပြန်လည်ကြားယောင်လာ၏။

"နင် အဲဒီနှစ်ယောက်ကို မသိဘူးလား"

"မသိပါဘူး၊ နှစ်ယောက်ကိုမပြောနဲ့၊ စေ့စပ်မယ်ဆိုတဲ့ ပုဂ္ဂိုလ်ကိုတောင် မမြင်ဖူးဘူး"

www.burmeseclassic.com



''အဲဒီကောင်တွေက တကယ့်ဘဝင်ရူးတွေသိလား၊ နှစ်ယောက်လုံးကို ငါသိတယ်၊ နှစ်ယောက်လုံးချောတယ်၊ ပါမောက္ခ ဆိုတဲ့တစ်ယောက်က ပိုမိုတယ်၊ စေ့စပ်တော့လည်း နှစ်ယောက် ပြိုင်တူပဲ၊ ထွက်သွားကြတာလည်း သူတို့အတူတူ ပဲတဲ့၊ နင့်လိုပဲပေါ့၊ ရဲသဇ္ဇာဆိုတဲ့တစ်ယောက်လည်း ဆတ်ဆတ် ခါ ကျန်ခဲ့တာပဲ၊ ဒါပေမယ့် မခံချင်လို့ ဒင်းထက်သာတာ ကောက်ယူပစ်မယ်ဆိုတော့လည်း ရုပ်ရည်အရွယ်၊ ပညာ၊ ဥစ္စာ ပြည့်စုံနေတာက ရုတ်တရက် ရှားနေတော့ ရဲသဇ္ဇာက နိုင်ငံခြား ထွက်သွားတယ်''

''ငါကတော့ မေမေ့ကိုထားခဲ့လို့မရဘူး အေးရယ်၊ မေမေ့မှာ နှလုံးရောဂါရှိတယ်၊ ပြီးတော့ ညီမလေးပျောက်သွား တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အရှမ်းခံစားနေရတဲ့အချိန်မှာ ငါ မေမေ့ကို စိတ်ဒုက္ခထပ်မပေးရက်ဘူး၊ ဒါပေမယ့် မေမေ ကိုယ်တိုင်လည်း တော်တော် စိတ်မကောင်းဖြစ်သွားရှာပါတယ်၊ နောက်ထပ်ပြီး ငါ့အိမ်ထောင်ရေးကို သူ မစီမံတော့ဘူး၊ သမီးစိတ်ချမ်းသာသလို လုပ်ပါတဲ့၊ ငါ့ကို ကတိပေးရှာတယ်''

''ခု နင်ဘယ်သွားမလို့လဲ''

''အဲဒီပုဂ္ဂိုလ် ရန်ကုန်ပြန်လာတော့မယ် ကြားလို့လေ၊ သူ့နာမည်ကြားတာနဲ့တင် ငါ ရှက်လွန်းလို့သေနိုင်တယ်၊ ဒေါသလည်း ထွက်တယ်၊ မုန်းလည်း အရှမ်းမုန်းတယ်၊





ဒီတစ်ခါတော့ ငါ မေမေ့ကို တောင်းပန်ပြီး ထွက်ကိုလာခဲ့တော့ တယ်ဟာ၊ တကယ်ဆို ရဲသဇ္ဇာလိုပဲ ငါ သူ့ထက်သာတာ ရှာယူချင်ယူ၊ မယူချင်ရင် နိုင်ငံခြားထွက်သွားရမှာ၊ ယောကျ်ား ဖြစ်ပြီး မိန်းကလေးဘက်ကို တစ်ချက်မှငဲ့မကြည့်ဘူး''

''အေးလေ… ဒါပေမယ့်ဟာ နင်က သူ့ကိုမြင်ဖူးပြီး ကြိုက်လို့လက်ခံခဲ့တာမှ မဟုတ်တာ၊ ရှက်ဖို့မလိုပါဘူး၊ ရဲသဇ္ဇာ က ပါမောက္ခကို ကျောင်းမှာကတည်းက သဘောကျခဲ့တာဟ၊ သူရှက်တာက သဘာဝကျတယ်''

''ကျကျ မကျကျ ယောကျ်ားလေးဘက်က အငြင်းခံ ရတာကိုက ရှက်ဖို့ကောင်းနေပြီ၊ ခုဟာက သူက ထွက်ပြေး သွားတာဟ၊ ဘယ်လောက်လဲရှုံးသဖို့ကောင်းသလဲ''

''ကားနံပါတ် (….)က ကလောကိုသွားမယ့် ခရီးသည်များ ကားထွက်ပါတော့မယ်''

''ကားနံပါတ် (….)က …''

နှုတ်ခမ်းနားကို လက်နဲ့ကာ၍ ကားစပယ်ယာက ပတ်ဝန်းကျင်ကြားအောင် လှည့်ပတ်အော်နေသည်။

''ကားထွက်တော့မယ် အေးရယ်၊ ငါသွားမယ်နော်''

''အေး အေး… ငါတောင် အခု အခါမတိုင်ခင် လက်ထပ်တော့မှာ''

''ဟုတ်လား၊ ငါ့ကို မဖိတ်နဲ့တော့နော်၊ ငါက သွား



www.burmeseclassic.com

www.burmeseclassic.com



ချင်ရာ သွားနေမှာမို့လို့''

''အေးပါ၊ ရန်ကုန်ပြန်ရောက်ရင်တော့ ငါ့ဆီ ဖုန်းဆက်ဦးနော် ''

''အင်း အင်း··· သွားမယ်နော်''

''အေး··· ဘိုင့်''

ညီလာခ ကားပေါ်စတက်လာကတည်းက ညီလာခ မျက်နှာကို ကက လိုက်ကြည့်နေမိသည်။ သူလုပ်ခဲ့သည့် လုပ်ရပ်ဟာ တစ်ဖက်မိသားစုထဲမှာ ဒီလောက်ထိ ထိခိုက်ခံစားစေခဲ့မှန်း မသိခဲ့ပါ။ ဒါဆို သူ့မှာ အပြစ်ရှိခဲ့ပြီလား···

''အား''

ခြေထောက်ကို ဆတ်ခနဲဆွဲဖယ်ကာ ကက မျက်နှာရှုံ့မဲ့သွားသည်။ အော်သံကြီးကကျယ်လောင်သွားသည်မို့ တက်လာသူ၊ မထိုင်ရသေးသူများနှင့် မိုးတိုးမတ်တတ်ရှိနေကြသော ခရီးသည်တွေ သူတို့နှစ်ယောက်ကို လှမ်းကြည့်လာကြသည်။

''ဘာဖြစ်တာလဲ ရှင့်အသံပြဲကြီးနဲ့''

''မင်းဒေါက်ဖိနပ်ကြီးနဲ့ တက်နင်းတာလေ''

''လူလာနေတာမြင်သားနဲ့ ရှင် ငုတ်တုတ်မေ့နေတာကိုး၊ မတော်လို့နင်းမိတာပေါ့''

နာတဲ့လူက နာနေတာတောင် သူမကပဲ ပြောဆိုမာန်မဲပြီး ခဆောင့်အောင့်ထိုင်လိုက်သေးသည်။





''ညီလာခ''

''အံမယ်''

အံ့သြဒေါသထွက်သော မျက်လုံးများ ဒိုင်းခနဲ ပြေးဝင်လာသည်။

''ရှင်က သူများနာမည် ဘယ်လိုလုပ်သိသွားရတာလဲ''

''ဘယ်လိုသိသိ၊ မင်းအလုပ်မဟုတ်ပါဘူး၊ မင်း ငါ့ကို တင်နေတာ အကြွေးတွေများနေပြီ''

''ဘာပြောတယ်''

''ထောင့်ငါးရာရယ်၊ တက်နင်းလိုက်တာရယ်''

''တက်နင်းတာက တမင်နင်းတာမှ မဟုတ်တာ၊ ထောင့်ငါးရာက အကြွေ မရှိဘူး''

''ကြိုက်တာပေး၊ ပြန်အမ်းမယ်၊ တစ်ပြားမှပိုမယူဘူး''

ကားက တအိအိ နောက်ဆုတ်၍ လမ်းမပေါ် ပြန်တက်လေသည်။ အရှိန်မှန် စပြေးသည်နှင့် ညီလာခဆံပင်လေးတွေ လွင့်ဝဲလှုပ်ရှားသွားလေသည်။

ညီလာခက သူ့ကို တစ်ထောင်တန်နှစ်ရွက် ထုတ်ပေးသည်။ 'ကက' ညီလာခကို ခပ်စူးစူးကြည့်နေရင်း အိတ်ထဲက ငါးရာတန်တစ်ရွက် ထုတ်ယူလိုက်သည်။

''ညီလာခ''

'ကက'က ညီလာခကိုကြည့်ရင်း လေးနက်ခြင်းများနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးခေါ်သည်။

"မင်းအတွက် 'ကထိက' ဆိုတဲ့တစ်ယောက်ထက် သာတဲ့ လူတစ်ယောက် အရေးတကြီးလိုအပ်မယ်ဆိုရင် ကိုယ့်ကို စိတ်ကူးကြည့်ပါလား"

"ဟင်... ဘာ... ဘာပြောတယ်၊ ရှင်..."

"သူနဲ့မင်း စေ့စပ်ဖြစ်ခဲ့ရင်တောင် အဲဒီတုန်းကဆို သူ့မှာ မင်းအတွက် အချစ်ရှိမှာမဟုတ်ဘူး"

"ကြည့်စမ်း"

'ကက' က လွန်စွာကြည့်ကောင်းသော အပြုံးမျိုးနှင့် နှုတ်ခမ်းတွန့်ရုံလေး ပြုံးသည်။

ညီလာခနှုတ်ဖျားမှ မည်သည့်စကားမှ ထွက်မလာနိုင်လောက်အောင် ညို့ဆွဲဖူးရဲသော မျက်ဝန်းများနှင့်စိုက်ကြည့်ကာ

"ကိုယ့်မှာ မင်းအတွက် အချစ်တွေရှိတယ်"

"ရှင်... ရှင်... ပါးစပ်သရမ်းလှချေလားဟင်၊ ရှင်ဘယ်သူလဲ"

"ကထိကထက် သာတဲ့လူ"

ညီလာခ သူ့မျက်နှာကို မျက်လုံးပြူးလေးနှင့် ငေးကြည့်နေရင်း...

"ဟင်... သမီးလေးရောက်လာပြီ"

"သား... သားကက ခုနကပဲ ရှိသေးတာ"





"အပြင်ထွက်သွားတာ မြင်လိုက်တယ်"

ကထိကနဲ့ စေ့စပ်မယ့်နေ့က အဖြစ်တွေ။

စေ့စပ်ပွဲက ယောက်ျားလေးအိမ်မှာရော မိန်းကလေးအိမ်မှာပါလုပ်ဖို့ စီစဉ်ထားခဲ့ကြတာ ဖြစ်သည်။

"ဒီမှာ ရှင် ဘာလုပ်နေတာလဲ"

"တို့ကို တစ်နေရာလိုက်ပို့ပေးပါလား"

"မပို့နိုင်ဘူး"

သူတို့ရဲ့လမ်းထိပ်မှာပဲ သူမ အိမ်နံပါတ်မေ့သွားလို့ ရှာနေတုန်း ကားနားမှာ ပုန်းကွယ်နေသည့်သူ...

ဒီမျက်နှာကြီးပါ၊ ဟုတ်တယ်။ အားလုံး ကွင်းကွင်းကွက်ကွက် ပြန်မြင်ကာ ဆက်စပ်တွေးနေမိရင်း သူမကိုသိနေသော ဒီရုပ်နဲ့လူဟာ...

"ရှင်... ရှင်... ကထိကလား"

ညီလာခမျက်နှာလေး တဖြည်းဖြည်း အေးစက်တင်းမာလာလျက်... 'ကက' က လျှော့လျဲသော အပြုံးနှင့်...

"ရော့"

ငါးရာတန်လေးကို ညီလာခလက်ထဲ ထည့်ပေးလိုက်ပြီး

"မင်းပေးတဲ့ထောင့်ငါးရာ ကိုယ် ရထားပြီးပြီ"

"ဒီမှာ... ရှင် ဘယ်သူလဲ၊ ပြောစမ်းပါ ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကထိက မဟုတ်လား"

"မဟုတ်ဘူး၊ ကိုယ့်ရင်ထဲမှာ မင်းအတွက် ဘာဥပေက္ခာမှ မရှိဘူး"

ဝန်ခံခြင်းမရှိဘဲ…

"မင်းနဲ့ကိုယ် အတူသွားမှာပဲ၊ ခရီးဆုံးတော့ မင်းသိမှာပါ"

သူ ဘာတွေပြောနေတာလဲ။ ကထိကဆိုတာ ဘာဖြစ်လို့ ဝန်မခံတာလဲ… သူ မဟုတ်လို့လား။

ဒေါသဖြစ်ချင်နေတာတွေ၊ နာကြည်းတဲ့စကားလုံးတွေ သူက ဝန်မခံတော့ သူမဘက်က ဘာမှတိုက်ခိုက်ပစ်ပေါက်ခွင့်မရ။ ညီလာခ ကြိတ်မနိုင် ခဲမရနှင့် ရူးရူးရဲရဲ စိုက်ကြည့်နေဆဲ… ဖျတ်ခနဲ စောင်းငဲ့ကြည့်လိုက်သော မျက်နှာသည် ရှင်းသန့်ချောမွေ့နေသည်ကိုမြင်နေရင်း သေချာတာတစ်ခုကို သိလိုက်၏။ ကထိက… ရှင်… ဟင့်…

ညီလာခက 'ရှင်ဝန်မခံလည်းသိတယ်' ဆိုသည့် အပြောကို မျက်ဝန်းများနှင့်ဆိုကာ မဲ့ပစ်လိုက်သည်။

'ကက' က လှစ်ခနဲ ပြုံး၏။ ညီလာခ တစ်ဖက်လှည့်ပစ်လိုက်ရင်း… ရှင့်ကို သိပ်မုန်းတယ် ကထိက…

ဆက်လက်ကြိုးစားပါဦးမည်။

သျှင်မ

သစ္စာမွန်စာပေ

BURMESE CLASSIC

www.burmeseclassic.com